


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၀၃၁၀၁၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် –

ထုတ်ဝေသူ – ဦးဝင်းသူရလွင်
(အိပ်မက်အသစ်စာပေ)
၃၈ (၃ လွှာ)၊ ၁၅၃–လမ်း၊
တာမွေမြို့နယ်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် – ဦးဇော်မြင့်ဝင်း
(ကာလာဇုန်ပုံနှိပ်တိုက်)
၁၈၄ (ဘီ)၊ ၃၁ လမ်း (အထက်)
ပန်းဘဲတန်းမြို့နယ်။

မျက်နှာဖုံးဒီဇိုင်း – Ye' Wint Kyaw

ပုံနှိပ်ခြင်း – ပထမအကြိမ်
ဖေဖော်ဝါရီလ၊ ၂၀၁၂ ခုနှစ်

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၂၀၀၀

၈၉၅ ․ ၈၃
သတိုးတေဇ
တောက်တဲ့ (၉) ကြိမ်
သတိုးတေဇ ။ – ရန်ကုန်၊
အိပ်မက်အသစ် ၊ ၂၀၁၂။
၁၄၉ – စာ၊ ၁၂.၂ × ၁၈.၁ စင်တီမီတာ။
(၁) တောက်တဲ့ (၉) ကြိမ်

[illegible]အသစ် မှ ထွက်ရှိပြီး စာအုပ်များ

www.burmeseclassic.com

၁၈။ [illegible] — မင်းခိုက်စိုးစန် [illegible]

| | | |
|---|---|---|
| ၁၉။ | ငှက်စိုးတွန်ရာမြို့ | သတိုးတေဇ |
| ၂၀။ | ဆောင်းနေသူ | သတိုးတေဇ |
| ၂၁။ | ညည့်နက်သန်းခေါင်ခွေးတစ်ဟောင် | သတိုးတေဇ |
| ၂၂။ | စွဲလမ်းခြင်းခရီးသည် | သတိုးတေဇ |
| ၂၃။ | အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ | ဝေမှုံးသွင် |
| ၂၄။ | ချစ်သူရွာ | လူနေ |
| ၂၅။ | ညည်းတွားရှိုက်တဲ့ ဖုံသံ | သတိုးတေဇ |
| ၂၆။ | ဦးချင်ကြီး | ဒီပ္ပကျော်စွာ |
| ၂၇။ | ဖန်းဝင်း | ဝေမှုံးသွင် |
| ၂၈။ | ဆေးရယ် | လူနေ |
| ၂၉။ | ကလေးအတွေး Essay | မင်းခိုက်စိုးစန် |
| ၃၀။ | ကိန္နရာပြည်သို့ အလည်ရောက်သူ | ဒီပ္ပကျော်စွာ |
| ၃၁။ | ဘာဆိုလားပဲ | လူနေ |
| ၃၂။ | ခေါင်းညိတ်ပြေးတဲ့ အရိပ်ကလေး | ဝေမှုံးသွင် |
| ၃၃။ | ထိမ်ပြာခဲ့တဲ့ည | ဒဿကျော်စွာ |
| ၃၄။ | စေညွှန်ရာကံကြမ္မာဆိုး | သတိုးတေဇ |
| ၃၅။ | 25 | လူနေ |
| ၃၆။ | မိစ္ဆာမျက်ရည် | ဇဝလကျော် |
| ၃၇။ | နှင်းဆီရောင်မှန်တိုင်း | ဝေမှုံးသွင် |
| ၃၈။ | အလင်းအမှောင်ကကြိုး | ဝေမှုံးသွင် |
| ၃၉။ | မိုနိုဝိုလီ | လူနေ |
| ၄၀။ | ဆင်ဝင်စားတဲ့လူ | ဒဏ္ဍကျော်စွာ |
| ၄၁။ | လမိုက်ညခေါ်သံ | ဒဿကျော်စွာ |
| ၄၂။ | သွေးမကွတ်ရှင် | ဒဏ္ဍကျော်စွာ |
| ၄၃။ | အရိုးမြစ် | လူနေ |
| ၄၄။ | နတ်သမီးအဆောင် | လူနေ |
| ၄၅။ | ဇိဘာတ်ကြမ္မာ | ဒဿကျော်စွာ |
| ၄၆။ | ဘုတာကြီး | လူနေ |
| ၄၇။ | သက်ပျောက်သစ်ပင် | ဒဿကျော်စွာ |
| ၄၈။ | စွယ်နီဆင်ရိုင်း | သတိုးတေဇ |
| ၄၉။ | နဂါးစိတ္တင်းခရီးသည် | ဒဏ္ဍကျော်စွာ |
| ၅၀။ | တတိယမျက်လုံးရှင် | ဒဿကျော်စွာ |
| ၅၁။ | ပါဆယ် | လူနေ |
| ၅၂။ | ပေါင်း…ပေါင်း…ခြေတစ်ချောင်း | သတိုးတေဇ |
| ၅၃။ | မဈေးမဟုတ် | ဒဿကျော်စွာ |
| ၅၄။ | သရဲကျွမ်း | ဒဿကျော်စွာ |
| ၅၅။ | မိုးမရွာရွာ | လူနေ |
| ၅၆။ | ခြေကလိစိမ မယ်ကာက | ဒဿကျော်စွာ |
| ၅၇။ | သမီးရည်းစားအဘိဓာန် | လူနေ |
| ၅၈။ | မြို့တစ်မြို့ | လူနေ |
| ၅၉။ | သန်းခေါင်ယံညည်းသံ | ဒဿကျော်စွာ |
| ၆၀။ | ဘီဆိုဆိုကာ | လူနေ |
| ၆၁။ | သွေးနီမိတ်ကျောက်တိုင် | ဒဿကျော်စွာ |
| ၆၂။ | တစ္ဆေသိုလ် ၆ ခု | လူနေ |
| ၆၃။ | နေ့/ည ၂၄ နာရီကာဗီး | လူနေ/မျှားသူ |
| ၆၄။ | မြေကြွမ်း | ဒဿကျော်စွာ |
| ၆၅။ | ဆက်မမက်ရဲတဲ့ အိပ်မက်ဟောင်း | သတိုးတေဇ |
| ၆၆။ | ကျားနိုင်ငံစိမ္မာ | ဒဏ္ဍကျော်စွာ |
| ၆၇။ | ရေ့ဗ္ဗစတိုရီ | မင်းလူ၊ လူနေ၊ မိုးစက်ဖိုင်၊ မျှားသူ |
| ၆၈။ | ကမ္ဘာ့သရဲတစ္ဆေဝတ္ထုတိုများ | မင်းခိုက်စိုးစန် |
| ၆၉။ | ရည်းစားထားတဲ့ဂိမ်း | လူနေ |
| ၇၀။ | နမ်းနမ်းစပ်ဆောင်းကောင် | မင်းခိုက်စိုးစန်၊ မျှားသူ |
| ၇၁။ | ဆုတောင်းပြည့်မြေဆိပ် | သတိုးတေဇ |
| ၇၂။ | တမလွန်ချစ်သူ | သတိုးတေဇ |
| ၇၃။ | ရုံ့ရဲ့ကိုယ်ရောင်ကိုယ်ဝါ | မျှားသူ |
| ၇၄။ | *တောက်တဲ့ (၉) ကြိမ်* | သတိုးတေဇ |

***<u>ဆက်လက်ထွက်ရှိမည့် စာအုပ်များ</u>***

www.burmeseclassic.com

Eainmakathit presents

# သတိုးတေဇ

[illegible] [၉] ကြိမ်

Eainmakathit

38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.

095112428, 551403

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"တောက်...တဲ့"

"တောက်...တဲ့"

နေခင်းကြောင်တောင် ဝမ်းခေါင်းသံကြီးနှင့် အဆက်မပြတ် အော်နေသည့် တောက်တဲ့အော်သံကြီးက ဒဟတ်ကုန်းရွာအစွန်းရှိ နှစ်ထပ် အိမ်မြင့်မြင့်ကြီးဆီမှ ကျယ်ကျယ်လောင်လောင် ကြားနေရ၏။

ရွာအစွန်ဟုဆိုသော်လည်း ထိုနှစ်ထပ်အိမ်မြင့်မြင့်ကြီးက ဒဟတ်ကုန်းရွာနှင့် တစ်ဆက်တည်း ရှိနေခြင်းမဟုတ်။ အိမ်ခြေ နှစ်ဆယ်ခန့်ရှိသော ရွာတန်းနှင့် တစ်ခေါ်စာလောက် ကွာဝေးသော နေရာတွင် သီးခြားရှိနေခြင်းသာ။

ထိုအိမ်မြင့်မြင့်ကြီးအတွင်းမှာတော့ အသက်ခြောက်ဆယ်

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင် ဇနီးမောင်နှံနှစ်ဦးတို့မှာ သားထောက်သမီးခံဟူ၍လည်းမရှိ၊ ပတ်ဝန်းကျင်နှင့်လည်း အဆက်အဆံမလုပ်ကြဘဲ တစ်သီးတစ်ခြားနှင့် နေလာခဲ့ကြသည်မှာ နှစ်ပင်အတော်ကြာလာခဲ့ချေပြီ။

သို့သော်…

ဒဟတ်ကုန်းရွာသားတွေကတော့ သူတို့တစ်ရွာလုံးနှင့် အဆက်အဆံမလုပ်ဘဲ တစ်သီးတစ်ခြား နေလာခဲ့သည့် ထိုအိမ်ကြီးဆီမှ နေ့စဉ်လိုလို ကြားနေရသည့် ဂါထာရွတ်သံ၊ ဥုံခံပြီး မန်းသံမှုတ်သံတွေနှင့် ရပ်ဝေးမှ ညအိပ်ညနေ ဆေးလာကုဟန်တူသူတွေကို တစ်ခါတစ်ရံ တွေ့နေရသဖြင့် အိမ်ရှင်ဇနီးမောင်နှံကို အားလုံးက ဆေးဆရာ ဗိန္ဓောဆရာဟုသာ တစ်ညီတစ်ညွတ်တည်း သတ်မှတ်ထားကြ၏။

ဒါ့အပြင်…

ထိုဆေးဆရာဇနီးမောင်နှံတို့ကိုလည်း အမည်နာမ တစ်စုံတစ်ရာမသိကြဘဲ ဦးဆရာနှင့်ဒေါ်ဆရာမဟူ၍သာ ဒဟတ်ကုန်းရွာသားတွေက သူတို့ဘာသာ အမည်ပေးထားကြသည်။ အချို့ကလည်း အခုအချိန်ထိ ထိုအိမ်မြင့်မြင့်ကြီးအတွင်းမှာ အားကိုးမရှိ အိုကြီးအိုမနှင့် နေထိုင်နေကြသည့် ဆေးဆရာလင်မယားကို အထူးအဆန်းသဖွယ် အံ့အားသင့်၍ နေကြလေသည်။

ထိုသို့သော အခြေအနေမှာပင်…

ဒဟတ်ကုန်းရွာလမ်းမပေါ်မှ အော်သံဟစ်သံတွေနှင့်အတူ



ပြေးသံလွှားသံတွေက ရုတ်တရက် ကျယ်ကျယ်ညံညံထွက်ပေါ်လာ၏။

"အမယ်လေး လုပ်ကြပါအုံး၊ ကျွန်မသားလေးတော့ ရေတိမ်နစ်နေပြီထင်ပါရဲ့…ကိုစံညွန့်ရေ"

ရွာလမ်းမပေါ်မှာ ကလေးငယ်ကို ချီပိုးရင်း ဖိုသီဖတ်သီနှင့် ပြေးလွှားနေသည့် မဒေါင်း၏ အော်သံကြောင့် ယောက်ျားဖြစ်သူ ကိုစံညွန့်ရော အနီးအနားဝန်းကျင်မှ ရွာသားများပါ အထိတ်တလန့်တွေ ဖြစ်ကုန်ကြ၏။

ကိုစံညွန့်နှင့် မဒေါင်းတို့၏သားလေး ဖိုးလုံးက အခုမှ အခါလည်ပင်မရှိသေး၊ မဒေါင်းပခုံးပေါ်မှ သတိလစ်မေ့မြောလျက် ဖြူဖတ်ဖြူလျော်နှင့် ပျော့ခွေညွတ်ကျ၍နေပေပြီ။

ကိုစံညွန့်မှာလည်း သူ့ပခုံးပေါ်မှာထမ်းလာသည့် မြက်ထမ်းခြင်းကို ကပျာကယာပစ်ချကာ…

"ဟဲ့…ဟဲ့ မဒေါင်း ကလေး ကလေး ဘာဖြစ်လို့လဲဟ"

"လုပ်ပါအုံး ကိုစံညွန့်ရယ်၊ ကျုပ်လည်း၊ ဘယ်လိုဖြစ်တယ် မသိဘူး၊ ကလေးက ငိုရင်းနဲ့ တက်သွားတာပဲ၊ သားရေ သားလေး ဖိုးလုံး အမယ်လေး လုပ်ကြပါအုံး"

ငိုသံပါကြီးနှင့် ပခုံးပေါ်မှကလေးကို တဆစ်ဆစ်ပွေ့ပိုက်ခါနေသော မဒေါင်းမှာ အရူးတစ်ယောက် လိုဖြစ်နေ၏။ ကိုစံညွန့်မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ၊ မဒေါင်းပန်းပေါ်မှာ တက်နေသော ကလေး၏ ငယ်ထိပ်ကို တဖူးဖူးမှုတ်ကာ ခြေမကိုင်မိလက်မကိုင်မိတွေ ဖြစ်နေ၏။

"ဟဲ့ မိဒေါင်းကလေးက အတွင်းတက်တက်နေတာနဲ့ တူတယ်"

"မဟုတ်သေးဘူး၊ အဲဒီလောက်တက်နေရင် မှင်စာများဖမ်းစားသလားဟ၊ နေအုံး ငါ့အိမ်မှာ ဆရာစန္ဒရဲ့ ရေမန်းရှိတယ်၊ သွားသွား တစ်ယောက်သွားယူစမ်း"

ချက်ချင်းဆိုသလို အပြေးအလွှားရောက်လာကြသော ရွာသားများမှာလည်း တက်နေသော ကလေးကိုကြည့်ကာ တစ်ယောက်တစ်ပေါက်တွေ ဝိုင်းပြောနေကြ၏။ ဒါ့အပြင် ခေတ်ကာလသမယ ကြီးက စုန်းစွဲနတ်စွဲ ကဝေစွဲတွေကို ထစ်ကနဲရှိလျှင် သည်းသည်းလှုပ် ဖြစ်နေကြသည်ဖြစ်ရာ အချို့ကလည်း ထင်ရာမြင်ရာတွေကိုသာ အတင်းစွတ်ပြီးပြောနေကြ၏။

ထိုအထဲမှ ကာလသားခေါင်း ကိုကြီးအောင်စိန်က…

"နေကြအုံးဗျ၊ အရမ်းကာရောတွေ မလုပ်ကြနဲ့အုံး၊ ကလေးက သူငယ်နာကြောင့် တက်နေတာ ထင်တယ်၊ ရွာထိပ်က ဟိုဆေးဆရာကြီး လင်မယားဆီ သွားပြကြည့်ရင် မကောင်းဘူးလား"

"ဟုတ်(  )ယ်ဗျို့၊ ဟုတ်တယ် ကျုပ်တို့တွေက ဘာမှလုပ်



တတ် ကိုင်တတ်ကြတာမဟုတ်ဘူး၊ တော်ကြာ ကလေးက ဒီထက် ဒိုးဆိုးနေမှဖြင့်"

ကာလသားခေါင်း ကိုကြီးအောင်စိန်၏စကားကြောင့် အားလုံးက ရွာထိပ်မှာ တသီးတခြားနေထိုင်သည့် ဦးဆရာနှင့် ဒေါ်ဆရာမတို့ကို သတိထားမိသွားကြ၏။ ထိုအထဲမှ အချို့ရွာသားများ ကလည်း လွန်ခဲ့သည့် နှစ်အတန်ကြာကမှ သူတို့ဒဟတ်ကုန်းရွာသို့ အခြေတကျနေထိုင်ရန် ရောက်လာခဲ့ကြသော ဦးဆရာနှင့် ဒေါ်ဆရာမ တို့လင်မယားနှစ်ဦးကို တစ်ကြိမ်တစ်ခါမှ အဆက်အဆံမလုပ်ဖူးရုံမက လူနာကို မည်သို့မည်ပုံ ကုသပေးသည်ကိုလည်း မတွေ့ဖူး မကြုံဖူး ကြသဖြင့် ကလေးကို ဆေးကုရန် စိတ်အားထက်သန်၍နေကြသည်။

ထို့နောက် ကိုစံညွန့်က…

"ကိုင်း…ဒါဆိုလည်း အဲဒီဆရာကြီးဆီပဲ မြန်မြန်သွားကြစို့ဗျာ"

ဟုဆိုကာ မဒေါင်းပန်းပေါ်မှ ကလေးကို ဖွေ့ကနဲပွေ့ယူပြီး အပြေး တစ်ပိုင်းဖြင့် ရှေ့ကသွားလေသည်။ ထိုအခါမှ မဒေါင်းနှင့် အတူ ရွာသား လေးငါးယောက်မှာလည်း မျက်စိပျက်မျက်နှာပျက်တွေ နှင့် အပြေးအလွှား လိုက်ပါသွားကြ၏။

သူတို့လူစု ခြံဝသို့ရောက်သည်နှင့် ဦးဆရာတို့ နှစ်ထပ်အိမ်မြင့် မြင့်မည်းမည်းကြီးထဲမှ ရုတ်တရက် ကျယ်ကျယ်လောင်လောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရသည်က ဝမ်းခေါင်းသံကြီးနှင့်အော်နေသည့် တောက်တဲ့ကြီး တစ်ကောင်၏အသံပင်ဖြစ်၏။

"တောက်...တဲ့"

"တောက်...တဲ့"

ထိုအသံကြီးကို ကြားလိုက်ရသည်နှင့် တစ်ကြိမ်တစ်ခါမှ ရောက်ဖူးခြင်းမရှိကြသော ကိုစံညွှန့် မခေါင်းနှင့် ရွာသားလေး ငါးယောက်တို့မှာ ခြံဝမှာပင် ခြေလှမ်းတွေကို တုန့်ခနဲရပ်မိသွားကြ၏။

"ဟင်..."

တကယ်ဆိုလျှင် သူတို့ကြားဖူးနေကျ တောက်တဲ့အော်သံက ယခုလို လေးတွဲ့တွဲ့ရှိနေသည့် အသံသြ ကြီးမဟုတ်။ ပြီးတော့ ထိုအသံကြီးက လိုဏ်ခေါင်းတစ်ခုအတွင်းမှလာသလို ကျယ်ကျယ်လောင်လောင် ကြားနေရသည်က သူတို့အဖို့ အထူးအဆန်းတွေဖြစ်နေကြ၏။

ထို့နောက် ကိုစံညွှန့်က ဘာကိုမှ စဉ်းစားတွေဝေမနေတော့ဘဲ အိမ်မြင့်မြင့်ကြီးရှိရာဆီသို့ ကလေးကိုချီကာ ဆက်လျှောက်သွား၏။ ထိုအခါမှ မခေါင်းနှင့်ရွာသားလေးငါးယောက်မှာလည်း မြက်ရိုင်းပင်တွေ ခြုံပုတ်တွေကြားတိုးရင်းဖဲ့ရင်း နောက်မှ လိုက်ပါသွားကြသည်။

သူတို့အားလုံး အိမ်မည်းမည်းကြီးအနားသို့ ချဉ်းကပ်လိုက်မိသည်နှင့်...



"ဝုန်း...ဝုန်း"

"ဖလပ် ဖလပ် ဖလပ်"

"အား အား အား"

ရုတ်တရက် သစ်ပင်ကြီးများပေါ်မှ ထပျံသွားကြသော [illegible] အုပ်ကြီးများ၏ တအားအား အော်မြည်သံတွေကို ဆူညံသည် [illegible]ိုက်ကြသည်။

"ဟင်"

သူတို့လှမ်းမြင်နေရသည့် ကျီးအုပ်ကြီးက ခပ်ဝေးဝေးသို့ [illegible]ခြင်းမဟုတ်ဘဲ ဦးဆရာနှင့်ဒေါ်ဆရာမတို့၏ အိမ်မည်းမည်းကြီး [illegible]တိုသည် လူးလားခတ်ပြီး ဝဲပျံနေကြ၏။ ထိုသို့ ဆောက်တည် [illegible] ဝဲပျံနေသော ကျီးအုပ်ကြီးမှာလည်း တစ်စုံတစ်ခုကို အာသာ [illegible]နှင့် အလစ်ထိုးသုတ်ရန် ချောင်းမြောင်းနေကြသလို ပြူးပြူး [illegible]ဖြစ်နေကြ၏။

ထိုအချိန်မှာပဲ ကိုစံညွှန့်တို့လူစုက...

"ဗျို့ ဦးဆရာ"

"ဗျို့ ဆေးဆရာကြီး"

"... ..."

အိမ်ကြီးအတွင်းမှ တစ်ခွန်းတစ်လေမှ ပြန်ထူးသံမကြားရ။ [illegible]အဆုံး စောစောက တောက်တဲ့ အော်သံကြီးနှင့် ကျီးအုပ်ကြီး၏

www.burmeseclassic.com

www.burmeseclassic.com



တအားအား အော်မြည်သံတွေကိုပင် တစ်စိုးတစ်စိမျှ မကြားရတော့···။

"ဗျို့ ဆရာကြီး···ကျုပ်တို့ ကလေးနေမကောင်းလို့ ဆေးလာ ကုတာပါဗျ၊ တံခါးဖွင့်ပါအုံး"

"ကျုပ်တို့က ယောဒီဒဟတ်ကုန်းရွာက ရွာသားတွေပါဗျ၊ ဒီမှာ ကလေးက အတော့်ကိုနေမကောင်း ဖြစ်နေလို့ပါ၊ တစ်ဆိတ် လောက်ကြည့်ပေးပါအုံး"

ကိုစံညွန့်တို့လူစုမှာ စေ့စေ့ပိတ်ထားသော တံခါးချပ်မှန် သမျှကို အားကိုးတကြီးနှင့် ကြည့်ကာ လှမ်းခေါ်နေမိကြ၏။ သို့သော် အိမ်ကြီး၏ အပေါ်ထပ်မျက်နှာစာရှေ့ အောက်ထပ်မှ တံခါးချပ်ကြီး များအားလုံးမှာ အနည်းငယ်မျှပင် ဖွင့်ဟမလာဘဲ တိတ်ဆိတ်မြဲတိတ် ဆိတ်၍နေလေသည်။

သိပ်မကြာလိုက်···

ရေနံချေးတွေ မည်းမှောင်နေအောင်သုတ်ထားသည့် အိမ်ကြီး ၏ အပေါ်ထပ်ဆီမှ တံခါးရွက်ကြီး နှစ်ချက်က ကျွီကနဲအသံမည်ကာ ဖွင့်ဟလာလေသည်။

ထိုသို့ဖွင့်ဟလာသော တံခါးရွက်ကြီးနောက်တွင်တော့ အသက်အရွယ်နှင့်မမျှအောင် စူးရှ တောက်ပ သော မျက်လုံးနှစ်စုံက သူတို့ကိုငုံ့ပြီး လှမ်းကြည့်နေလေသည်။

ထိုမျက်လုံးပိုင်ရှင်တွေက ဦးဆရာနှင့် ဒေါ်ဆရာမပင်···။



အသက်အရွယ်အားဖြင့် ခြောက်ဆယ်ကျော်စွန်းနှစ်ဆယ် ဝန်းကျင်ရှိသော ဦးဆရာမှာ အသားခပ်ညိုညိုနှင့် အရုပ်အမောင်း ကောင်းသူဖြစ်ပြီး ဖြူလွှလွှဆံစတွေကို ယောင်တစ်စောင်းပတ်ပြီး ထုံးဖွဲ့ထားသဖြင့် နဖူးပြင်ပေါ်မှ အရေးအကြောင်းကြီးတွေကို ခပ်လှမ်း လှမ်းမှပင် တွေ့နေရ၏။ ဒါ့အပြင် နက်မှောင်စူးရှနေသော မျက်လုံး မျက်ဆံတွေပေါ် ရှည်လျားစွာ အုပ်မိုးကျနေသည့် မျက်ခုံးမွှေးဖြူဖြူကြီး တွေကလည်း မုတ်ဆိတ်ကျင်စွယ်တွေနှင့်အပြိုင် ငွေရောင်တဖျတ်ဖျတ် လှုပ်ခတ်နေသလို ထင်ရလေသည်။

ဒေါ်ဆရာမကတော့ တွန့်လိပ်နေသော ပါးရည်နားရည်တွေ ကြောင့် နဂိုရှိပြီးသား အသက် အရွယ်ထက်ပင် ပို၍အိုစာနေကာ မဖြီးမသင်ဘဲထားသည့် ဆံစအဖြူတွေက မျက်နှာပေါ်သို့ ရှုပ်ရှုပ် ထွေးထွေး ဝဲကျနေ၏။

ဒါ့အပြင်···

ဒေါ်ဆရာမ၏ ကုန်းကုန်းကွေးကွေးကြီးဖြစ်နေသော ခါးကြီး ကလည်း ဖွင့်ဟထားသော တံခါး ပေါက်ရှေ့သို့ အနည်းငယ်ပြူ ထွက်နေလေရာ ခန္ဓာကိုယ်က အိမ်ကြီး၏အောက်သို့ အရှိန်လွန်ကာ ပြုတ်ကျ တော့မယောင်ပင်ဖြစ်နေသည်။

ထိုအချိန်မှာပင် ကိုစံညွန့်နှင့် မခေါင်းတို့က သူတို့လက်ထဲမှာ ပွေ့ပိုက်ထားသည့်ကလေးကို တစ်လှည့် အပေါ်ထပ်မှ တံခါးမကြီး

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ မတ်တပ်ရပ်နေကြသည့် ဦးဆရာနှင့်ဒေါ်ဆရာမတို့ကို တစ်လှည့်ကြည့်ကာ…

"လုပ်ပါအုံးဆရာရယ်…ဒီမှာ ကျွန်မတို့ကလေး တက်နေလို့ပါ"

"ဟုတ်ပါတယ်ဆရာကြီးရယ်၊ ကလေးက ဘယ်လိုဖြစ်ပြီး တက်သွားတယ်မသိပါဘူး၊ ကျေးဇူးပြုပြီး တစ်ချက်လောက်ကြည့်ပေးပါအုံး"

အားကိုးတကြီးနှင့် အကူအညီတောင်းနေကြသည့် ကိုစံညွန့်တို့ လင်မယားတို့၏ အသံတွေက အနည်းငယ်ပင်တုန်ရင်နေကြပြီး သူတို့လက်ထဲမှာ အခုအချိန်အထိ သတိပြန်မလည်လာသေးသော သားလေးဖိုးလုံးအတွက် သောကနှင့် ရတက်မီးတွေက တဟုန်းဟုန်းပင် တောက်လောင်နေ၏။

သို့သော်…

ဦးဆရာနှင့် ဒေါ်ဆရာမတို့၏ မျက်နှာအမူအရာတွေကတော့ အေး စက်စက်ဖြစ်နေကြရုံမက တစ်စုံတရာကို တွေးဆနေကြသလိုမျိုး ခပ်ဆိတ်ဆိတ်ပင်ဖြစ်နေကြ၏။

ထိုအချိန်မှာပင်…

တံခါးရွက်ကြီးရှေ့မှာ ခါးထောက်ပြီးရပ်နေသည့် ဦးဆရာက ရူးရူး တောက်ပသောမျက်လုံးအစုံဖြင့် စွေစောင်းငဲ့လိုက်ကြည့်



လိုက်ရင်း…

"ဒီမှာ ကျုပ်ကို မောင်ရင်တို့က ဆေးကုစားတဲ့လူလို့ ထင်နေကြလို့လား"

ပြတ်တိပြတ်တောင်းပြောလိုက်သော ဦးဆရာ၏စကားကြောင့် ကိုစံညွန့်တို့လူစုမှာ ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်ကုန်ကြ၏။ ဒါ့အပြင် တစ်ရွာလုံးက ဆေးဆရာဟု ထင်မြင်ထားခဲ့ကြသည့် ကိစ္စကလည်း ဦးဆရာ၏ မရေမရာစကားကြောင့် တအံ့တသြ တွေနှင့် ဖြစ်ကုန် ကြ၏။

ထို့နောက်…

ကိုစံညွန့်တို့နှင့်အတူ လိုက်ပါလာသော ရွာသားတွေက ဦးဆရာနှင့် ဒေါ်ဆရာမတို့ကို

"ကျုပ်တို့တစ်ရွာလုံးက ဆရာကြီးဆေးကုတယ်ဆိုတာ သိထားပြီး သားပါ ဆရာကြီး၊ နို့ပြီး ဆရာကြီးတို့အိမ်ကို ရပ်ဝေးက ဆေးလာကုနေတဲ့ လူနာတွေကိုလည်း တွေ့တွေ့နေကြတဲ့ဟာပဲ ဘယ့်နှယ့်"

"အို မကုဘူး မကုဘူး…ကျုပ် ဘာဆေးမှမကုဘူး၊ သွား သွား"

ရွာသားများ၏ စကားမဆုံးခင် ဦးဆရာက ခါးခါးသီးသီး ငြင်းဆန်လိုက်ပြီး မျက်နှာကိုလည်း တခြားဖက်သို့ လွှဲကာနဲလှည့်ပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။ ဒေါ်ဆရာမကတော့ ဘာတစ်ခွန်းမှ မပြောသည့် အပြင် ကိုစံညွန့် လက်ထဲမှ တက်နေသော ကလေးငယ်ကိုသာ မျက်နှာရှေ့တွင် ဝဲကျနေသည့် ဆံဖြူစတွေကြားမှ စူးစူးရဲရဲ စိုက်ကြည့်နေ၏။

"လုပ် လုပ်ပါ ဦးဆရာရယ်၊ ဒီကလေးအတွက် ဆေးဖိုးဝါးခကို ကျုပ်တို့လင်မယား ကျွန်ခံပြီးပဲ ဆပ်ရ ဆပ်ရ ပြန်ဆပ်ပါ့မယ် ရှင်"

မဒေါင်း၏ တုန်ရင်နေသော အသံတွေကြားမှ ရှိုက်သံတွေက ရောယှက်ပါလာ၏။ ကိုစံညွန့်မှာလည်း အခုလို အခြေအနေမျိုးမှာ ဆေးမကုပါဘူးဟု အတန်တန်ငြင်းဆန်ပြီး ခြံဝိုင်းအတွင်းမှ နှင်ထုတ်နေသော ဦးဆရာတို့နှစ်ယောက်ကိုကြည့်ကာ...

"ကျုပ်တို့ကလေး သတိပြန်လည်လာရင် တော်ပါပြီ ဆရာကြီးရယ်၊ ဆေးဖိုးဝါးခလည်း ဘယ်လောက်ပေးရပေးရပါ"

ကိုစံညွန့်တို့နှင့် အတူလိုက်ပါလာကြသည့် ရွာသားတွေကလည်း ရုတ်တရက်ကြီး မထင်မှတ်ဘဲ ကြားလိုက်ရသည့် ဦးဆရာတို့ လင်မယား၏ စာနာစိတ်ကင်းသည့်စကားတွေကြောင့် ကြားထဲက မခံမရပ်နိုင်အောင် ဖြစ်နေကြ၏။

သို့သော်...

ဦးဆရာနှင့် ဒေါ်ဆရာမတို့ကတော့ အိမ်ကြီး၏အပေါ်ထပ်ဆီ



မှ စူးရဲတောက်ပသည့် မျက်လုံးအစုံတို့နှင့် စိုက်ကြည့်နေရာမှ ဖွင့်ထားသော တံခါးမကြီး၏ နောက်ကွယ်သို့ ချာကလဲလှည့်ဝင်သွားကြသည်။

တစ်ချိန်တည်းမှာပဲ ကိုစံညွန့်တို့နှင့်အတူ လိုက်ပါလာသည့် ဦးကြီး အောင်စိန်က...

"တောက်... တော်တော်မေတ္တာစိတ် ခေါင်းပါးကြတဲ့ လင်မယားပဲကွာ၊ ဒါနဲ့ပဲ ဆေးကုစားတဲ့ အလုပ်ကို လုပ်နေရ တယ်လို့...ထွီ"

"ကဲ...ကဲ...ကိုစံညွန့်နဲ့မဒေါင်းရေ အချိန်ရှိတုန်း ကလေးကို မြို့ပေါ်က ဆရာတစ်ယောက်ယောက်နဲ့ သွားပြကြရအောင်ဗျာ"

ကိုစံညွန့်နဲ့ မဒေါင်းမှာလည်း ခြေမကိုင်မိလက်မကိုင်မိတွေ ဖြစ်ကုန်ကြကာ တက်နေသော ကလေးငယ်ကို ချီပိုးရင်း ခြံဝင်းကြီး အတွင်းမှ ကပျာကယာပြန်လှည့်ထွက်လာကြလေသည်။

ထိုသို့ ခြံဝင်းအတွင်းမှ လှည့်ထွက်လာကြသော ကိုစံညွန့်တို့မှ လူစုမှာ နှစ်ထပ်အိမ်မည်းမည်းကြီးရှိရာကိုလည်း မကျေမနပ်နှင့် လည်ပြန်လှည့်ပြီးကြည့်လိုက်မိကြသည်။

ထိုအိမ်မည်းမည်းကြီးမှာကား ခြုံနွယ်ပိတ်ပေါင်းများက ညှိနှင့်ချေးဝနေသည့် အိမ်နံရံတွေပေါ် အတားအဆီးမရှိ နွယ်တက်နေကြ ရာ အချို့နေရာတွေမှာ အိမ်ကြီး၏ပျဉ်ချပ်မည်းမည်းတွေကိုပင်

www.burmeseclassic.com

www.burmeseclassic.com



မမြင်နိုင်အောင် ပိတ်ဖုံးလျက်ရှိနေ၏။ အပေါ်ထပ်မှ ပြတင်းပေါက်များ အားလုံးလိုလိုမှာလည်း ယခုတိုင် ပိတ်လျက်ရှိနေပြီး စောစောက ဦးဆရာနှင့် ဒေါ်ဆရာမတို့ မတ်တပ်ရပ်ကြည့်နေသော တံခါးမကြီး တစ်ခုသာ ဟင်းလင်းပွင့်နေလျက်ရှိသည်။

မြက်ရိုင်းပင်တွေ ခြုံပုတ်တွေက သူတို့ပြန်ထွက်လာရာ လမ်း တစ်လျှောက် အပြိုင်းအရိုင်းတွေ ပေါက်ချင်တိုင်းပေါက်နေသဖြင့် ကွေ့ကောက်နေသော မြေသားလမ်းကိုပင် မနည်းရှာဖွေပြီး လျှောက် လာကြရသည်။

တကယ်တော့ သူတို့အားလုံး၏စိတ်ထဲမှာ ဦးဆရာနှင့် ဒေါ်ဆရာမတို့ကို မကျေမချမ်းဖြစ်နေရသည်ထက် ဘာရယ်ကြောင့် မှန်းမသိဘဲ ဆေးကုရန် ခါးခါးသီးသီး ငြင်းဆန်နေကြသည်ကို ပိုပြီး သံသယတွေ ဖြစ်မိနေကြ၏။

ထိုအချိန်မှာပဲ...

သူတို့နောက်ကျောဖက် အိမ်ကြီးရှိရာဆီမှ ခြောက်ခြားဖွယ်ရာ တောက်တဲ့အော်သံကြီးကို ကျယ်ကျယ်လောင်လောင် ကြားလိုက်ကြ ရသည်။

"တောက်...တဲ့"

"တောက်...တဲ့"

# အခန်း (၂)

နောက်တစ်နေ့မနက် ဒဟတ်ကုန်းရွာထဲမှ ဈေးဝယ်ထွက် သည့် နွားလှည်းတွေက ရွာလမ်းမပေါ်မှာ စီစီညံညံနှင့် ဖြစ်နေကြ၏။ ဒါကလည်း အထူးအဆန်းတော့မဟုတ်။ ငါးရက်တစ်ကြိမ် ဈေးရှိရာ ပွင့်ဖြူနွားက ရွာလေးတစ်ရွာသို့ ဈေးဝယ်ထွက်ကြသူတွေက ဈေးမှာရန် လှည်းပေါ်မှ အော်ဟစ်မေးမြန်းနေကြခြင်းပင်။

"ဟောဟိုက အရီးလေးတို့ရေ ဈေးမှာအုံးမလားတော့"

"မမှာတော့ဘူး မအုံးမြရေ...ငတို့တော့ မနေ့ကကျန်တဲ့ ချဉ်ပေါင်ရွက်နဲ့ စတော်ပဲလေးပဲ နွှေးပြီးစားတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဒဟတ်ကုန်းရွာကလေးက မကွေးတိုင်း ဧရာဝတီမြစ်၏ အရှေ့ဖက်အခြမ်းရှိ မြင်ကွန်းရွာ မိချောင်းရဲရွာနှင့် ယင်းချောင်းတို့ သုံးပွင့် ဖိုခနောင့်ဆိုင်ကြားမှ ရွာလေးတစ်ရွာဖြစ်ပြီး မကျည်းကန်ရွာ၊ သဲဖြူတောရွာတွေနှင့် နီးနီးကပ်ကပ် ရှိနေလေရာ အတန်အသင့် သွားရေးလာရေး အဆင်ပြေသော ရွာလေးတစ်ရွာဖြစ်၏။ ဒါ့အပြင် ဒဟတ်ကုန်း မကျည်းကန်နှင့် သဲဖြူတောရွာတွေက ရွာအိမ်ရှာငယ်လေးတွေဖြစ်သော်လည်း ကြက်မြေ ယာမြေတွေ ကျယ်ကျယ်ပြန့်ပြန့်ရှိနေသဖြင့် အင်္ဂလိပ်အစိုးရကို သူတို့ရွာတွေက နှစ်စဉ်ပေးနေရသည့် အခွန်တော်တွေကလည်း မနည်းလှချေ။

သို့နှင့် ဈေးဝယ်ထွက်သည့် နွားလှည်းတွေက ရွာလမ်းတစ်လျှောက် ဟိုအိမ်ဒီအိမ် တကြော်ကြော် အော်မေးရင်း တဖြည်းဖြည်းနှင့် ရွာထိပ်သို့ရောက်လာကြသည်။ အချို့ရွာသားတွေကလည်း ကွမ်းစား ဆေးရွက်ကြီး၊ လက်ဖက်မှအစ အခြားတို့လီတွာလီတို့ကို မမေ့မလျော့ ဝယ်လာကြရန် လှည်းတန်းကြီးနောက်မှ တတွတ်တွတ်မှာရင်း ရွာထိပ်အထိပင် လိုက်ပါလာကြ၏။

သူတို့လှည်းတန်းကြီး ရွာထိပ်သို့ရောက်သောအခါ လွန်စွာမှ တွေ့ရမြင်ရခဲသော ဦးဆရာနှင့် ဒေါ်ဆရာမတို့ကို အိမ်ကြီး၏ ရှေ့မျက်နှာစာမှ မြေကွက်လပ်တွင် မကြုံစဖူး အထူးအဆန်းသဖွယ် လှမ်းတွေ့လိုက်ကြရလေသည်။



ထိုသို့ လှမ်းတွေ့လိုက်သည်နှင့် ဈေးလှည်းပေါ်မှ မသိန်းရှင်တို့ တစ်သိုက်က…

"ဒီက ဦးဆရာနဲ့ ဒေါ်ဆရာမတို့ကော ကျွန်မတို့ ပွင့်ဖြူဆက်ကို ဈေးဝယ်သွားကြမလို့ ဟင်းစားလေး ဘာလေး မှာကြအုံးမလားရှင့်"

မသိန်းရှင်၏ အမေးစကားကြောင့် ဦးဆရာမှာ မျက်မှောင်ကြီးတို ကျုံ့လျက် ခါးနှစ်ဖက်ကို ထောက်လိုက်ရင်း…

"မမှာဘူး မမှာဘူး…ဘာမှ မမှာဘူး"

ဟု ခပ်ဆတ်ဆတ်နှင့် ပြန်ပြောလိုက်လေသည်။ သူ့ဘေးမှ ဒေါ်ဆရာမမှာလည်း ခြံဝင်းကြီးအတွင်းမှ မြေကြီးတွေကို တူးရွင်းပြားတစ်လက်ဖြင့် ဟိုဟိုဒီဒီ ဖို့သိမ်းနေရာမှ…

"အမယ်လေးတော် ကြံကြီးစည်ရာ ရာရာစစ၊ တော်တို့က ဘာမှရမှာလဲ…၊ သွားကြ သွားကြ ဘာမှမမှာဘူး"

ခြောက်ကပ်ကပ်ရှိနေသည့်အသံကြီးက အရွယ်နှင့်မလိုက်အောင် ခက်ထန်မာကျောနေပြီး ကွေးကောက်နေသော ဆံဖြူစတွေကြားမှ စူးစူးရဲရဲ စိုက်ကြည့်နေသည့် မျက်လုံးတွေနှင့် အကြည့်ချင်းဆုံမိလိုက်လေရာ မသိန်းရှင်တို့တစ်သိုက်မှာ ကြက်သီးမွေးညင်းတွေပင် ဖျန်းခနဲ ထသွားမိကြ၏။

တစ်ချိန်တည်းမှာပဲ အခြားလှည်းတစ်စီးပေါ်မှ နားအနည်း

www.burmeseclassic.com

www.burmeseclassic.com



ငယ်လေးနေသော မပွေးဆိုသည့် မိန်းမကြီးကလည်း ပြောင်းဖူးဖက်လိပ်ကြီးကို တွင်တွင်ဖွာနေရာမှ ဘုမသိဘမသိနှင့် ဝင်ပြောလိုက်ပြန်၏။

“ငါတို့များ ပွင့်ဖြူကို ငါးရက်တစ်ပတ်တိုင်း ဈေးဝယ်သွားနေတာ အခေါက်ပေါင်း မနည်းတော့ပေါင်၊ ဒီအိမ်က ဆေးဆရာလင်မယား ဈေးမှာတာ တစ်ခါမှကို မကြုံဖူးဘူးဟေ့၊ ဘာတွေများစားသောက်နေကြတယ် သိပါဘူးတော်”

နားလေးပါးလေးနှင့် လေသံကိုမြှင့်ပြီး ပြောလိုက်သည့် မပွေး၏စကားကြောင့် ဦးဆရာမှာ ရုတ်တရက် မျက်စေ့မျက်နှာပျက်သွားပြီး…

“ငါတို့ဘာသာ ဘာပဲစားစား နင်တို့အလုပ်မဟုတ်ဘူးဟေ့၊ ကိုယ့်လမ်းကိုယ်သွားမှာသွားကြ”

ဈေးဝယ်သွားကြမည့် လှည်းတွေပေါ်မှ လူတွေအကုန်လုံးမှာလည်း ဦးဆရာနှင့် ဒေါ်ဆရာမတို့၏ ရင့်ရင့်သီးသီးစကားလုံးတွေကြောင့် ပါးစပ်အဟောင်းသားနှင့် တအံ့တဩဖြစ်ကုန်ကြသည်။ တစ်ချိန်တည်းမှာပဲ သူတို့၏စေတနာစကားကို ဘာရယ်ကြောင့်မှန်းမသိ ခါးခါးသီးသီး ငြင်းဆန်နေကြသည့် ဦးဆရာတို့ လင်မယားကို ဘယ်လိုနားလည်ရမှန်းမသိ ဖြစ်ကုန်ကြ၏။

ထိုအချိန်မှာပဲ မပွေးတို့လှည်းနောက်မှာ ကပ်ပြီးလိုက်ပါလာ



သည့် အခြားလှည်းပေါ်မှ မအုံးမြက…

“ညည်းနှယ့်အေ…သူတို့ဆီကို ရုပ်ဝေးက ဆေးလာကုတဲ့လူနာတွေ ကန်တော့ထားတဲ့ အစားအသောက်တွေ တစ်ပုံတစ်ပင်ကြီး ရှိနေမှ ကျုပ်တို့ကို အရေးလုပ်ပြီး ဈေးမှာနေပါ့မလားအေ့၊ အတတည်းမှပဲ”

ဟု သာသာထိုးထိုးနှင့် မဲ့ကာရွဲ့ကာ ပြောလိုက်လေရာ မပွေးကလည်း…

“အလိုတော့ ကျုပ်က အိုကြီးအိုမ နှစ်ယောက်ထဲနေပြီး အစားအသောက်ခက်နေမှာစိုးလို့ စေတနာနဲ့ ပြောတာပါအေ့ အခြားမဟုတ်ပါဘူး”

ထိုသို့ တစ်ယောက်တစ်ပေါက် ပြောနေသည့် စကားတွေကိုတော့ အိမ်ကြီး၏ရှေ့ မြေကွက်လပ်တွင် ရပ်နေကြသည့် ဦးဆရာတို့ လင်မယားက မျက်နှာကိုတစ်ဖက်သို့လွှဲကာ မကြားသလိုပင် ဟန်ဆောင်နေကြသည်။ ဒါ့အပြင် သူတို့၏ မျက်နှာအမူအယာတွေကလည်း အကြောင်းတစ်စုံတရာကို ပုန်းလျှိုးကွယ်လျှိုးနှင့် ဖုံးဖိထားရမှ အလိုလိုနေရင်း စိတ်က မလုံမလဲတွေ ဖြစ်နေကြသည်နှင့် ပိုပြီးတူနေ၏။

ထို့နောက် မအုံးမြက သူနှင့်လှည်းတစ်စီးထဲပေါ်မှာ လိုက်ပါလာကြသည့် အခြားအဖော်တွေဘက်သို့လှည့်ကာ…

www.burmeseclassic.com

www.burmeseclassic.com



"နို့ ဒါနဲ့ နေပါအုံးအေ့ရဲ့၊ မနေ့က မဒေါင်းသားလေး ဖိုးလုံးတက်နေတာကို အဲဒီဆေးဆရာကြီးက ကုမပေးလိုက်ဘူးဆိုတဲ"

"ဟုတ်ပါရဲ့အေ သူတို့ခမျာ အားကိုးတကြီးနဲ့ ပြေးလာကာမှ ဘာဆေးမှမကုပါဘူးဆိုပြီး ခြံထဲက အတင်းပြန်ပြီး နှင်ထုတ်လိုက်တာ တဲ့လေ"

"ငါ့အထင်ပြောရရင် ကိုစံညွန့်တို့ မဒေါင်းတို့ကို ဆေးဖိုးဝါးခ မတတ်နိုင်မှန်းသိလို့ ခြံဝင်းထဲက တမင်နှင်ထုတ်လိုက်တာများလား မသိပေါင်အေ"

တစ်ယောက်တစ်ပေါက်နှင့် ထင်ရာတွေကို အော်ဟစ်ပြီးပြော နေသည့် စကားသံတွေကြောင့် ခြံဝင်းကြီးအတွင်းမှာ မယောင်မလည် နှင့် နားစွင့်နေသော ဦးဆရာတို့လင်မယားက ရွာလမ်းမပေါ်မှ ဈေးလှည်းတွေဖက်သို့ ဆတ်ကနဲလှည့်ကြည့်လိုက်ကာ...

"ဟေ့ ဒီမှာ နင်တို့တွေ ဆေးဖိုး ဘယ်လောက်ပေးပေး ရပ်ဝေးက လူနာတွေပဲ ငါတို့က ကုတယ်ဟေ့၊ ဘာမှာပြီး စကားရှည် မနေကြနဲ့၊ ကိုယ့်လမ်းကိုယ်သွားကြ"

တောင်ဝှေးတစ်ချောင်းကို မြေပေါ်မှာ တဒေါက်ဒေါက် ဆောင့်ရင်း ဒေါနှင့်မာန်နှင့် လှမ်းအော်ပြော လိုက်သည့် ဦးဆရာ၏ စကားကြောင့် မအူမြဲတို့လှည်းပေါ်မှ လူတွေအကုန်လုံးမှာ ပါးစပ် အဟောင်းသားတွေနှင့် ဖြစ်ကုန်ကြပြီး မျက်စောင်းတခဲခဲ ဖြစ်ကုန်ကြ၏။



ဒါ့အပြင် တစ်ချိန်လုံး ဘာစကားမှဝင်မပြောဘဲ လှည်းဦးမှာ ထိုင်နေသည့် ဘကြီးညိုက ဆောင်းထားသည့် ဝါးခတ်ခမောက်ကို နဖူးအထက်သို့ပင့်ကာ ပါးစပ်မှဆေးတံကို ဆွဲချွတ်လိုက်ရင်း...

"ဘယ့်နှယ်ဗျာ..ဆေးဆရာဆိုတာ ရပ်ဝေးတွေရပ်နီးတွေ ရွေးနေရမလားဗျ၊ စိမ်းစိမ်းကျက်ကျက် ကုရမယ့်ဥစ္စာ"

ထိုအခါမှ လှည်းသမားများမှာလည်း ဆေးဆရာလင်မယား ၏ ရိုင်းရိုင်းစိုင်းစိုင်း စကားတွေကြောင့် မခံမရပ်နိုင်တွေ ဖြစ်ကုန်ကြ တာ တစ်ယောက်တစ်ပေါက် ဝင်ပြောလိုက်ကြသည်။

"ကဲ...ဟေ့...ဒီလိုမေတ္တာစိတ်မရှိတဲ့လူတွေနဲ့ ဖက်ပြီး ဘာမှပြောမနေကြနဲ့၊ သွားကြစို့ တော်ကြာ ဈေးအပြန်နေမြင့်နေအုံး မယ်"

"ဟုတ်တယ်ဗျို့၊ ဟုတ်တယ်၊ အချိန်ကုန်ခံပြီး ပြောမနေကြနဲ့၊ ဆောက်...ဟဲ့ နွား"

ပြောပြောဆိုဆို လှည်းသမားက နွားနှင်တံကို ရွယ်မြှောက် လိုက်ပြီး လှည်းထွက်ဖို့ဟန်ပြင်လိုက်၏။ ထိုစဉ်မှာပဲ ခြံဝင်းကြီးအတွင်းမှ ဒေါ်ဆရာမက အသံပြာကြီးနှင့်...

"အဲဒီလောက်တောင် ကုပေးစေချင်နေရင် အဲဒီကလေးကို ပါတို့ ဆီမှာရောင်းလိုက်ဟေ့ ရောင်းလိုက်"

ဟု လှမ်းအော်ပြောလိုက်လေရာ ဘီးလှိမ့်စပြုနေသော

www.burmeseclassic.com



ဈေးလှည်းတွေမှာ တုန့်ကနဲပင် ရပ်လိုက်မိကြသည်။ တစ်ချိန်တည်းမှာပဲ လှည်းပေါ်မှ မအုံးမြတို့ကလည်း...

"စတီရောင်းလို့ကတော့ ဖြစ်တာပေါ့ရှင် အဓိကက ကလေး ရောဂါပျောက်ဖို့ပါပဲ"

"စတီမဟုတ်ဘူး၊ ငါတို့ကို အပြတ်ရောင်းရမှာ အပြတ်၊ ပြီးတော့ ကလေးကို နာမည်ရေး မှတ်တိုင်လုပ်ပြီး ရွာပြင်က သင်္ချိုင်း မှာ..."

ဒေါ်ဆရာမ၏စကား မဆုံးခင်မှာပဲ သူ့ဘေးမှာရပ်နေသည့် ဦးဆရာ၏မျက်နှာက သိသိသာသာကြီး ပျက်သွားပြီး...

"ဟဲ့...ဟဲ့ နင်ဘာတွေလျှောက်ပြောနေတာလဲ ခက်တော့ တာပဲ"

ဟုဆိုကာ ဒေါ်ဆရာမ၏ပါးစပ်ကို လက်နှင့်လှမ်းပိတ်လိုက်၏။ သို့သော် ရုတ်တရက်အလွန် အကျွံဖြစ်သွားသော ဒေါ်ဆရာမ၏ စကားတွေကိုတော့ ဦးဆရာ ဘယ်လိုမှ အချိန်မီတားဆီးလိုက်နိုင်ခြင်း မရှိတော့ချေ။

ထိုအခါမှ ဈေးလှည်းတွေပေါ်မှ မအုံးမြ၊ မသိန်းရှင်နှင့် မပွေးတို့ အားလုံးမှာ ပါးစပ်က ဟင်ကနဲ ဟာကနဲတွေ ဖြစ်ကုန်ကြပြီး ကြက်သီးမွေးညင်းတွေ ထကုန်ကြ၏။ လှည်းမောင်းသမားများမှာ လည်း မထင်မှတ်ဘဲ ကြားလိုက်ရသည့် ဆေးဆရာလင်မယား၏



အဆုံအဆန်းကြောင့်...

"တောက်...နမိတ်မရှိ နမာမရှိတွေကွာ"

"ဟင် ဒါ ဒါတို့ရွာက မဒေါင်းရဲ့ကလေးကို တမင်လူသေ ဖြစ်အောင်လုပ်တာ"

"ဟုတ်တယ်ဗျို့...ဟုတ်တယ်၊ အိုကြီးအိုမနဲ့ အတော် ယုတ်မာရက်စက်တဲ့ လင်မယားပဲ၊ သူတို့ကို ဒီရွာက နှင်ထုတ်ပစ်မှ ဖြစ်မှာ"

ထိုသို့ တစ်ယောက်တစ်ပေါက်တွေ ရုတ်ရုတ်သည်းသည်း ဖြစ်နေကြချိန်မှာတော့ ဦးဆရာက ဒေါ်ဆရာမ၏လက်ကိုဆောင့်ဆွဲကာ တည်းခိုနေသော အိမ်ကြီးဆီသို့ ခပ်သုတ်သုတ်ခြေလှမ်းများဖြင့် ခေါ်ဆောင်သွားတော့၏။

ဈေးလှည်းပေါ်မှလူတွေ အကုန်လုံးမှာလည်း တစ်ကြိမ်တစ်ခါမှ ကြားဖူးခြင်းမရှိသော ဦးဆရာနှင့် ဒေါ်ဆရာမတို့၏ ဆေးကုပုံ အဆန်းကြောင့် အလွန်အမင်း အံ့အားသင့်ကုန်ကြ၏။ ဒါ့အပြင် ကလေးကို စတီမဟုတ်ဘဲ အပြတ်ရောင်းရမည်ဟူသော ယတြာလိုလို ဘာလိုလို မဖွယ်မရာ အစီအရင်တစ်ခုကိုလည်း စိတ်ထဲက မချင့်မရဲ တွေနှင့် သံသယ ဖြစ်ကုန်ကြ၏။

ဒီကြားထဲ မဒေါင်း၏ကလေး ဖိုးလုံးလေး၏နာမည်ကို မှတ်တိုင် တစ်ခုပေါ်မှာရေးသား၍ ရွာပြင်မှ သင်္ချိုင်းတွင်မြှုပ်နှံရမည်ဟုဆို

www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဦးဆရာနှင့်ဒေါ်ဆရာမတို့၏ ဘာမှန်းမသိသော ဆေးကုပုံတွေကြောင့် ပိုပြီးဒေါသဖြစ်ကုန်ကြ၏။

ထို့နောက်...

ဈေးဝယ်သွားကြမည့်လှည်းတန်းကြီးမှာ ဦးဆရာတို့ခြံဝင်းကြီးရှေ့မှာ တစ်ယောက်တစ်ပေါက်တွေ မကျေမနပ်ပြောဆိုရင်း ဆက်ထွက်လာခဲ့ကြတော့၏။

ထိုသို့ထွက်လာရာ လမ်းတစ်လျှောက်မှာလည်း ထိုအိမ်ကြီးအတွင်းမှာ တစ်သီးတစ်ခြား နေထိုင်နေကြသည့် ဦးဆရာတို့လင်မယားနှစ်ယောက်၏ နားလည်ရခက်သော အပြုအမူတွေအကြောင်းကို ရေပက်မဝင်အောင် တစ်ယောက်တစ်ခွန်း ပြောလာခဲ့ကြလေသည်။

ထိုအထဲမှ မအုံးမြက...

"ငါတော့ ဒီအဖိုးကြီးအဖွားကြီးလင်မယားကို စိတ်ထဲ သိပ်မသင်္ကာဘူးဟ၊ ညည်းတို့စဉ်းစား ကြည့်လေ၊ သူတို့မှာ အားကိုးအားထားရယ်လို့ သားထောက်သမီးခံလည်း ရှိကြတာမဟုတ်ဘဲနဲ့ တို့ရွာနဲ့ တစိမ်းပြင်ပြင်နေကြတာဟ သူတို့မှာ အကြောင်းတစ်ခုခု ရှိလို့ပဲနေမှာ"

"အေး ငါလည်းအဲလိုပဲထင်တယ် အုံးမြရဲ့၊ ပြီးခဲ့တဲ့ တမြန်နေ့ကလည်း ငါလယ်ထဲကအပြန် ဒီအိမ်ကြီးရှေ့လည်းရောက်ရော ကြောက်စရာကောင်းတဲ့ တောက်တဲ့အော်သံကြီးကို ကြားရပါကော



သား၊ အဲဒါနဲ့ ငါလည်း အိမ်ကြီးဆီကို ဟိုလိုလို ဒီလိုလိုနဲ့ လှမ်းကြည့်လိုက်တာ..."

မသိန်းရှင်၏စကားကြောင့် ဈေးဝယ်သွားကြသည့် လှည်းတွေပေါ် လိုက်ပါလာကြသော မိန်းမတွေ အားလုံးမှာ ရုတ်တရက်ငြိမ်သက်သွားပြီး ပြူးကျယ်ဝိုင်းစက်သော မျက်လုံးအစုံတို့ဖြင့်...

"ဟင်...နင် နင် ဘာကိုတွေ့လိုက်ရတာလဲ"

ဟု ဆိုလိုက်လေရာ မသိန်းရှင်က သူ့စကားကိုဆက်ပြီး...

"အဲဒီအိမ်ကြီးရဲ့ခေါင်မိုးပေါ်မှာ ဒေါ်ဆရာမဆိုတဲ့ အဖွားကြီးကို ထမီရင်လျားကြီးနဲ့တွေ့လိုက်ရတာပဲ၊ သူ့ရင်ဘတ်ပေါ်မှာလည်း မိန်းမတန်မဲ့ ဆေးမင်ကြောင်တွေ ထိုးထားလိုက်တာများ မြင်ရက်စရာကောင်းမရှိဘူး၊ ပြီးတော့ စကာကြီးတစ်ခုထဲမှာလည်း ဘာတွေကိုထည့်ပြီး နေလှန်းနေတယ်မသိပါဘူးအေ၊ ယင်ကောင်တွေ ကျီးကန်းတွေဆိုတာလည်း သူ့ကိုပဲထိုးဆိတ်တော့မလို၊ လက်ထဲကစကာကြီးကိုပဲ ထိုးသုတ် တော့မလိုနဲ့ ခေါင်မိုးပေါ်မှာ တရှုန်းရှုန်းပဲ၊ ငါ့အထင်တော့..."

"ဟဲ့ ဟဲ့ မိသိန်းရှင် နင့်စကားကိုဒီမှာတင်ရပ် သူများအကုသိုလ် ကိုယ့်အကုသိုလ်မဖြစ်စေနဲ့ဟဲ့ တော်ကြာ တော်ကြာ"

မသိန်းရှင်၏စကားမဆုံးမီမှာပင် လှည်းဦးမှာထိုင်လာ ဆေးတံဖွာရင်း လိုက်ပါလာသည့် ဘကြီးညိုက ဝင်ပြီး ဟန့်လိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါမှ မသိန်းရှင်၊ မအုံးမြနှင့် လှည်းပေါ်ပါလာသူတွေ အားလုံးမှာ မီးကို ရေနှင့်ငြိမ်းလိုက်သလို စကားသံတွေ တိတ်ဆိတ်ကုန်ကြပြီး သူတို့ နောက်ကျောဖက်တွင် ကျန်ရစ်ခဲ့သည့် အိမ်မည်းမည်းကြီးရှိရာဆီသို့ မယုံမကြည် သံသယမျက်လုံးတွေနှင့် လှမ်းကြည့်လိုက်ကြသည်။

ထိုမည်းမည်းကြီးမှာတော့...

စောစောက မဖွယ်မရာစကားတွေ ပြောသွားကြသည့် ဆေးဆရာ လင်မယားကို အရိပ်အယောင်မျှပင် မတွေ့ရတော့တာပဲ၊ တိတ်ဆိတ်မည်းမှောင်နေသော အိမ်ကြီးကိုသာ မားမားထီးထီးကြီး လှမ်းတွေ့ရတော့သည်။

❑

အဲဒီနေ့ကစပြီး ရွာအစွန်မှ ဦးဆရာနှင့်ဒေါ်ဆရာမတို့ လင်မယားကို ဒဟတ်ကုန်းရွာသားတွေက ခပ်ရှောင်ရှောင်နှင့် နေလာခဲ့ကြသည်။ ယုတ်စွအဆုံး ထိုအိမ်ကြီးရှေ့မှ ဈေးသွားဈေးပြန်လှည်းတွေသာမက နွားကျောင်းသားတွေပင် ဖြတ်မလျှောက်ကြဘဲ တစ်သီးတစ်ခြား စွန့်ပယ်ထားခဲ့ကြလေသည်။

သည်လိုနှင့်...

သည်လိုနှင့် ရက်အနည်းငယ်အကြာ...



သူတို့တစ်ရွာလုံးက ဦးဆရာနှင့် ဒေါ်ဆရာမတို့၏ ဆေးကုသည့် အိမ်ကြီးကို သတိမထားဘဲ နေလို့မရသည့်နေ့တစ်နေ့သို့ ရောက်လာခဲ့လေသည်။

အဲဒီနေ့ကတော့...

ဧရာဝတီမြစ်တစ်ဖက်ကမ်း မလွန်အပိုင်နယ်ထဲမှ ချို့ချို့ငဲ့ငဲ့ မြေးအဖွားနှစ်ယောက် ညအိပ်ညနေ ဆေးကုရန်ရောက်လာခဲ့ခြင်းပဲ ဖြစ်တော့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ထိုနေ့က ဦးဆရာနှင့်ဒေါ်ဆရာမတို့ နေထိုင်ရာအိမ်ကြီးဆီသို့ မလွန်နယ်ဖက်ဆီမှ ညအိပ်ညနေ ဆေးလာကုသော မြေးအဘွားနှစ်ယောက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ကြ၏။ ထိုသို့ ရောက်လာခဲ့ကြပုံမှာလည်း အမြင်မတော်သည့် ခရီးသွားလှည်းသမားတစ်ဦးက လမ်းကြုံတင်၍ ခေါ်လာခဲ့ခြင်းပဲဖြစ်၏။

ထိုလှည်း၏ ခေါင်မိုးအတွင်းမှာတော့ ဖြူဖတ်ဖြူလျော်ဖြစ်နေသော အသက်ဆယ့်နှစ်နှစ်အရွယ် ရောဂါသည် မိန်းကလေးတစ်ဦးနှင့် အသက်ခုနစ်ဆယ်အရွယ် အဘွားအိုတစ်ဦးတို့မှာ အဖော်မပါ အကူမပါဘဲ ဒုက္ခအပူမီးတွေနှင့် လိုက်ပါလာကြ၏။

သူတို့၏ လက်ထဲမှာလည်း လုံချည်ခပ်နွမ်းနွမ်းတစ်ထည်ကို



အထုပ်သဏ္ဍာန် ရစ်ပတ်ချည်နှောင်ထားသည့် အဝတ်ထုပ်တစ်ခုမှလွဲ၍ အခြားပစ္စည်းပစ္စယတွေဖြစ်သည့် လက်ဆွဲခြင်းတောင်းတို့ကို ဘာတစ်ခုမှ မတွေ့ရ။ ဒါ့အပြင် လှည်းပေါ်မှ အားအင်ချိနဲ့နဲ့နှင့် ဆင်းလာသည့် ရောဂါသည် မိန်းကလေးဆုပ်ကိုင်ထားသည့် တောင်ဝှေးမှာလည်း အောက်ခြေအနားစများ စုတ်ပြဲဖွာလန်နေသော ဝါးတုတ်တစ်ချောင်းသာ ဖြစ်လေသည်။

ထိုမြင်ကွင်းကို အမှတ်မထင် မြင်လိုက်ရသော ဒဟတ်ကုန်းရွာသားတွေက ယုတ်မာရက်စက်သော ဆေးဆရာလင်မယားကို အဆက်အဆံ မလုပ်ကြသည်နှင့် မသိလိုက်မသိဖာသာ နေခဲ့ကြသော်လည်း ဆေးကုရန် ရောက်လာခဲ့သည့် ချို့ချို့ငဲ့ငဲ့ မြေးအဖွားနှစ်ဦးကိုတော့ လွန်စွာမှ ကရုဏာသက်မိကြလေသည်။

ဒါ့အပြင် ရပ်ဝေးမှ လူနာတွေကိုပဲ ဆေးကုပေးပါသည်ဟုဆိုသော ဦးဆရာနှင့်ဒေါ်ဆရာမတို့က ထိုမိန်းကလေးရောဂါကို ဘယ်ပုံဘယ်နည်းဖြင့် ဆေးကုပေးလိမ့်မည်နည်းဆိုသည်ကို တစ်ရွာလုံးက သိချင်နေကြ၏။

သည်လိုနှင့်…

ရောက်ကတည်းက အိမ်မည်းမည်းကြီးအတွင်းမှ အပြင်သို့ ထွက်မလာသော အဘွားအိုမှာ ထိုနေ့မှ လက်ဖက်ကြသကာ ကွမ်းစားဆေးတို့ကို ဈေးဝယ်ရင်း ဒဟတ်ကုန်းရွာထိပ်သို့ ထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဘွားအို ထွက်လာသည်နှင့် ဒဟတ်ကုန်းရွာသား ကိုဘကံနှင့် ကိုအေးသောင်တို့က ရောဂါသည် မိန်းကလေး၏ အခြေအနေကို သိချင်ဇောဖြင့် တစေ့တစောင်း မေးစမ်းကြည့်ကြလေသည်။

"ဒီကအဘွားက ယောပိုကအိမ်ကြီးမှာ ဆေးကုဖို့ရောက်လာတဲ့ လူနာရှင်ထင်ပါရဲ့"

ရုတ်တရက်မေးလိုက်သော ဒဟတ်ကုန်းရွာသား ကိုဘကံနှင့် ကိုအေးသောင်တို့၏အသံကြောင့် လူနာရှင်အဘွားအိုမှာ ခြေလှမ်းတွေ တုန့်ကနဲရပ်တန့်သွားပြီး ညိုမှောင်ရီဝေနေသော အကြည့်တွေဖြင့်ပြန်ကြည့်ရင်း…

"ဟုတ်ပါတယ်ကွယ်…ကျုပ်မြေးမလေး အတော့်ကို နေမကောင်း ဖြစ်နေလို့ ဒီရွာက ဆေးဆရာကြီး လင်မယားဆီ ဆေးကုရအောင် ရောက်လာခဲ့ကြတာပါ"

မျက်နှာပေါ်မှာ အရေးအကြောင်းတွေ ပရွှနှင့် အိုမင်းမစွမ်းဖြစ်နေပြီဖြစ်သော အဖွားအို၏အသံက တိုးတိုးညင်းညင်းနှင့် နွမ်းလျနေ၏။

ထို့နောက် အဘွားအိုက ဦးဆရာတို့ အိမ်ကြီးရှိရာသို့ မျက်လုံးတစ်ချက်ပြန်ဝေ့ကြည့်လိုက်ပြီး ရွာထိပ်ဖက်ဆီသို့ ဆက်လျှောက်သွား၏။



ထိုအခါမှ ကိုဘကံက…

"ဒါနဲ့ နေပါအုံးအဘွားရဲ့၊ အရင်ကရော ယောဒီအိမ်ကြီးမှာရှိတဲ့ ဆေးဆရာလင်မယားဆီမှာ ဆေးလာပြဖူးကြလား"

"တစ်ခါမှတော့ မပြဖူးပါဘူးကွယ်၊ ကျုပ်တို့လည်း တစ်ယောက် စကားတစ်ယောက်နားနဲ့ကြားမိပြီး ဒီကိုရောက်လာခဲ့ကြတာပဲ"

အဘွားအို တိုးတိုးညင်ညင် လေသံနှင့် ပြန်ဖြေလိုက်သော်လည်း သူ့မျက်လုံးတွေက အနောက်ဖက်မှာ ကျန်ရစ်ခဲ့သည့် အိမ်ကြီးဆီသို့သာ မဝံ့မရဲမျက်လုံးတွေနှင့် မကြာခဏဆိုသလို လှည့်ကြည့်နေ၏။

ထို့နောက် ကိုဘကံ၏ဘေးမှ ကိုအေးသောင်က အိမ်ကြီးဆီမှာ ဆေးကုရင်းကျန်ခဲ့သည့် ရောဂါသည် မိန်းကလေး၏ အကြောင်းကို သိလိုသည်နှင့်…

"အခုရော အဘွားရဲ့မြေးမလေးရောဂါက ဘယ့်နှယ့်နေသေးလဲဗျ၊ ကျုပ်တို့ရွာကလူတွေက အဲဒီဆေးဆရာလင်မယားနဲ့ အဆက်အဆံမလုပ်ကြတော့ သူတို့ ဘယ်ပုံဘယ်နည်း ဆေးကုပေးလဲဆိုတာ…"

"ဟင့်အင်း…ဟင့်အင်း အဘွားလည်း မသိပါဘူးကွယ်"

ကိုအေးသောင်၏ အမေးစကားမဆုံးခင်မှာပင် ရုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com



စကား စဖြတ်ကာ ယတိပြတ် ဘူးကွယ်လိုက်သော အဘွားအို၏ အမူအရာက ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး သူတို့နှစ်ယောက်အနီးမှ ခပ်သုတ်သုတ် လှည့်ထွက်သွားလေသည်။

ကိုဘကံနှင့်ကိုအေးသောင်တို့မှာလည်း သူတို့သိချင်နေသည့် အဖြေကိုမရဘဲ ဘူးကွယ်ငြင်းဆန်ကာ အနီးမှလှည့်ထွက်သွားသည့် အဘွားအို၏ ကျောပြင်ကိုကြည့်ရင်း တအံ့တသြနှင့်ဖြစ်ကုန်ကြသည်။ ဒါ့အပြင် သူတို့နှင့်စကားပြောနေစဉ် အိမ်ကြီးရှိရာသို့ မဝံ့မရဲနှင့်လှမ်းလှမ်းကြည့်နေသော အဘွားအို၏မျက်လုံးတွေကိုလည်း ဘယ်လိုပင် နားလည်ရမှန်းမသိဖြစ်ကုန်ကြ၏။

သည်လိုနှင့် နောက်ရက်တွေမှာ ဒဟတ်ကုန်းရွာသားတွေ စုံစမ်းမေးမြန်းကြသော မေးခွန်းတွေကို ဖြေဆိုရန် ကြောက်လန့်နေပုံရသည့် အဖွားအိုက ထိုအိမ်ကြီးအတွင်းမှ အပြင်သို့လုံးဝ ထွက်မလာတော့။ ယုတ်စွအဆုံး ထိုခြံဝင်းကြီးအတွင်းမှ ဦးဆရာတို့လင်မယား၏ ဆေးကုပုံတွေကို အရင်ထက်ပိုပြီး သိချင်မြင်ချင်နေမိကြလေသည်။

ထိုအခြေအနေမှာပင်...

ဒဟတ်ကုန်းရွာအတွင်းသို့ နွားအုပ်ကြီးတစ်အုပ်ကို ပြန်မောင်းသွင်းလာသည့် ရွာသားနှစ်ဦးက ဦးဆရာတို့ ခြံဝင်းကြီးရှေ့သို့ ရောက်ကာမှ ဝမ်းနည်းပက်လက် အော်ဟစ်ငိုယိုလိုက်သည့် အသံကြီးကို ကြားလိုက်ရလေသည်။ ထိုငိုသံကြီးက မကြာသေးခင်ရက်ကမှ ဆေးကု



ရန်ရောက်လာခဲ့သည့် ရောဂါသည် မိန်းကလေး၏ အဖွားဖြစ်သူ၏ ငိုသံကြီးပင်ဖြစ်တော့သည်။

"အီး...ဟီး...ဟီး ဖြစ်မှဖြစ်ရလေ မြေးလေးရယ်...အီး"

"ဟင်"

"ဒါ...ဒါ ဟိုအဘွားကြီးရဲ့ငိုသံပဲ၊ ဧကန္တ သူ့မြေးမလေးတော့ ဆုံးရှာပြီထင်ပါရဲ့"

ထိုငိုသံကြီးကို ကြားလိုက်ရသည်နှင့် ဒဟတ်ကုန်းရွာအတွင်းမှ ရွာသားတစ်ယောက်စနှစ်ယောက်စမှာလည်း ဦးဆရာနှင့် ဒေါ်ဆရာမတို့၏ ခြံဝင်းကြီးရှေ့သို့ တဖွဲဖွဲနှင့်စုရုံးရောက်ရှိလာကြသည်။

"ဟဲ့...အသံက ဟိုအဘွားကြီးရဲ့ငိုသံပဲ၊ ကြည့်ရတာ သူ့မြေးမလေးတော့ ဆုံးရှာပြီနဲ့တူတယ်"

"ဟုတ်မယ် အရီးလေး...ကျုပ်တို့လည်း အဲဒါပြောနေကြတာ၊ ခက်တာက ဘာမှန်းညာမှန်း မသိသေးဘဲ ကျုပ်တို့ ဒီအိမ်ကြီးထဲ ဝင်ရဲဘူးဗျ...တော်ကြာ..."

"ဟုတ်တယ်ဗျို့...ဟုတ်တယ်...အလိုလို့မှ ဒီအိမ်က ဆေးဆရာ လင်မယားက ကျုပ်တို့ရွာက လူတွေကို အကောင်းမမြင်ရတဲ့အထဲ အခုလို ဘာဘာညာညာ မသိရသေးဘဲ အိမ်ကြီးထဲဝင်သွားရင် ခက်ကုန်ကြလိမ့်မယ်"

ထိုခြံဝင်းကြီးရှေ့မှ ရွာလမ်းမပေါ် ရုတ်ရုတ်သဲသဲဖြစ်ကုန်

www.burmeseclassic.com

www.burmeseclassic.com



သော ရွာသားတွေက တစ်ယောက်တစ်ပေါက်နှင့် ဆူဆူညံညံတွေ ဖြစ်ကုန်၏။

တစ်ချိန်တည်းမှာပဲ ထိုသတင်းက တစ်မဟုတ်ချင်းဆိုသလို ဒဟတ်ကုန်းရွာအတွင်း ပျံ့နှံ့သွားလေရာ ရောဂါသည် မြေအဘွားၓ၏ အဖြစ်ကို အားလုံးက ကရုဏာသက်မိကြကုန်၏။

"ကိုင်းဟေ့…ဒီလိုဆိုလည်း ကလေးမလေးရဲ့ အသုဘကိစ္စကို တို့ရွာက ဝိုင်းဝန်းကြဖို့တော့ လိုမယ်ထင်တယ်"

"ဟုတ်ပါ့တော်…ကျန်ခဲ့တဲ့အဖွားကြီးကလည်း အိုမင်းမစွမ်းနဲ့ ဘာမှလုပ်တတ်ကိုင်တတ်မှာ မဟုတ်ဘူး"

ထိုအထဲမှ တချို့ရွာသားတွေကလည်း…

"နေပါစေဗျာ…ကျုပ်တို့တစ်ရွာလုံးကို ရှိတယ်လို့မှမထင်တဲ့ အဲဟို ဆေးဆရာလင်မယားနဲ့ ပတ်သက်နေရပါအုံးမယ်… ဒီအတိုင်းသာ ထားလိုက်စမ်းပါ"

"ဟုတ်တယ်ဗျို့…ဟုတ်တယ်…အခုလည်းကြည့်လေ၊ ကိုယ့်အိမ်ကို ဆေးကုလာရင်း သေသွားတဲ့ လူနာရဲ့ အသုဘကိစ္စတောင် တို့ရွာကလူတွေကို အကူအညီတောင်းရကောင်းမှန်းမသိဘူး၊ ထားလိုက်စမ်းပါဗျာ…ဒင်းတို့က မဆိုင်သလိုနေမှ ကျုပ်တို့က ဘာအရေးလုပ်စရာလဲ"

"ဒီလိုတော့လည်း မဟုတ်သေးဘူးကွဲ့ မောင်ရင်တို့ရဲ့…ကျုပ်တို့ တစ်ရွာလုံးက ဒီဆေးဆရာ လင်မယားကို မဆက်ဆံချင်ကြသေးယင် တို့ရွာကိုလာပြီး ဆေးကုရင်း တိမ်းပါးသွားတဲ့ ကလေးမလေးရဲ့ ကိစ္စကိုတော့ တတ်အားသရွေ့ဝိုင်းပြီး ကူညီရမှာပေါ့"



ထိုသို့ တစ်ယောက်တစ်ပေါက်တွေ ဝိုင်းဝန်းပြောဆိုနေချိန်မှာတော့ ဦးဆရာနှင့်ဒေါ်ဆရာမတို့၏ အိမ်ပေါက်ဝဆီမှ အဝတ်ထုပ်ကြီးတစ်ထုပ်ကို လက်တစ်ဖက်မှာ လွယ်သွင်းကာ ရှုံ့ကြီးတင်ငိုကြွေးရင်း ထွက်လာသည့် အဘွားအိုကို လှမ်းတွေ့လိုက်ရလေသည်။

"ဟင်…ဟို…ဟိုမှာ အဘွားကြီးထွက်လာပြီဟေ့"

"သနားပါတယ်အေ…အိုကြီးအိုမနဲ့ ဒုက္ခတွေကြီးလိုက်တာ ရှင့်ပါရော…ကေန္တ ဒီအဘွားကြီး ကိုကြည့်ရတာ သူ့ရွာကိုပြန်ပြီး အကြောင်းကြားမလို့နဲ့တူတယ်"

ထိုအချိန်မှာတော့ ဦးဆရာမနှင့်ဒေါ်ဆရာမတို့၏ အိမ်မည်းမည်းကြီးအတွင်း၊ လူရိပ်လူခြေဟူ၍ တစ်စက်ကလေးမျှမတွေ့ရ။ တိတ်ဆိတ်မြဲတိတ်ဆိတ်လျက်။ ဒါ့အပြင် အပေါ်ထပ်ဆီမှ ပြတင်းပေါက်ကြီးများမှာလည်း အခုအချိန်အထိ ဖွင့်ဟမလာဘဲ စေ့စေ့ပိတ်ထားလျက်ပင်ရှိနေလေသည်။

တဖြည်းဖြည်းနှင့် အဝတ်ထုပ်ကို လက်တစ်ဖက်က ပွေ့ပိုက်ထားရင်း ခြံဝင်းကြီးရှေ့သို့ငိုယိုကာ ထွက်လာသည့် အဘိုးအိုကို ရွာလမ်းမပေါ်မှာ အသင့်စောင့်နေသော ဒဟတ်ကုန်းရွာသားတွေက

www.burmeseclassic.com

www.burmeseclassic.com



စာနာသနား စိတ်တွေနှင့် ဝိုင်းဝန်းမေးစမ်းကြလေသည်။

"ဒီ...ဒီမှာ အဘွား ဟိုဆေးကုလာတဲ့ ကလေးမလေး..."

"အီး ဟီး ဟီး ဟီး"

အဘွားအိုမှာ ပါးစပ်က ဘာတစ်ခွန်းမှပင်ပြန်မဖြေဘဲ ခေါင်းကို ဖြေးညင်းစွာ ခါယမ်းလိုက်ပြီး တသိမ့်သိမ့်ရှိုက်ငို၍ နေလေသည်။

ထိုအဘွားကိုမြင်လိုက်သည်နှင့် အချို့ရွာသားတွေက-

"ဟယ်...သနားပါတယ်အေ"

"အဘွားကြီးကိုကြည့်ရတာ စကားမေးတောင် မရလောက်အောင် အတော့်ကို ဝမ်းနည်းနေပုံပဲ"

ထိုအချိန်မှာပဲ ကာလသားခေါင်းဖြစ်သူ ကိုကြီးအောင်စိန်တို့ လူရွယ်တစ်သိုက်ကလည်း...

"ဒါနဲ့ အဘွားရဲ့မြေးမလေးကို ဘယ်နေ့သင်္ဂြိုဟ်မှာလဲဗျ။ ကျုပ်တို့တွေလည်း ရှိသားပဲဗျာ၊ ဝိုင်းကူကြမှာပေါ့"

"ဟုတ်သားပဲ အဘွားရယ်၊ အလောင်းမြေကျတဲ့အထိ ကျုပ်တို့ ရွာက ဝိုင်းကြဝန်းကြမှာပါ၊ ဘာမှအားမငယ်ပါနဲ့ ဘယ်နေ့ သင်္ဂြိုဟ်မလဲပြော..."

ဟု အား[illegible]းစကားဆိုလိုက်လေရာ အဘွားအိုက တွင်တွင်ကြီးသာ ငိုယိုရင်း [illegible]းယမ်းပြနေလေသည်။ ဒါ့အပြင် ရွာသားတွေ မေးသည့် သင်္ဂြိုဟ်မ[illegible]က်ကို ပြန်ဖြေလိုက်ဖို့ သူ့အမူအရာက တွန့်ဆုတ်



နေသလို တစ်စုံတရာကြောင့် စကားတွေက ဆွံ့အ တစ်ဆို့နေသည်နှင့် တူနေ၏။

ထို့နောက်...

အဘွားအိုက မျက်ရည်စတွေကို လက်မောင်းရင်းမှ အင်္ကျီစနှင့် တို့သုတ်လိုက်ရင်း တသိမ့်သိမ့်ရှိုက်ငိုကာ ဘာစကားတစ်ခွန်းမှ ပြန်မပြောဘဲ ဒဟတ်ကုန်းရွာမှ ဖြည်းဖြည်းချင်း ထွက်ခွာသွားလေသည်။

ဒဟတ်ကုန်းရွာသားတွေမှာလည်း သူတို့မေးစမ်းသမျှ အသုဘကိစ္စကို ဘာတစ်ခုမှပြန်မဖြေဘဲ ခေါင်းကိုသာတွင်တွင်ကြီး ခါယမ်းရင်း ရွာမှထွက်ခွာသွားသည့် အဘွားအိုကိုကြည့်ကာ နားမလည်နိုင်အောင် ဖြစ်ကုန်ကြ၏။

တချို့ကလည်း မြေးမလေး၏ အသုဘကို ဒီအိမ်ကြီးပေါ်မှာထားခဲ့ကာ အထုပ်ပိုက်ပြီး ထွက်လာသည့် အဘွားအို၏ အမူအရာကို ကြည့်ရင်း စဉ်းစားမရနိုင်အောင် ဖြစ်နေကြ၏။

"ဟဲ့...နေကြစမ်းပါအုံး၊ နင်တို့ကလည်း သူ့ခမျာမှာ သူ့မြေးမလေး တကယ်သေတာလား ဘာလားမသိသေးဘဲနဲ့ အရမ်းတာရောတွေ စွတ်ပြောမနေကြနဲ့၊ တော်ကြာ မဟုတ်ရင် အားနာစရာကြီး"

"အို ရီးလေးတင်အေးကလည်း အဲဒီအဘွားကြီး ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



ငိုနေမှဖြင့် သူ့မြေးမလေး တကယ် သေလို့နေမှာပေါ့"

"ဟုတ်သားပဲ တကယ်ဆို ဒီအဘွားကြီး အထုပ်ပိုက်ပြီးပြန်သွားပုံက..."

တစ်ယောက်တစ်ပေါက်ဖြင့် ပြောနေကြစဉ် စိတ်ရှုပ်လာဟန်တူသော ကိုရင်ဖိုးတာဆိုသူက...

"ကဲ ကဲ တော်ကြပါတော့ဗျာ ခင်ဗျားတို့ဟာက တောပြောတောင်ပြောနဲ့ သေသလားရှင်သလား ဆိုတာကိုလည်း ကိုယ့်မျက်စိနဲ့ တပ်အပ်မြင်ရတာမဟုတ်တော့ ဘယ့်နှယ့်လုပ်ကြမတုန်း၊ ကျုပ်တို့ကတော့ စေတနာရှိးနဲ့ ကူညီဖို့လာတဲ့ဥစ္စာ၊ သူတို့ဖက်က မရှိးတော့လည်း ဘာတတ်နိုင်မှာတုန်း ကိုယ့်စေတနာ ကိုယ့်အကျိုးပေးပါလိမ့်မယ်ဗျာ...ကဲ...ကဲ အခုတော့ ခပ်ကင်းကင်းပဲ နေကြစို့ရဲ့"

အဲဒီအချိန်ကစပြီး ဒဟတ်ကုန်းရွာထိပ်မှ ဦးဆရာနှင့် ဒေါ်ဆရာမတို့ အိမ်ကြီးမှာ အသုဘ အခမ်းအနားလုပ်တာကိုလည်း မကြားရ၊ သေဆုံးသွားပါသည်ဟုဆိုသော ကလေးမလေး၏ အလောင်းကိုလည်း သင်္ဂြိုလ်တာ မတွေ့ရဘဲ ခါတိုင်းလိုပင် ရံဖန်ရံခါ ကြားနေရသော သွေးပျက်ဖွယ်ရာ တောက်တဲ့ အော်သံကြီးမှအပ တိတ်ဆိတ်မြဲတိတ်ဆိတ်လျက်ပင် ရှိနေတော့သည်။

□ □ □

## အခန်း (၄)

ကလေးမလေး သေဆုံးသွားပါသည်ဆိုသော နေ့မှစပြီး ဒဟတ်ကုန်းရွာထိပ်မှ ဦးဆရာနှင့်ဒေါ်ဆရာမ တို့၏ အိမ်ကြီးဆီသို့ အနီး မှဖြတ်သွားဖြတ်လာ ရွာသားတွေက သံသယမျက်လုံးတွေနှင့် တစေ့တစောင်းချောင်းမြောင်းကြည့်ကြသလို တစ်ခါတစ်ရံမှာ နွားကျောင်းသားတွေ၊ ဈေးသွားဈေးပြန်ရွာသားတွေကလည်း ထိုအိမ်ကြီးဆီသို့ မယောင်မလည်နှင့် လှမ်းကြည့်သွားကြလေသည်။

ထိုသို့ လှမ်းကြည့်လိုက်ချိန်တိုင်းမှာလည်း မည်းမှောင်နေသည့် အိမ်ကြီးအတွင်း ဦးဆရာကော ဒေါ်ဆရာမပါ ဘာတွေကို တကုပ်ကုပ် လုပ်နေကြမှန်းမသိ၊ အရိပ်အရောင်ပင် မမြင်ရဘဲ ဖြစ်နေသည်။ ဒါ့အပြင် ခါတိုင်းကြားနေကျ ဥုံခံပြီး မန်းသံမှုတ်သံတွေနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဂါထာလိုလို ဘာလိုလို ရွတ်သံတွေကိုလည်း မကြားရသလောက် ပင်ဖြစ်နေ၏။

သည်လိုနှင့်…

ရက်အနည်းငယ်အကြာ မကွေးမြို့သို့ ဆေးကုသွားကြသည့် ကိုစံညွန့်နှင့်မိဒေါင်းတို့က သူတို့သားလေးဖိုးလုံးကို ချီပိုးလျက် ဒဟတ်ကုန်း ရွာသို့ ပြန်ရောက်လာကြ၏။

သူတို့ကို မြင်လိုက်သည်နှင့် ရွာသားတွေကလည်း ခရီး ရောက် မဆိုက်ကလေး၏ အခြေအနေကို ဝိုင်းပြီးမေးကြလေသည်။

"ဗျို့…ကိုစံညွန့်တို့ မိဒေါင်းတို့ မကွေးကပြန်လာကြ ပြီလား… ဘယ့်နှယ်လည်းဗျ၊ ဖိုးလုံးလေးကော သက်သာရဲ့လား"

"သက်သာတယ်ဗျို့၊ သက်သာရုံတင်မကဘူး၊ ရောဂါပါ အရှင်း ပျောက်သွားပြီ၊ တော်သေးတာပေါ့ဗျ၊ မြို့ပေါ်က ကလေး သူငယ်နာကု ဆရာကြီး ဆရာမြှာနဲ့တွေ့ပေလို့ပေါ့"

ရွာသားတွေကလည်း ကိုစံညွန့်ပခုံးပေါ်မှ ဖိုးလုံးလေးကို ချော့ မြူသူကချော့၊ အကျိုးအကြောင်း မေးသူကမေးနှင့် ရွာလမ်းမပေါ် ကျွတ်ကျွတ်ပင်ညံနေတော့သည်။

ထိုစဉ်မှာပဲ ရွာသားတစ်ဦးက…

"အေးဗျာ…တော်သေးတာပေါ့၊ ဆရာကောင်းသမား ကောင်းနဲ့ တွေ့ပေလို့ပေါ့၊ ဟောဟိုအိမ်ကြီးက ဦးဆရာနဲ့ ဒေါ်ဆရာမ



တို့လို မေတ္တာစိတ်ခေါင်းပါးတဲ့ လူမျိုးနဲ့ မတွေ့တာဘဲကံကောင်း…"

"အေး…အဲဒါကို ကျုပ်ကမကျေနပ်တာ ဘယ့်နှယ်ဗျာ… လူတွေကိုက စုန်းလိုလို ကဝေလိုလိုတွေနဲ့၊ တောက်…တွေ့ကြသေး တာပေါ့ကွာ"

ချက်ချင်းဆိုသလို ကိုစံညွန့်၏မျက်လုံးထဲမှာ စာနာစိတ်ကင်း ပြီး ရက်စက်ယုတ်မာသည့် ဆေးဆရာ လင်မယား၏ မျက်နှာတွေကို ပြုံးကာနဲ့ ပြန်မြင်လိုက်မိလေရာ ယမ်းပုံပေါ် မီးစကျသလို ဒေါသတွေက အသစ်ပြန်ဖြစ်သွား၏။ ထို့နောက် လက်ထဲမှကလေးကို တခြားသူ တစ်ယောက်လက်ထဲသို့ ကပျာကယာထည့်လိုက်ပြီး ဘာမှမပြောမဆို ဦးဆရာတို့ ခြံဝင်းကြီးအတွင်းသို့ အတင်းစွတ်ဝင်သွားလေသည်။

တစ်ချိန်တည်းမှာပဲ မိဒေါင်းအပါအဝင် ဆောကလူတွေ ကလည်း ခြံဝင်းကြီးအတွင်းသို့ ဒေါသတကြီး နှင့် လှမ်းဝင်သွားသည့် ကိုစံညွန့်ကို ဝိုင်းပြီးအော်ဟစ်ဟန့်တားလိုက်ကြ၏။

"ဟေ့…ဟေ့…ကိုစံညွန့်"

"ဆွဲကြပါအုံးဟ…ကိုကြီးအောင်စိန်တို့ရ"

"ဟာ…ဒီလူကတော့ ခက်တော့နေပြီ"

သို့သော် ကိုစံညွန့်ကတော့ အားလုံးကဝိုင်းပြီး ဟန့်တားနေ သည့်ကြားမှာပင် ဦးဆရာတို့ခြံဝင်းကြီး အတွင်းသို့ ခြေလှမ်းကျဲကြီးများ နှင့် လှမ်းဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးအောင်စိန်နှင့် ကိုဘကံတို့မှာလည်း ဒေါသတကြီးနှင့် လှမ်းဝင်သွားသည့် ကိုစံညွှန့်ကို မဖြစ်သင့်တာမဖြစ်ရအောင် အနောက်မှလိုက်ပြီး ဆွဲကြလွဲကြ၏။ ထိုသို့ ဆွဲကြလွဲကြရင်း အိမ်ကြီး၏ရှေ့မျက်နှာစာမှ မြေကွက်လပ်အတွင်းသို့ သူတို့သုံးယောက်သား ရောက်မှန်းမသိပင် ရောက်သွားကြသည်။

သူတို့ရောက်သွားချိန်မှာတော့ အိမ်ကြီးအနီးပတ်ဝန်းကျင်တစ်ခုလုံးမှ ညနေခင်း၏ နေရောင်ကြောင့် ခပ်မှိုင်းမှိုင်းပင်ဖြစ်နေ၏။

ကိုကြီးအောင်စိန်နှင့် ကိုဘကံတို့မှလည်း ထိုအိမ်ကြီးရှေ့သို့ ရောက်ကာမှ ကိုစံညွှန့်ကို ဆွဲဖို့လွဲဖို့ပင် သတိမရတော့ဘဲ ပတ်ဝန်းကျင်တစ်ခုလုံးကို ဟိုဟိုဒီဒီလှည့်ပတ်ပြီး ကြည့်မိနေ၏။ သူတို့အဖို့ ယခုလိုတစ်ကြိမ်တစ်ခါမှ ရောက်ဖူးခြင်းမရှိသော တစိမ်းပြင်ပြင်နေရာကြီးကြောင့်လည်း စိတ်ထဲမှာ မသိုးမသန့်တွေ ဖြစ်မိနေကြ၏။

ထိုအချိန်မှာပင်...

ဇွေ့တိုက်လိုက်သော လေပြေတစ်ချက်ကြောင့် ခြံဝင်းကြီးအတွင်းမှ အုံ့ဆိုင်းနေသော သစ်ရွက်တွေက အချင်းချင်းပွတ်တိုက်ပြီး တရှဲရှဲ နှင့် အသံမြည်သား၏။ ထိုအသံတွေနှင့် ရောယှက်လာသည့် လေပြေထဲတွင်တော့ ညှီစို့စို့အနံ့ကြီးတစ်ခုကို သူတို့သုံးယောက်သား ပြိုင်တူဆိုသလို ရမိလိုက်လိုက်ကြလေသည်။

"ဟင်..."



ထိုအနံ့ကြီးကိုရမိလိုက်သည်နှင့် ကိုကြီးအောင်စိန်နှင့် ကိုဘကံတို့မှာ တစ်ယောက်မျက်နှာကိုတစ်ယောက် လှည့်ကြည့်လိုက်ကြ၏။ ကိုစံညွှန့်ကတော့ ထိုအနံ့ကြီးကို အထူးအဆန်းသဖွယ် ဂရုပြုမိပုံမရဘဲ အိမ်အောက်ထပ်မှ ပိတ်ထားသော တံခါးမကြီးရှေ့တွင်ရပ်ကာ ဦးဆရာနှင့် ဒေါ်ဆရာမတို့ကို မကျေမနပ် လှမ်းအော်ဝေါက်နေ၏။

"ဗျို့...ဆေးဆရာဆိုတဲ့သူ...တံခါးဖွင့်စမ်းပါအုံး"

ကိုစံညွှန့်၏အသံမှလွဲ၍ အိမ်ကြီးအနီးပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်နေ၏။ ကိုကြီးအောင်စိန်နှင့် ကိုဘကံတို့နှစ်ယောက်မှာလည်း ဒေါသတကြီးနှင့် အော်ဟစ်နေသည့် ကိုစံညွှန့်၏နောက်ကျောတွင် ကပ်လျက်ရှိနေသော်လည်း ကိုစံညွှန့်ကို ပြန်ပြီးဆွဲခေါ်သွားကြဖို့ သတိလက်လွတ်ပင်ဖြစ်နေကြသည်။

ထိုအချိန်မှာပင် ကိုစံညွှန့်က လေသံကိုမြှင့်ကို ထပ်အော်ခေါ်လိုက်ပြီး ပိတ်ထားသော တံခါးမကြီးကိုလည်း လက်ဖြင့် တဒုန်းဒုန်းထုလိုက်လေရာ...

"ဟေ့ လူစိတ်မရှိတဲ့ဆေးဆရာ အခု တံခါးဖွင့်စမ်း"

"ဒုန်း...ဒုန်း"

တံခါးက စေ့ရုံစေ့ထားသဖြင့် ကိုစံညွှန့်လက်ဖြင့် ထုရိုက်လိုက်သည့်အရှိန်ကြောင့် အတွင်းသို့ တွန်းကန်ပွင့်ဟသွား၏။

"ကျွီ...ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်...တံခါးက အတွင်းမှ ချက်မှမချထားဘဲ"

ရုတ်တရက်ပွင့်သွားသော တံခါးမကြီးကြောင့် ကိုကြီးအောင်စိန် နှင့် ကိုဘကံမှာ ပါးစပ်အဟောင်းသားတွေ ဖြစ်ကုန်ကြသော်လည်း အိမ်ကြီးအတွင်းသို့ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း လှစ်ကနဲပင် လှမ်းဝင်သွား၏။

"ဟေ့လူ ကိုစံညွန့်...ကိုစံညွန့်"

"ကိုစံညွန့်...အရမ်းမဝင်နဲ့"

ကိုဘကံနှင့် ကိုကြီးအောင်စိန်တို့၏ တားမြစ်လိုက်သည့်အသံကို ကိုစံညွန့်တစ်ယောက် ဘယ်လိုမှကြားမိလိုက်ပုံမရ၊ သူ့ခြေလှမ်းတွေက မည်းမှောင်နေသော အိမ်ကြီးအတွင်းသို့ပင် ရောက်ရှိသွားလေပြီ။

ကိုဘကံတို့နှစ်ယောက်မှလည်း တားမရစီးမရ ဖြစ်နေသော ကိုယ့်လူနောက်သို့ ဆွဲရင်းလွဲရင်းနှင့်ပင် ကောက်ကောက်ပါအောင် လိုက်ပါသွားကြ၏။

သူတို့သုံးယောက်သား ထိုအိမ်ကြီးအတွင်းသို့ ရောက်သောအခါ စောစောကရလိုက်သော ညှီစို့စို့ အနံ့ဆိုးကြီးကို ပိုပြီးစူးစူးရှရှ ရလာကြ၏။ ပြီးတော့ ကျွန်းတိုင်လုံးကြီးတွေနှင့် ဆောက်ထားသော အိမ်ကြီးမှာ မြေစိုက်အိမ်ကြီးဖြစ်သဖြင့် စွတ်စိုထိုင်းမှိုင်းသော မြေသားနံ့တွေကိုပါ ရနေ၏။

ထို့နောက် ကိုစံညွန့်နှင့်အတူ ကိုဘကံတို့နှစ်ယောက်မှာ



အိမ်ကြီး၏ အောက်ထပ်မှ ဝဲယာအနံ့ကို မျက်လုံးဝေ့ယမ်းပြီး ကြည့်လိုက်ကြ၏

သို့သော်...

အိမ်ကြီး၏ အောက်ထပ်တစ်ခုလုံးမှာ...

ဦးဆရာနှင့်ဒေါ်ဆရာမတို့ကို အရိပ်အယောင်မျှပင် မတွေ့ရဘဲ ဝင်ကူမှျင်များ၊ ကြပ်ခိုးများနှင့် ညစ်ထေးထေးဖြစ်နေသည့် ဖားဖိုကြီးတစ်ခုကို တွေ့လိုက်ရလေသည်။ ထိုဖားဖိုကြီးနှင့် မလှမ်းမကမ်းမှာတော့ ရွှံ့တွေ အလိမ်းလိမ်းပေကျံနေသည့် ပေါက်ပြားတစ်လက်ကို တွေ့လိုက်ရသည်။

ကိုဘကံနှင့် ကိုကြီးအောင်စိန်တို့မှာ ဒီအိမ်ကြီးအတွင်းသို့ ရောက်ကတည်းက ကိုစံညွန့်လို ဦးဆရာနှင့်ဒေါ်ဆရာမတို့ကို ထိုးကန်း တောင်းမှောက် ရှာဖွေနေခြင်းမဟုတ်၊ သူတို့ ရှာဖွေနေကြသည်က သင်္ဂြိုလ်တာကိုလည်းမတွေ့၊ သပိတ်သွပ်တာကိုလည်း မတွေ့ရသည့် မကြာသေးခင်ရက်ကမှ ဆုံးပါးသွားသော ကလေးမလေး၏ အသုဘကိုပင်ဖြစ်သည်။

ထိုအချိန်မှာပင် ကိုစံညွန့်က အိမ်ကြီး၏အပေါ်ထပ်သို့တက်ရာ လှေကားကြီးတစ်ခုအနီးသို့ ရောက်သွားလေရာ ကိုဘကံတို့နှစ်ယောက်မှာလည်း အလိုလိုနေရင်း ထပ်ကြပ်မကွာလိုက်ပါသွားမိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်သား အိမ်ကြီး၏အပေါ်ထပ်ဆီသို့ ရောက်ရှိသွားချိန်မှာတော့ . . .

"တောက် တဲ့ . . ."

"တောက် တဲ့ . . ."

ရုတ်တရက် ကျယ်ကျယ်လောင်လောင်ကြီး ကြားရသည့် တောက်တဲ့ အော်သံကြီးကြောင့် သူတို့ခြေလှမ်းတွေက အလိုလိုပင် ရပ်တန့်သွားကြ၏။

တစ်ချိန်တည်းမှာပဲ သူတို့မျက်လုံးတွေက အပေါ်ထပ်တစ်ခုလုံးကို ဟိုဟိုဒီဒီနှင့် လှည့်ပတ်ပြီး ကြည့်လိုက်မိကြသည်။ ထိုအပေါ်ထပ်တစ်ခုလုံးမှာတော့ ချဉ်စုတ်စုတ် ပုတ်အဲ့အဲ့အနံ့တွေနှင့် ဆေးပုလင်းတွေ၊ ဘူးတွေခွက်တွေက ရနေသည့် ပရဆေးနံ့တွေက ထောင်းထောင်းထနေ၏။ ဒါ့အပြင် ဆေးထောင်းသည့် သံဆုံကြီးတစ်ခုမှာလည်း အခန်းတစ်ခုသဖွယ် ကန့်ပြီးကာရံထားသည့် အနီရောင်ကန့်လန့်ကာစကြီးအနီးတွင် ဖယ်ရိုဖရဲနှင့် ဖြစ်နေ၏။

ထိုအချိန်ထိ ဦးဆရာနှင့် ဒေါ်ဆရာမတို့နှစ်ဦးကို အိမ်ကြီး၏ အပေါ်ထပ်မှာ လုံးဝမတွေ့ရ။ ဒါ့အပြင် ကိုဘကံတို့ တစ်ထစ်ချ တွက်ဆထားသည့် ကလေးမလေး၏ ရုပ်အလောင်းကိုလည်း ထိုအိမ်ကြီး၏ အပေါ်ထပ်တွင် လုံးလုံးမတွေ့ရချေ။

ထိုစဉ် . . .



"ဒီ . . . လိုက်ကာစနီနီကြီးရဲ့ အတွင်းဘက်မှာရော"

သူတို့သုံးယောက်စလုံး၏ မျက်လုံးတွေကအခန်းတစ်ခုသဖွယ် ကန့်ပြီးကာရံထားသည့် ကန့်လန့်ကာစကြီးဆီသို့ ပြိုင်တူဆိုသလို လှမ်းကြည့်မိလိုက်ကြ၏။

ထို့နောက် ကိုစံညွန့်က ကန့်လန့်ကာစကြီးရှိရာသို့ ဖြည်းဖြည်းချင်းလျှောက်သွားပြီး လက်နှစ်ဖက်ဖြင့် အားကုန်ဆွဲဖွင့်လိုက်လေရာ . . .

"တောက် တဲ့"

"တောက် တဲ့"

ဘယ်ကြိုဘယ်ကြားက အော်နေမှန်းမသိသည့် တောက်တဲ့ အော်သံကြီးကိုသာ ကြားလိုက်ရပြီး အခန်းသဖွယ်ကာရံထားသည့် ကန့်လန့်ကာကြီးအတွင်းမှာတော့ နှစ်ယောက်အိပ်ကြေးကုတင်ကြီး တစ်လုံးနှင့် ထန်းခေါက်ဖာသုံးလေးလုံးကိုသာ တွေ့လိုက်ရသည်။

"ဟင်"

ကိုစံညွန့်၊ ကိုဘကံနှင့် ကိုကြီးအောင်စိန်တို့မှာ ပါးစပ်က ဟင်ကနဲရေရွတ်လိုက်ကာ တစ်ယောက် မျက်နှာကိုတစ်ယောက် ပြိုင်တူဆိုသလို လှမ်းကြည့်လိုက်မိကြ၏။ တစ်ချိန်တည်းမှာပဲ ဒီအိမ်ကြီးအတွင်းမှာ ပျောက်ချင်းမလှ ပျောက်ကွယ်သွားသော ဆေးဆရာလင်မယားကိုလည်း အံ့ဩမဆုံးတွေ ဖြစ်ကုန်ကြ၏။

ထိုအချိန်မှာပင် . . .

www.burmeseclassic.com

www.burmeseclassic.com



လေတိုက်တိုင်း အိမ်နံရံကို တဘုတ်ဘုတ်လာပြီး ထိရိုက်နေသည့် အသံကြီးကို သူတို့ သုံးယောက်သား ကြားလိုက်ရပြန်သည်။

"ဘုတ် ဘုတ်"

"ဘုတ် ဘုတ်"

ထိုအသံကြီးကို ကြားလိုက်ရသည်နှင့် ကိုဘကံက...

"ဟင်...ဒါ...ဒါ ဟို တောက်တဲ့ကြီးက အိမ်နံရံကို အမြီးနဲ့ ရိုက်နေတဲ့အသံများလားဗျ"

ကိုစံညွန့်နှင့် ကိုကြီးအောင်စိန်တို့ကတော့ ကိုဘကံ၏ ထင်ရာမြင်ရာတွေပြောဆိုလိုက်သည့်စကားကို အသိအမှတ်ပြုပုံမရ၊ တစ်စုံတရာကိုစဉ်းစား ခေါင်းကိုသာ ဖြည်းညင်းစွာ ခါယမ်းနေကြ၏။

ထိုသို့သော ဘာမှန်းမသိသည့် အဖြစ်အပျက်တွေကြောင့် ဒီအိမ်ကြီးအတွင်းသို့ ဒေါသတကြီးနှင့် စပြီးဝင်လာခဲ့သည့် ကိုစံညွန့်ကိုယ်တိုင် တစ်စနှင့်တစ်စ သွေးပျက်စပြုလာ၏။ သူနှင့်အတူ နောက်မှ ထပ်ကြပ် မကွာလိုက်ပါလာကြသော ကိုကြီးအောင်စိန်နှင့် ကိုဘကံတို့မှာလည်း အစကတည်းကမှ ဒီအိမ်ကြီးကို စိတ်ထဲတွင် မသိုးမသန့်တွေ ဖြစ်နေခဲ့ကြရာ ယခုလို ခြောက်ခြားစရာအဖြစ်တွေနှင့် နဖူးတွေ့ ဒူးတွေ့ တွေ့လိုက်ရချိန်မှာတော့ ခြေဖျားလက်ဖျားတွေပင် အေးစက်စက်ဖြစ်လာကြသည်။

ထိုအချိန်မှာပင် နောက်ထပ် အိမ်နံရံကို လာပြီးထိရိုက်နေ



သည့် အသံကြီးကို ထပ်ပြီးကြားလိုက် ရပြန်သည်။

"ဘုတ် ဘုတ်"

"ဘုတ် ဘုတ်"

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

(သို့မဟုတ်)

## ဇာတ်လမ်းအစ...

အချိန်ကား… ၁၉၃၂-ခုနှစ်၊ မတ်လ။

ကိုလိုနီလက်အောက်သို့ ကျရောက်နေသော မြန်မာပြည် တစ်ခုလုံးမှာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေးတို့က အစစ အရာရာ ချွတ်ခြုံကျလျက် တိုင်းရင်းသားအများစုမှာ မျက်စေ့သူငယ် နားသူငယ်နှင့် ဆင်းရဲတွင်းနက်နေကြသော ခေတ်အခါသမယကြီး ဖြစ်လေသည်။

ထိုသို့ ကျွန်ဘဝရောက်ပြီး ဆင်းရဲတွင်းနက်နေရသည့်အထဲ နယ်ချဲ့နှင့်အတူပါလာသည့် အခြား ဘာသာရေးအဖွဲ့အစည်းတွေက



မြန်မာတိုင်း ရင်းသားတွေကို အမျိုးမျိုးဖိနှိပ် လက်ဝါးကြီးအုပ်ကာ ဘာသာသာသနာပြုနေခြင်းကြောင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးအချို့မှာ အခြား ဘာသာဝင်များ ဖြစ်ကုန်ကြပြီး ရင်နှင့်စရာတွေ တစ်ပုံတစ်ပင်ကြီးနှင့် ရင်ဆိုင်နေရလေသည်။ ဒီကြားထဲ အင်္ဂလိပ်အစိုးရကလည်း သူ့စာ၊ သူ့ပညာကို တန်ဖိုးကြီးအောင် လုပ်ထားလေရာ ဆင်းရဲသား မြန်မာ တိုင်းရင်းသားတို့မှာ လွန်စွာမှ အောက်ကျနောက်ကျနိုင်နေကြလေ သည်။

ထိုအခြေနေမှာပင် အချို့သော မျိုးချစ်ပုဂ္ဂိုလ်တွေက မြန်မာ တိုင်းရင်းသား ဆင်းရဲသူအများစုတို့ကို နယ်ချဲ့အင်္ဂလိပ်နှင့်တန်းတူ ရင်ဘောင်တန်းနိုင်ကြဖို့ ခေတ်ပညာတတ်တွေဖြစ်လာကြဖို့ အမျိုးမျိုး ကြိုးပမ်းအားထုတ်ခဲ့ကြလေသည်။ ထိုသို့ ကြိုးပမ်းအားထုတ်သူတွေထဲ မှာတော့ မကွေး၊ တောင်တွင်းနယ်တွေ တစ်စိုက်မှ မျိုးချစ်ရဟန်းရှင် လူတွေက ဗုဒ္ဓသာသနာပြုနေရှင်နယ် စာသင်ကျောင်းကြီးတွေကို အခမဲ့ဖွင့်လှစ်တည်ထောင်လိုက်ကြခြင်းပင်ဖြစ်လေသည်။

"အရှင်ဘုရား…ကြားပြီးပြီလား ဘုရား…တောင်တွင်းကြီး မြို့က ဆရာတော်သျှင်ဥတ္တမက ဗုဒ္ဓသာသနာပြုကျောင်းကြီး ဖွင့်တော့ တော့ ဘုရား"

"ဟေ…"

မြင်ကွန်းရွာအစွန်ရှိ ရွာဦးကျောင်းပေါ် လက်အုပ်[illegible]ဖက်ချီရင်း

www.burmeseclassic.com

www.burmeseclassic.com



တက်လာသော ဆီစက်ပိုင်ရှင် သူဌေးလေးမောင်ဖေတင်၏ ခရီးရောက်မဆိုက် လျှောက်တင်လိုက်သည့် သတင်းစကားကြောင့် ကျောင်းထိုင် ဆရာတော်ကြီးဦးပညာဝံသမှာ ပါးစပ်က ဟောကနဲပင် ရေရွတ်လိုက်မိသည်။

မြင်ကွန်းရွာမှ ဆီစက်ပိုင်ရှင်သူဌေးကလေး မောင်ဖေတင်မှာ ကျောင်းထိုင်ဆရာတော် ဦးပညာဝံသ၏ တပည့်ရင်း ဒကာရင်းဖြစ်သည့် အားလျော်စွာ ကျောင်း၏ဝေယျာဝစ္စတို့ကို လိုလေသေးမရှိ ဆက်ကပ် လှူဒါန်းနေသည့် လူရွယ်တစ်ဖြစ်ရုံမျှမက အမျိုးသားရေးနှင့် ဘာသာရေး သာသနာရေးတို့တွင် ဆရာတော်ကြီး ဦးပညာဝံသနှင့် အတူ တစ်ဖက်တစ်လမ်းမှ စွမ်းစွမ်းတမံ ဆောင်ရွက်နေသော လူငယ် တစ်ဦးပင်ဖြစ်၏။

"ဆိုစမ်းပါအုံး ဒကာကြီးရဲ့၊ ဘယ်လို ဗုဒ္ဓသာသနာပြု ကျောင်းမျိုးလဲ"

"ဒီလိုပါဘုရား...တပည့်တော်တို့လို ကျွန်ဘဝရောက်နေကြတဲ့ ဗမာလူမျိုးတွေကို သခင်ဘဝ ရောက်ကြဖို့ ခေတ်ပညာတွေ အခမဲ့သင်ပေးမယ့် ကျောင်းဆိုပါတော့ဘုရား၊ ပြီးတော့ အဲဒီကျောင်းကြီးမှာ သူငယ်တန်းကစပြီး အထက်တန်းအထိ မြန်မာစာ၊ အင်္ဂလိပ်စာ ဂဏန်း၊ အက္ခရာသင်္ချာနဲ့ ပထဝီဆိုတဲ့ ဘာသာရပ်တွေကို အလကား သင်ပေးမှာတဲ့ဘုရား"



"အလို...တယ်လည်းဝမ်းမြောက်စရာကောင်းတဲ့ သတင်း ပါလား ဒကာရဲ့"

ပြောပြောဆိုဆို ဆီစက်ပိုင်ရှင် သူဌေးကလေး မောင်ဖေတင် က လက်ထဲမှာ လိပ်ယူလာသည့် ဆရာတော်သျှင်ဥက္ကဋ္ဌကိုယ်တိုင် ရေးသားပြီး ဖြန့်ချိဝေငှလိုက်သော ကြော်ငြာလွှာကို ကျောင်းထိုင်ဆရာ တော်ကြီး ဦးပညာဝံသအား တရိုတသေ လှမ်းပေးလိုက်လေသည်။

ထို့နောက် ဆရာတော်ဦးပညာဝံသက လိပ်ထားသော ကြော်ငြာလွှာကို ကပျာကယာ ဆွဲဖြန့်လိုက်ရင်း မျက်မှောင်ကျုံ့ကာ ခေါင်းစဉ်ကအစ အသံထွက်ပြီး ဖတ်လိုက်လေသည်။

"တောင်တွင်းကြီးမြို့၌ ပညာတည်းဟူသော တန်ဆောင်တိုင် ကြီး ညှိထွန်းတော့မည်...တဲ့"

ဟုဆိုကာ ဆရာတော်သျှင်ဥက္ကဋ္ဌ၏ ဗုဒ္ဓသာသနာပြု ကျောင်းကြီး ဖွင့်လှစ်ရသည့်ရည်ရွယ်ချက်နှင့် ပို့ချပေးမည့် ဘာသာ ရပ်တွေကို ကြော်ငြာလွှာပါအတိုင်း အစဉ်တကျ ဆက်ပြီးဖတ်သွား၏။

ထိုသို့ ဆရာတော်ဦးပညာဝံသက ကြော်ငြာလွှာပါ အချက် အလက်တွေကို ရွတ်ဖတ်နေချိန်မှာတော့ ဆရာတော်၏ကျောင်းမှ ရဟန်းပျိုတစ်ပါးဖြစ်သော ဦးကောဝိဒက အနီးသို့ရောက်လာပြီး သင်္ကန်းဝင်စားနှင့် ဝင်ပြီးနားထောင်လေသည်။

ပြင်ဝကျွန်းရွာမှ ကျောင်းထိုင်ဆရာတော်ကြီးဦးပညာဝံသမှာ

www.burmeseclassic.com

www.burmeseclassic.com



သက်တော်ကြီးရင့် နေပြီဖြစ်သော်လည်း ယခုကဲ့သို့ အမျိုးဘာသာ သာသနာအတွက် စွမ်းစွမ်းတမံဆောင်ရွက်ရမည့်ကိစ္စတွေမှာတော့ ဆရာတော်၏ မိန့်ပြုံးရီဝေနေသော မျက်လုံးမျက်ဖန်တွေက တောက်ပ ရွှန်းစိုလာသလို ရွှတ်ဖတ်နေသည့် လေသံကလည်း အားတက်သရော နှင့် လန်းဆန်းတက်ကြွလျက်ပင်ရှိနေသည်။

ထို့အတူ…ဆရာတော်ကို အလုပ်အကျွေးပြုရင်း ကျောင်းမှာ အတူ သီတင်းသုံးနေသည့် ရဟန်းပျို ဦးကောဝိဒမှာလည်း ငယ်ရွယ် ဖျတ်လတ်သူ ရဟန်းတစ်ပါးဖြစ်ပြီး ယခုကဲ့သို့ ဗုဒ္ဓသာသနာပြုကျောင်း တော်ကြီး ဖွင့်လှစ်တော့မည့်ကိစ္စကို အလွန်အမင်းဝမ်းမြောက်လျက် ရှိနေ၏။

ထို့နောက် ဆရာတော်ဦးပညာဝံသက ကြော်ငြာလွှာ၏ အခြားစာမျက်နှာတစ်ဖက်သို့ လှန်လှောပြီး ဆက်ဖတ်လိုက်ပြန်သည်။

"ငွေရေးကြေးရေး ကျပ်တည်းသော ခေတ်ကြီး၌…တဲ့။ ငွေကြေးများစွာ မကုန်ကျစေမူ၍ မြန်မာဘုရင်များ လက်ထက်တော် အခါကကဲ့သို့ လိုလားအပ်သောပညာ အမျိုးမျိုးကို ဘုန်းကြီးကျောင်း များမှ အမျိုးသား၊ အမျိုးသမီးများအား သင်ကြားပေးရန်…တဲ့။ သျှင်ဥက္ကဋ္ဌက ဘာသာခြောက်မျိုးသင်ပေးမည်။ အရှင်ဝိလာသဆိုတဲ့ ပထမကြီးဖာဟီယန် ကျမ်းပြုဆရာက ပါဠိဘာသာနဲ့ အင်္ဂလိပ်ဘာသာ သင်ပြမည်…တဲ့။ ကာယ်လည်းကောင်းတဲ့ ရည်ရွယ်ချက်တွေပဲ…



…ဘာကြီးရဲ့"

"မှန်ပါ့ဘုရား"

ဆီစက်ပိုင်ရှင် သူဌေးကလေး မောင်ဖေတင်မှာလည်း …ကြော်ငြာလွှာကို မရပ်မနားရွှတ်ဖတ်ကြည့်နေသည့် ကျောင်းထိုင်ဆရာ …တော်ကြီး၏ ချီးမွမ်းထောက်ခံလိုက်သည့် စကားမှန်သမျှကို …ပါ့ဘုရားဟူ၍ နောက်က စကားထောက်ပေးနေ၏။

ထို့နောက် ဆရာတော်ကြီးက သျှင်ဥက္ကဋ္ဌ၏ ကြော်ငြာလွှာမှ …ဆုံးအပိုဒ်ကို ဆက်ပြီး ရွှတ်ဖတ်လိုက်ပြန်၏။

"အင်္ဂလိပ်ဘာသာရပ်ကို ဆယ်တန်းကို အစိုးရက ဝင်ခွင့် …ပြုဖြစ်သောကြောင့် သူငယ်တန်းကစ၍ လက်ခံသင်ပြပေးလိမ့်မည်။ …၌ ကျောင်း၌ အချိန်ကုန်ခြင်း၊ ငွေကြေးကုန်ခြင်းမရှိစေရန် အောက်ပါ …တိုင်း သင်ပြပေးလိမ့်မည်…တဲ့။ သူငယ်တန်းတစ်နှစ်၊ မူလတန်း …နှစ်၊ အလယ်တန်းနှစ်နှစ်၊ အထက်တန်း နှစ်နှစ်…တဲ့။ ဒီလို …ဖြင့် ခြောက်နှစ်သင်ရုံနဲ့ ခေတ်ပညာတတ်တွေ ဖြစ်ကုန်ကြပြီပေါ့ …ဘာကြီး ရယ်…"

"မှန်ပါ့ဘုရား…."

"အင်းပြီးတော့ လယ်တွေကိုင်းတွေလုပ်နေကြလို့ …အားလပ်တဲ့သူတွေအတွက်ဆိုပြီး စာသင်ချိန်ကို လည်း ညရှစ်နာရီ …နေ ဆယ်နာရီအထိ ညကျောင်းဖွင့်ပြီးသင်ပေးအုံးမယ်ဆိုပါလား

www.burmeseclassic.com

www.burmeseclassic.com



ဒကာကြီးရဲ့…”

ဆရာတော်ဦးပညာဝံသ၏ စကားကြောင့် တစ်ချိန်လုံး ဘာစကားမှ မပြောပဲ နားစိုက်ထောင်နေသည့် ရဟန်းပျိုဦးကောဝိဒက လက်ဝါးနှစ်ဖက်ကို ဖျန်းခနဲမြည်အောင် တီးလိုက်ရင်း…

“အားကျစရာကောင်းလိုက်တာ ဒကာကြီးရာ ကျုပ်တို့ မကွေးနယ်ဘက်မှာရော အဲဒီလို ကျောင်းမျိုးဖွင့်လို့ မရနိုင်ဘူး လားဗျာ…”

ဟုဆိုလိုက်လေရာ မောင်ဖေတင်က

“တပည့်တော် လာရင်းကိစ္စကလည်း အဲဒါပါပဲ အရှင် ဘုရားတို့…”

ထိုအခါမှ ကျောင်းထိုင်ဆရာတော်ကြီး ဦးပညာဝံသရော ရဟန်းပျို ဦးကောဝိဒပါ ဆီစက် ပိုင်ရှင်သူဌေးကလည်း မောင်ဖေတင်၏ မျက်နှာကိုရွှန်းရွှန်းစားစား မျက်လုံးတွေနှင့် လှမ်းကြည့်လိုက်ကြသည်။

ထို့နောက် မောင်ဖေတင်က ပုဆစ်တုပ်ထိုင်နေရာမှ လက်တစ်ဖက်ကို ကြမ်းပြင်ပေါ်သို့ ထောက်လိုက်ရင်း…

“တပည့်တော် လျှောက်ထားချင်တာက ဒီကဆရာတော်ကြီးတို့ ကိုယ်တိုင်ကြီးမှူးပြီး ဟောဒီ မကွေးနယ်ဘက်မှာလည်း အလားတူစာသင်ကျောင်းမျိုးဖွင့်ချင်တာပဲဘုရား…၊ လိုအပ်တဲ့



မြို့မိမြို့ဖတွေ အလှူရှင်စေတနာရှင်တွေနဲ့ပေါင်းပြီး တိုင်ပင်ညှိနှိုင်းချင်တာပဲဘုရား…”

“ဟုတ်တယ်…အခုလို ဒို့ဗမာတစ်မျိုးသားလုံး ခေတ်ပညာတွေတတ်ဖို့ အရေးကိုတော့ အားလုံးကဝိုင်းပြီးဆောင်ရွက်ကြရမှာပဲ ဒကာကြီး…။ ပြီးတော့ ဒကာကြီးပြောသလို ကျောင်းဆောက်ဖို့ မြေနေရာတို့ ကျောင်းဆရာတွေ ခေါ်ယူဖို့ကိစ္စတွေကိုလည်း မကွေးမြို့ပေါ်ကမြို့မိမြို့ဖတွေရော ဟောဒီ မြင်ကွန်း၊ မိကျောင်းရဲ၊ မကျည်းကန်၊ ဒဟတ်ကုန်း၊ သဲဖြူတောလိုရွာလေးတွေက သူကြီးတွေပါမကျန် အားလုံးစုခေါ်ပြီး အစည်းအဝေးသဘောမျိုးလုပ်ရလိမ့်မယ်ဒကာကြီး”

အားတက်သရော ပြောနေသည့် ဆရာတော်ဦးပညာဝံသက ထိုင်ရာမှထကာ လက်နှစ်ဖက်ကို နောက်ပစ်ရင်း ကျောင်းပေါ်မှ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ပြီး စဉ်းစားသလိုလုပ်နေ၏။

အတန်ကြာမှ မောင်ဖေတင်နှင့် ရဟန်းပျို ဦးကောဝိဒတို့ဘက်သို့လှည့်ကာ…

“ကိုင်း…ကြာပါတယ် ဒကာကြီးရာ၊ ဒကာကြီးနဲ့ ဟောဒီက မောင်ပဉ္စင်းဦးကောဝိဒတို့နှစ်ယောက် မြို့ပေါ်က ရပ်မိရပ်ဖတွေကော မိကျောင်းရဲ၊ ဒဟတ်ကုန်းဘက်ကရွာတွေက သူကြီးတွေကိုပါ မနက် ဖြန်မနက် ဟောဒီကျုပ်ကျောင်းမှာ အစည်းအဝေးလုပ်ဖို့ ဒီနေ့ပဲသွားပြီး အကြောင်းကြားကြပေတော့…။

www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ဘုရား…တပည့်တော်တို့ အခုပဲသွားအကြောင်းကြားလိုက်ပါ့မယ်ဘုရား…."

ဟုဆိုကာ ဆီစက်ပိုင်ရှင်သူဌေးကလေး မောင်ဖေတင်နှင့် ဦးကောဝိဒတို့နှစ်ဦးမှာ ကျောင်းထိုင် ဆရာတော်ကြီး ဦးပညာဝံသကို ဦးသုံးကြိမ်ချလိုက်ပြီး ကျောင်းပေါ်မှ ခပ်သုတ်သုတ်ထွက်ခွာသွားကြလေသည်။

❑

နောက်တစ်နေ့နံနက်တွင်…

မိကျောင်းရဲရွာမှ ဆေးရိုးကုန်သည်ကြီးဦးစိ၊ မကွေးမြို့ပေါ်မှ အမိန့်တော်ရရှေ့နေကြီး ဦးဘိုးလှ၊ လေ့သူကြီးဦးမြဖေနှင့် ဒဟတ်ကုန်းရွာ၊ မကျည်းကုန်းရွာ၊ သဲဖြူရွာတို့မှာ သူကြီးများက မြင်ကွန်းရွာအရွှေ့ရှိ ဘုန်းကြီးကျောင်းသို့ စုရုံးရောက်ရှိလာကြ၏။

ထိုသို့ရောက်ရှိလာကြသည်နှင့် ကျောင်းထိုင်ဆရာတော် ဦးပညာဝံသနှင့် ဆီစက်ပိုင်ရှင်သူဌေးကလေး မောင်ဖေတင်တို့မှာ တောင်တွင်းကြီးနယ်ဖက်မှ ဆရာတော်သျှင်ဥက္ကဋ္ဌ၏ ဗုဒ္ဓသာသနာပြုစာသင်ကျောင်း ကြီးဖွင့်လှစ်တော့မည့် ကိစ္စနှင့်ပတ်သက်ပြီး မိမိတို့ ခရွေးနယ်ဖက်တွင်လည်း အလားတူ စာသင်ကျောင်းတစ်ခု ဆောက်လုပ်ကြမည်ဆိုသော ကိစ္စတို့ကို အားလုံးနားလည်သဘောပေါက်အောင် ရှင်းပြလိုက်လေသည်။ ဒါ့အပြင်…သျှင်ဥက္ကဋ္ဌ၏ ကြော်ငြာ

www.burmeseclassic.com



လွှာကိုလည်း ကြွရောက်လာသည့်လူကြီးမင်းများအား လက်ဆင့်ကမ်းပြီး ဝေငှဖတ်ရှိုင်းလိုက်လေသည်။

ထို့နောက် ရပ်ကွက်ယာန်းပျို့ဦးကောဝိဒက…

"ကိုင်း ဒကာကြီးတို့ ဘယ်လိုသဘောရကြလဲ…"

ဟူ၍ အများသဘောကို မေးမြန်းဆန္ဒခံယူလိုက်လေရာ မိကျောင်းရဲမှ ဆေးရိုးကုန်သည်ဦးစီ၊ အမိန့်တော်ရရှေ့နေကြီး ဦးဘိုးလှ လေ့သူကြီးဦးမြဖေတို့ အပါအဝင် အစည်းအဝေးသို့ ရောက်လာကြသော သူကြီးများ ရပ်မိရပ်ဖများအားလုံးတို့မှာ ဝမ်းသာအားရတွေဖြစ်ကုန်ကြပြီး တစ်ပြေးညီ သဘောတူ လက်ခံလိုက်ကြ၏။

ထို့နောက် အမိန့်တော်ရရှေ့နေကြီး ဦးဘိုးလှက…

"ဒါနဲ့နေပါအုံး အရှင်ဘုရားရဲ့ ဆရာတော်သျှင်ဥက္ကဋ္ဌတို့ ကတော့ သူတို့တောင်တွင်းနယ်မှာ အမိန့်တော်ရရှေ့နေ ဦးမောင်ကြီးနဲ့ ဒေါ်မြရွက်တို့လို ကျောင်းဆောက်လှူမယ့် ဒကာတွေပေါ်ပေမယ့် တပည့်တော်တို့ မကွေးနယ်ဖက်မှာ ဆင်းရဲကြသူတွေများတော့ ကျောင်းလှူမယ့်ဒကာက ထင်သလောက် လွယ်ပါ့မလားဘုရား…"

ထိုအခါမှ ကျောင်းထိုင်ဆရာတော် ဦးပညာဝံသက

"ဒါကလည်း ဟောဟိုက ဆေးရိုးကုန်သည်ဦးစီးတို့ ယောဒီက ဆီစက်သူဌေးလေးမောင်ဖေတင်တို့ လေ့သူကြီးဦးမြဖေတို့ လို ငွေကြေးတတ်နိုင်သူတွေက ရှေ့ကနေ ကမကထလုပ်ပေးကြပေါ့။



…နီးကြီးတို့ကလည်း တတ်နိုင်သလောက် ဝိုင်းကြဝန်းကြမှာပေါ့…
…ဘူးလား …"

ဟုမိန့်ကြားလိုက်လေရာ ဦးစီးတို့ မောင်ဖေတင်တို့ လေ့…ကြီး ဦးမြဖေတို့မှာလည်း မဆိုင်းမတွပင် ဖြေလိုက်ကြ၏။

"…မှန်ပါ့ဘုရား…မှန်ပါ့…ကျောင်းဆောက်ဖို့တာဝန်တော့ တပည့်…တော်တို့တာဝန်ထားပါဘုရား၊ ကျောင်းဆောက်မဲ့ မြေနေရာရဖို့သာ …ခက်တာပါ…"

ထိုအချိန်မှာပင် အစည်းအဝေးတက်ရောက်လာသည့် …ရိုသတ်နှင့် အခြားမြို့ပေါ်မှ လူတစ်စုတို့ ကျောင်းမြေနေရာကိစ္စကို …င်းချင်း တွတ်ထိုးပြောဆိုနေကြ၏။ ထိုအသံတွေက ကျောင်းပေါ် …စီတန်း ညံကနဲ ထွက်ပေါ်လာပြီး လှုပ်လှုပ်ရွရွတွေဖြစ်ကုန်ကြ၏။

ထိုအထဲမှ မြင်ကုန်းရွာခံအချို့ကလည်း လမ်းပမ်းဆက်သွယ် …ကောင်းမွန်သောမြင်ကွန်းရွာတွင်း၌ ကျောင်းဆောက်ချင်ကြသလို …ကျောင်းရဲရွာမှ ဆေးရိုးကုန်သည်ဦးစီကလည်း သူတို့ရွာမှ ကျောင်း…တလေးတွေအတွက် သွားရေးလာရေး အဆင်ပြေအောင် …ကျောင်းရဲမှာပဲ ကျောင်းကိုဆောက်ချင်ပုံတွေ ရနေလေ၏။

ထိုအခြေအနေမှာပဲ ကျောင်းထိုင်ဆရာတော်ကြီး ဦးပညာဝံသ …တစ်ယောက်တစ်ပေါက်ပြောဆိုနေကြသော ပရိတ်သတ်ကြီးကို…

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း…ကိုင်း…ကျုပ်ပြောမယ့် အားလုံးနားထောင်ကြ

အခုအတိုင်းဆိုရင် ဒီကျောင်းမြေနေရာကို ဘုန်းကြီးတို့မြင်ကွန်းဖက်မှ

ဆောက်ရင်လည်း မိကျောင်းရဲဖက်က ကလေးတွေက ကျေနပ်ကြ

မဟုတ်သလို မိကျောင်းရဲဖက်မှာ ဆောက်ရင်လည်း မြင်ကွန်းတို့

အခြားဒဟတ်ကုန်း၊ သဲဖြူတော ရွာတွေက ကလေးတွေက သွားရေး

လာရေးတွေ ခက်ကုန်ကြလိမ့်မယ်။ အဲဒီတော့ ဘုန်းကြီးပြောချင်တာ

က…."

ကျောင်းထိုင်ဆရာတော်ကြီး မိန့်ကြားလိုက်သည့်စကား

ကြောင့် အစည်းအဝေးလာသူအားလုံးမှာ ချက်ချင်းဆိုသလို အသံတွေ

တိတ်ကုန်ကြ၏။

"အဲဒီတော့ ဘုန်းကြီးပြောချင်တာက မြင်ကွန်း မိကျောင်း

နဲ့ ယင်းချောင်းတို့ သုံးပွင့်ဆိုင်ကြားထဲက ဒဟတ်ကုန်းရွာလို အလယ်

ကျကျ နေရာမျိုးမှာပဲ ကျောင်းဆောက်ကြရအောင်"

ထိုစကားကြောင့် မိကျောင်းရဲဖက်မှ ဆေးရိုးကုန်သည်

ဘာတစ်ခွန်းပြန်ပြီး မငြင်းဆန်ဝံ့သည့်အပြင် မြင်ကွန်းဖက်မှ ရွာသား

အချို့မှာလည်း ဆရာတော်ဦးပညာဝံသကို နဂိုကတည်းကမှ ကြောက်

ရိုသေနေကြသည့် တပည့်တကာတွေဖြစ်နေသဖြင့် အားလုံးက ခေါင်း

ညိမ့်လက်ခံလိုက်ကြသည်။

ထိုအချိန်မှာပင်…ဒဟတ်ကုန်းရွာနှင့် အလှမ်းဝေးသည့်



အခြားရွာမှ ရွာသားတစ်ဦးက…

"အရှင်ဘုရား ဒီလိုဆိုရင်ဖြင့် တပည့်တော်တို့လို ဒဟတ်

ကုန်းရွာနဲ့ဝေးတဲ့ရွာတွေက ကလေးတွေ အတွက်တော့ ကျောင်းနေဖို့

တောင် လွယ်ပါ့မလားမသိဘူး ဘုရား…ခရီးကဝေးလွန်းပါတယ်"

"ဒီလိုတော့လည်း မဟုတ်သေးဘူးလေဒကာရဲ့…အဲဒီလို

ဝေးလံတဲ့ရွာတွေက ကလေးတွေကိုတော့ ကျောင်းအိပ်ကျောင်းစား

လက်ခံရမှာပေါ့။ ဒါကိုလည်း အခုကျောင်းမြေနေရာသေချာသွားပြီ

ဆိုတော့ ကျောင်းအုပ်ချုပ်ရေးအဖွဲ့တို့၊ ဆရာအဖွဲ့တို့ ဖွဲ့ပြီး သေသေ

ချာချာလက်ခံရမှာပေါ့…"

အားလုံးကျေကျေနပ်နပ်ကြီး လက်ခံသွားချိန်မှာတော့

ကျောင်းမြေနေရာကိစ္စကို ဦးပဥ္စင်း ဦးကောဝိဒက စကားပြန်စလိုက်

လေ၏။

"ကိုင်း…ဒဟတ်ကုန်းရွာက ကျောင်းမြေနေရာကိစ္စကို

ဘယ်လိုလုပ်ကြမတုန်း….အခုလို တစ်တိုင်းတစ်ပြည်လုံးစားဝတ်နေ

ရေးတွေ ခက်နေကြတဲ့အချိန်မှာ ကျုပ်တို့က ကျောင်းမြေနေရာကို

အတင်းအကျပ်တော့ အလှူမခံချင်ဘူး…ဗျ"

ထိုအချိန်မှာပင်…

မကျည်းကုန်းရွာသားတစ်ဦးက

"ဒဟတ်ကုန်းရွာဘက်မှာတော့ လူမနေတော့တဲ့ ခြံထပ်အိမ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်လုံးရှိတယ်လို့တော့ ကြားတာပဲ ဘုရား။ အဲဒီအိမ်ကြီးမှာ ကျောင်းဖွင့်နိုင်ရင်တော့…”

“ဘယ်လို ဒကာရဲ့ ဒဟတ်ကုန်းမှာ လူမနေတဲ့အိမ်ကြီးရှိတယ် ဟုတ်လား…”

ကျောင်းထိုင်ဆရာတော် ဦးပညာဝံသ၏စကားကြောင့် လူအုပ်ကြားထဲမှာ ခေါင်းငုံကာမသိသလိုနေနေခဲ့သည့် ဒဟတ်ကုန်းရွာသူကြီး ဦးညိုမှာ ခေါင်းနပမ်းတွေကြီးသွား၏။

ထိုအချိန်မှာပဲ ဆရာတော်ကြီးက

“ဟဲ့…ညို နင်တို့ရွာမှာ လူမနေတဲ့အိမ်ကြီးရှိတယ်ဆိုတာ ငါ့ကို စောစောကဘာကြောင့် မလျှောက်တင်ရတာလည်း ဟဲ့…ညိုရဲ့”

“တ…တ…တပည့်တော် အမှတ်တမဲ့ဖြစ်သွားလို့ပါ ဘုရား”

တုန်ရင်နေသော အသံတွေဖြင့် မှသားစကားကို ပြောဆိုလိုက်သော ဒဟတ်ကုန်းရွာသူကြီးမှာ တကယ်တော့ သူတို့ရွာမှ ဆေးဆရာလင်မယား နေထိုင်သွားခဲ့ကြသည့် ချောက်ချားစရာ အိမ်ကြီးကို စာသင်ကျောင်းကြီးအဖြစ် ဖွင့်လှစ်ရန် သင့်တော်ပါ့မလား ဟူသည့် အတွေးတွေကလည်း သူ့ခေါင်းထဲမှာ အစောကြီးကတည်းက ရှိနေနှင့်ပြီဖြစ်၏။



“ဒါနဲ့ နေပါအုံး ညိုရဲ့… အဲဒီအိမ်ကြီးက တကယ်တော့ လူမနေကြတော့ဘူးလားဟဲ့”

“မှန်ပါ့ဘုရား…အိမ်ပိုင်ရှင်တွေမရှိကြတော့တာ လေးငါးခြောက်နှစ်လောက်ရှိပါပြီ။ အဲ… အဲဒီအိမ်ရှင်လင်မယားက…”

ဒဟတ်ကုန်းရွာသူကြီး ဦးညို၏စကားသံတွေ ထစ်ငေါ့နေချိန်မှာတော့ ကျောင်းထိုင်ဆရာတော်ကြီး ဦးပညာဝံသက

“ကိုင်း…ကိုင်း…ပိုင်ရှင်တွေမရှိတော့မှတော့ အဲဒီအိမ်ကြီးကိုပဲ စာသင်ကျောင်းအဖြစ်နဲ့ ယာယီသပုတ်လိုက်ကြစို့ဟေ့၊ နောင်ဒီထက်ကျယ်ဝန်းတဲ့ မြေနေရာမျိုးရခဲ့ရင်တော့ ဟောဒီက ဆေးရိုးကုန်သည်ကြီး ဦးစီတို့၊ မောင်ဖေတင်တို့လိုငွေကြေး တတ်နိုင်သူတွေက ဦးဆောင်ပြီး စာသင်ကျောင်းတစ်ခု ဆောက်ကြတာပေါ့…”

ဟုဆိုလိုက်လေရာ အစည်းအဝေးသို့ရောက်လာကြသည့် လူတွေအကုန်လုံးမှာ အားလုံးတညီ တစ်ညွတ်တည်း လက်ခံလိုက်ကြသည်။

ထို့နောက် ဆရာတော်ကြီးဦးပညာဝံသက-

“နို့ပြီး…ဒီကမောင်ပဥ္စင်းဦးကောဝိဒနဲ့ ဒကာလေးမောင်ဖေတင်တို့က အဲဒီဒဟတ်ကုန်းရွာကိုသွားပြီး အိမ်ကြီးရဲ့အနေအထားကို ကြည့်ကြချေ။ လိုအပ်တဲ့အကူအညီတွေကိုလည်း ဦးစီတို့၊ ဦးဘိုးလှတို့လိုလူကြီးတွေနဲ့ ညှိနှိုင်းပြီးဆောင်ရွက်ကြပေါ့ကွယ်….”

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါဘုရား…တပည့်တော်တို့ မနက်ဖြန်မှာ အဲဒီဒဟတ်ကုန်း ရွာက လူမနေတဲ့အိမ်ကြီးကို သွားပြီးကြည့်လိုက်ပါမယ်"

ထိုနေ့က အစည်းအဝေးတက်လာကြသော မိကျောင်းရဲမှ ဆေးရိုးကုန်သည် ဦးစီအမိန့်တော်ရ ရှေ့နေကြီး ဦးဘိုးလှနှင့် လှေသူကြီး ဦးမြဖေ အပါအဝင် ဆီစက်ပိုင်ရှင်သူဌေးလေး မောင်ဖေတင်ဆိုသလို စာသင်ကျောင်း အဖြစ်ရှိလိုက်သည့် နှစ်ထပ်အိမ်ကြီးကြောင့် အားလုံး ဝမ်းပမ်းတသာနှင့် ဖြစ်ကုန်ကြသည်။

ဒါ့အပြင် မကွေးမြို့ပေါ်က မြို့မိမြို့ဖများ ဒဟတ်ကုန်းရွာနှင့် အလှမ်းဝေးသော ကျေးရွာများမှ ရွာသားများအားလုံးမှာလည်း ကျောင်းအိပ်ကျောင်းစားအဖြစ်နှင့် ခေတ်ပညာတွေကို သင်ယူခွင့်ရကြတော့မည်ဟု ဆိုသောအခါ ဘယ်လိုမှ ပြောမပြတတ်သော ပီတိတွေ ဖြစ်ကုန်ကြလေသည်။

သို့သော်….

ဒဟတ်ကုန်းရွာသူကြီး ဦးညိုကတော့ မကြာမီရက်အတွင်း စာသင်ကျောင်းကြီး အဖြစ်ပြုလုပ်တော့ မည့် ရွာအစွန်မှ ချောက်ချားစရာ နှစ်ထပ်အိမ်ကြီးအကြောင်းကိုတွေးရင်း အပြန်လမ်းတစ်လျှောက်လုံး မျက်စေ့ပျက်မျက်နှာပျက်တွေ ဖြစ်နေရလေတော့သည်။

❑

## အခန်း (၆)

လူမနေတော့သည်မှာ ကြာပြီဖြစ်သော ဒဟတ်ကုန်းရွာမှ နှစ်ထပ်အိမ်ကြီးမှာ ဦးဆရာနှင့် ဒေါ်ဆရာမ တို့ရှိစဉ်တုန်းကထက်ပို၍ ပြီး ပျက်စီးယိုယွင်းလျက်ရှိနေ၏။ ခြံဝင်းကြီးထဲမှ သစ်ပင်ကြီးများမှာလည်း ခုတ်တွင်မည့် သူမရှိတိုင်း အုံ့ဆိုင်းမှိုင်းရီနေကာ ကိုင်းပင်မြက်ပင်တွေကလည်း လူတစ်ရပ်မကရှည်လျား နေကြသည်။

"လာကြဟေ့ ဘကံတို့ ဟောဒီက ကိုင်းပင်တွေမြက်ပင်တွေကို ရှင်းကြစမ်းပြီးတော့ အေးသောင်တို့၊ အောင်စိန်တို့က အိမ်ကြီးပေါ် နွယ်တက်နေတဲ့ နွယ်ကြိုးကြီးတွေကို ရွာသားသုံးလေးယောက်ခေါ်ပြီး အောက်ကိုဆွဲချကြစမ်း…"

ဒဟတ်ကုန်းရွာသူကြီး ဦးညိုအပါအဝင် ရွာသားလေးငါး

www.burmeseclassic.com



ဆယ်ယောက်မှာ ကိုင်းခုတ်ဓားများ ပေါက်တူးများကိုယ်စီကိုင်လျက် ခြံဝင်းကြီးအတွင်း ရှင်းလင်းနေကြရာ ရဟန်းပျို ဦးကောဝိဒနှင့် မောင်ဖေတင်တို့မှာလည်း တဖြည်းဖြည်းရုပ်လုံးပေါ်စပြုလာသည့် နှစ်ထပ်အိမ်ကြီးကို ခပ်လှမ်းလှမ်းမှ ကြည့်နေကြ လေသည်။

ရွာသူကြီးဦးညိုကတော့ ခြံဝင်းကြီးကို ဝိုင်းဝန်းရှင်းလင်းနေကြသည့် ရွာသားများအား တစ်ခုပြီးတစ်ခု အမိန့်ပေးခိုင်းစေနေရုံမက ဦးကောဝိဒနှင့် မောင်ဖေတင်တို့ကိုလည်း ခြံဝင်းကြီး၏ နေရာအနှံ့ကို လှည့်ပတ်ပြီး ပြလေသည်။

သို့သော်…

ဒီအိမ်ကြီးနှင့် ပတ်သက်သမျှအကြောင်းတွေကိုတော့ သူကြီးဦးညိုက ယခုအချိန်အထိ တစ်စက်ကလေးမှ ဖွင့်ဟပြောဆိုခြင်းမပြုပဲ နှုတ်ဆိတ်၍သာနေလေသည်။

ထိုအချိန်မှာပင် အိမ်မကြီး၏အနောက်မြောက်ထောင့်ဖက်မှ သီးသန့်ရှိနေသော နှစ်ထပ်တန်းလျားဆောင်ကြီးတစ်ခုကို တွေ့လိုက်ကြရ၏။ ထိုနှစ်ထပ်တန်းလျားကြီးကား ပေငါးဆယ် သာသာရှည်လျားပြီး သွပ်ပြားအဟောင်းတွေနှင့် စပ်ဖာပြီးမိုးကာထားလေသည်။ တန်းလျားဆောင်ကြီး၏အပေါ်ထပ်တွင်တော့ လူနှစ်ယောက်စာ အခန်းငယ်လေးငါးခန့် ရှိနေပြီ အောက်ထပ်တစ်ခုလုံးမှာတော့ ကျူထရံများမလုံ့မလဲ ကာရံထားသည့် မြေစိုက်အခန်းကျယ်ကြီး တစ်ခု



ထိုနှစ်ထပ်တန်းလျားဆောင်ကြီးကို မြင်လိုက်သည်နှင့် ဦးပဋ္ဌင်းဦးကောဝိဒက…

“အံကိုက်ပဲ ကိုဖေတင်ရေ…ဟောဒီနှစ်ထပ်ဆောင်ကြီးကို ရုပ်ဆေးက ညအိပ်ညနေစာလာသင်မယ့် ကျောင်းသားတွေနေဖို့အတွက် အဆောင်သဘောမျိုးလုပ်ပေးရင် မကောင်းပေဘူးလားဗျ”

“ကောင်းတာပေါ့ ဦးဋ္ဌင်းရာ…အပေါ်ထပ်မှာလည်း အခန်းတွေက အသင့်ရှိပြီးသားဆိုတော့ မသကာ ပြန်ပြင်ရရင် အမိုးသွပ်ပြားတွေလောက်ပဲပြန်ပြင်ရမှာ ပြီးတော့ ဟောဒီအောက်ထပ်က အခန်းကျယ်ကြီးကိုလည်း စာသင်ဖို့နေရာတစ်ခါတည်းလုပ်လို့ရတာပေါ့”

ထိုအချိန်မှာပင် ဒဟတ်ကုန်းရွာသားတစ်ဦးက နှစ်ထပ်တန်းလျား ဆောင်ကြီးအနီးမှ ခြုံတွေကို ရှင်းလင်းနေရာမှ

“ဟောဒီ…တန်လျားလိုလို့အဆောင်ကြီးက ဟိုအရင် ဦးဆရာနဲ့ ဒေါ်ဆရာမတို့ရှိတုန်းက ဆေးလာကုတဲ့ လူနာတွေကို ညအိပ်ညနေထားတဲ့ အဆောင်ကြီးပေါ့ဗျာ…”

“ဟေ့ ငအေးသောင် အလုပ်လုပ်မှာလုပ်စမ်း အလကား တောမ ရောက်တောင်မရောက်စကားတွေ ပြောမနေနဲ့…သွား ဟိုမှာ ဘက်တို့ အဖွဲ့ကိုသွားကူလိုက်အုံး….”

ကိုအေးသောင်၏ စကားအဆုံးခင်မှာပင် ရုတ်တရက် အနားသို့ရောက်လာသော သူကြီးဦးညိုက ဆူပူကြိမ်းမောင်းသလိုနှင့်

www.burmeseclassic.com



ဟန့်တားလိုက်၏။

ထိုအချိန်ထဲမှာပင် ဦးကောဝိဒနှင့်ဆီစက်ပိုင်ရှင်သူဌေး ကလေးမောင်ဖေတင်တို့ကိုလည်း အိမ်မကြီးနှင့် နှစ်ထပ်တန်းလျား ဆောင်ကြီးကြားမှ အရိပ်ကောင်းသော သရက်ပင်ကြီးအောက်သို့ ရေနွေးကြမ်းသောက်ရန် ခေါ်ဆောင်သွားလေသည်။

ထိုသရက်ပင်အောက်သို့ ရောက်သည်နှင့် ဦးကောဝိဒနှင့် မောင်ဖေတင်တို့မှာ နေပျောက်ပင်မထိုးပဲ အုပ်မိုးဖြာကျနေသည့်အကိုင်း အခက်တို့ကို ဘာရယ်မဟုတ်ပဲ မော့ကြည့်လိုက်မိကြ၏။ အိမ်မကြီးနှင့် ကပ်လျက်ပေါက်နေသော သရက်ပင်ကြီးက အိမ်ထက်ပင်ပိုမြင့်နေကာ အပေါ်ထပ်မှ ပြတင်းပေါက်ကြီး တစ်ခုဖက်သို့လည်း လူကြီးပေါင်လုံး သာသာ သရက်ကိုင်းကြီးတစ်ခုက ညွှတ်ကိုင်းကျလျက်ရှိနေ၏။

ထို့နောက် ဦးကောဝိဒက အပေါ်ထပ်မှ ပြူတင်းပေါက် ကြီးကို လှမ်းကြည့်ရင်း

"အင်း...ဒီအိမ်ကြီးရဲ့ အပေါ်ထပ်ကလူမနေတာကြာပြီ ဆိုတော့ အတော့်ကို ယိုယွင်းနေလောက်ရောပေ့ါ၊ ကြည့်စမ်းပါ အုံး...ဒီအိမ်ကြီးထက်စာရင် ဟောဟိုက နှစ်ထပ်တန်းလျားကြီးက အကောင်းပတိရှိ နေသေးတယ်"

"မှန်ပါ့ဘူး...တပည့်တော်တို့လည်း ဒီရွာမှာနေကြပေမယ့် ဟောဒီအိမ်ကြီးဖက်ကို အရောက်အပေါက်နည်းတော့ အခုလိုပျက်စီး



ယိုယွင်းနေတာတွေကို အမှုမဲ့ အမှတ်မဲ့ပါပဲဘုရား"

ဒဟတ်ကုန်းရွာ သူကြီးဦးညိုကတော့ ဒီအိမ်ကြီးနှင့် ဆက်သက်သည့် အကြောင်းမှန်သမျှကို ယခုအချိန်အထိ ဇေကာဝိုက်ကာ လှည့်ပတ်ဖြေဆိုနေသော်လည်း သူ့မျက်နှာအမူအရာက တစ်စုံတစ်ရာ ကို ပွင့်ပွင့် လင်းလင်းဖွင့်ဟပြောဆိုလိုက်ဖို့ ချီတုန်ချတုန်နှင့်ဖြစ်နေ၏။

ထိုအချိန်မှာပင် ဆီစက်ပိုင်ရှင်သူဌေးကလေး မောင်ဖေတင် က...

"ကဲ...သူကြီးရေ....ကျုပ်တို့ ဒီအိမ်ကြီးအပေါ်ထပ်ကို တက်ကြည့်ကြစို့လားဗျာ...လိုအပ်လို့ ပြင်သင့်တာရှိရင်လည်း အချိန်မီ ပြင်ကြတာပေါ့..."

ဟုဆိုကာ....

ဦးညိုနှင့်အတူ ဦးပဥ္ဇင်းဦးကောဝိဒ မောင်ဖေတင်နှင့် ရွာသားသုံးလေးယောက်တို့မှာ သရက်ပင်ကြီးအောက်မှထကာ အိမ်မကြီးဆီသို့ လျှောက်သွားကြလေသည်။

□

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ထဲမှာပင် မြင်ကွန်းရွာမှ ဆရာတော်ကြီး ဦးပညာဝံသနှင့်အတူ အမိန့်တော်ရရှေ့နေကြီး ဦးဘိုးလှ၊ လှေသူကြီးဦးမြဖေ၊ ဆေးရိုးကုန်သည်ကြီး ဦးစိတို့ပါဝင်သော ရပ်မိရပ်ဖတွေက ဗုဒ္ဓသာသနာပြုကျောင်းကြီးနှင့် ပတ်သက်သည့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့ ကျောင်းဆရာအဖွဲ့တို့ကို ဖွဲ့စည်းလိုက်ကြလေသည်။ ဒါ့အပြင်… ကျောင်းကြီးစတင် ဖွင့်လှစ်မည့်နေ့ရက်နှင့် ကျောင်းအပ်လက်ခံမည့်နေ့ရက်တို့ကိုလည်း ကျောင်းထိုင်ဆရာတော်ကြီး ဦးပညာဝံသမိန့်ကြားသည့်အတိုင်း ကြော်ငြာလွှာကို ရိုက်နှိပ်၍ မကွေးမြို့ပေါ်မှအစ အနီးဝင်းကျင်ရှိရွာများကိုပါ ဖြန့်ဝေဝေလေသည်။

ထိုသို့ ဗုဒ္ဓသာသနာပြုကျောင်းကြီး ဒဟတ်ကုန်းရွာတွင် ဖွင့်လှစ်တော့မည်ဟူသော သတင်းက အစည်းအဝေးပြုလုပ်ပြီးနောက် တစ်ရက်မှာပင် မကွေးမြို့ပေါ်နှင့် အခြားအနီးဝန်းကျင်ရွာများသို့ ပျံ့နှံ့သွားလေရာ ဆင်းရဲသားလယ်သမားများ၏ သားသမီးအများစုတို့က ကျောင်းနေရန် လျှောက်ထားကြလေသည်။

ဒါ့အပြင် ခေတ်ပညာတတ်လူငယ်အချို့ကလည်း ထိုဗုဒ္ဓသာသနာပြုစာသင်ကျောင်းကြီးအတွက် စေတနာရှေ့ထားပြီး အခမဲ့စာသင်ပေးရန် လျှောက်ထားလာကြသည်။ ထိုအထဲမှ ကျောင်းထိုင်ဆရာတော် ဦးပညာဝံသ၏ ရဟန်းဒါယိကာဦးဘိုကြီးနှင့် ဒေါ်ညွန့်မေတို့၏သမီးက စေတနာနှင့် စာသင်ပြပေးမည် ဆိုသောအခါ အားလုံးက အထူးအဆန်းသဖွယ် အံ့အားသင့်ကုန်ကြလေသည်။

"ကိုင်း…ဒကာကြီးတို့ရေ အထူးဝမ်းသာစရာသတင်းကတော့ ရေနံချောင်းက ဘုန်းကြီးရဲ့ ရဟန်းဒါယိကာ ဦးဘိုကြီးနဲ့ ဒေါ်ညွန့်မေတို့ရဲ့ သမီးကလေး မသင်းမေဆိုတဲ့ကလေးမလေးက စေတနာနဲ့ စာလာသင်ပြပေးမယ်ဆိုပဲ…"

ကျောင်းထိုင်ဆရာတော် ဦးပညာဝံသ၏ စကားကြောင့် ဦးမြဖေ ဦးစိနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်ကြသော လူကြီးများအားလုံးမှာ ပါးစပ်အဟောင်းသားတွေနှင့်ဖြစ်ကုန်ကြ၏။

ထို့နောက် အမိန့်တော်ရရှေ့နေကြီး ဦးဘိုးလှက-

"နို့ နေပါအုံး အရှင်ဘုရားရဲ့…အခုလို ညဖက်မှာပါသင်ကြားပေးမယ့် ညကျောင်းမျိုးမှာ အမျိုးသမီးဆရာမတွေ ခန့်ထားလို့ သင့်တော်ပါ့မလားဘုရား…ပြီးတော့ ဆရာမတွေအတွက်လည်း နေရေးထိုင်ရေး ကိစ္စကရှိသေးတယ်မဟုတ်လား…"

www.burmeseclassic.com

www.burmeseclassic.com



"အို…ဒကာကြီး ဦးဘိုးလှကလည်း တောင်တွင်းကြီးက ဆရာတော်သျှင်ဥတ္တမ္မရဲ့ကျောင်းမှာတော့ ဦးကွန့်နဲ့ ဒေါ်သန်းတို့ရဲ့သမီး မစိန်နွဲ့တို့ စက်ဆရာဦးမြအေး ဒေါ်စံရွှေတို့ရဲ့ သမီးမသိန်းတို့လို အမျိုးသမီး ဆရာမတွေ ရှိသေးတာပဲ။ ပြီးတော့ နေရေးထိုင်ရေး အတွက်လည်း ရွာသူကြီးဦးညိုတို့က ကြည့်ပြီးစီစဉ်ကြပါလိမ့်မယ်။ ဒီကိစ္စအတွက်တော့ တွေးယူမနေကြပါနဲ့"

ထိုအခါမှ ဦးဘိုးလှတို့ လူကြီးတစ်စုက ကျောင်းသားများ လက်ခံရေးကိစ္စနှင့် လိုက်နာရမည့် စည်းကမ်းတွေကို ဆက်ပြီးစုဝေး တိုင်ပင်ကြသလို ကျောင်းဆရာတွေလိုက်နာရမည့်စည်းကမ်းတွေကို လည်း ဆရာတော်သျှင်ဥတ္တမ္မချမှတ်ထားသော စည်းကမ်းများအတိုင်း နည်းနာယူကာ ဆောင်ရွက်ကြလေသည်။

ထိုသို့ ဗုဒ္ဓသာသနာပြု စာသင်ကျောင်းကြီးအတွက် လိုအပ် သည့် အစီအမံတွေ ပြုလုပ်ပြီးချိန်မှာတော့ ဆရာတော်ဦးပညာဝံသက–

"ကိုင်း…ကျုပ်တို့နေမမြင့်ခင် ဟောဟို ဒဟတ်ကုန်းရွာကို ကူးကြရအောင်ဗျာ…အခုအချိန်ဆို မောင်ဖေတင်တို့ ဦးပဒ္မင်း ဦးကောဝိဒတို့လည်း အိမ်ကြီးကိုအတော်ကလေး ရှင်းလင်းပြီးလောက် ရောပေါ့"

ဟုဆိုကာ ဘုန်းကြီးကျောင်းသားတစ်ယောက်အား ရွာ အတွင်းသို့ စေလွှတ်ကာလှည်းတစ်စီး စီစဉ်ခိုင်းလိုက်လေသည်။

ဆရာတော်ဦးပညာဝံသတို့ အဖွဲ့တွေဒဟတ်ကုန်းရွာသို့ ရောက်ရှိသွားချိန်မှာတော့ ရွာအစွန်မှ နှစ်ထပ်အိမ်အိုကြီးကို ရွာလမ်းမ ပေါ်မှပင် အတိုင်းသားလှမ်းမြင်နေရလေသည်။ ကျယ်ဝန်းသောခြံဝင်း ကြီး အတွင်းမှာလည်း မကျည်းပင်၊ သရက်ပင်တွေလို ကြီးမားသော သစ်ပင်ကြီးတွေထဲမှာလွှဲ၍ မြက်ပင်ခြုံပင်တွေက ရှင်းလင်းနေပြီဖြစ်ရာ အိမ်ကြီး၏မားမားထီးထီးရုပ်လုံးသဏ္ဌာန်က ပိုပြီးပေါ်လွင်နေ၏။

ဆရာတော်တို့ ရောက်လာသည်နှင့် ဒဟတ်ကုန်းရွာသူကြီး ဦးညို၊ ဦးကောဝိဒနှင့် မောင်ဖေတင်တို့မှာ ရွာသားတွေကို ညွှန်ကြား ခိုင်းစေနေရာမှ ခရီးဦးကြိုပြုလိုက်ကြသည်။

ထို့နောက် ဆရာတော်တို့အဖွဲ့ခြံဝင်းကြီးအတွင်းသို့ စပြီးဝင် လိုက်သည်နှင့် ခြံဝင်းကြီး၏ လက်ျာဖက်ထောင့်တွင် မဒမတိုင်များ စိုက်ထူပြီး သက်ကယ်များမိုးနေသည့်အဆောင်တစ်ခုကို လှမ်းတွေ့ လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသို့ရောက်သည်နှင့် ဆီစက်ပိုင်ရှင်သူဌေးလေး မောင်ဖေတင်က-

"ဟောဒီအဆောင်ကတော့ အနီးအနားရွာတွေက မူလတန်း အရွယ် ကလေးတွေအတွက် အသစ်ထပ်ပြီး ဆောက်လိုက်ရတဲ့ အဆောင်ပါဘုရား"

မောင်ဖေတင်၏စကားကြောင့် ကျောင်းထိုင်ဆရာတော် ဦးပညာဝံသတို့အဖွဲ့မှာ ခပ်လှမ်းလှမ်းရှိ နှစ်ထပ်အိမ်ကြီးဆီသို့ လှမ်းကြည့်လိုက်ပြီး...

"နို့ နေပါအုံး ဒကာလေးမောင်ဖေတင်ရဲ့ ဟောဟိုက နှစ်ထပ်အိမ်ကြီးမှာ ကလေးတွေအတွက် စာသင်ဖို့နေရာ လုပ်ပေးရင် လည်းရသား မဟုတ်လားကွယ့်...."

ထိုအချိန်မှာပင် ဦးပဠင်းဦးကောဝိဒက....

"အရှင်ဘုရား...ဒီအိမ်ကြီးရဲ့ အပေါ်ထပ်တစ်ခုလုံးက ကြမ်းခင်းတွေက မကောင်းတော့ဘူး။ ဆွေးစပြုနေပြီ။ ပြီးတော့ ချတွေစားထားလို့ ထုပ်တန်းတွေကလည်း သစ်ခေါင်းကြီးတွေလို ဖြစ်နေတော့ပြိုကျမှာ ကြောက်ရတယ်ဘုရား။ အဲ....ဒါပေမယ့်အိမ်ကြီး ရဲ့ အောက်ထပ်မှာတော့ အလယ်တန်းတွေအတွက် စာသင်ဖို့ နေရာကျယ်ကျယ်ဝန်းဝန်းရှိပါတယ် ဘုရား"

ဆရာတော်နှင့်အတူလိုက်ပါလာကြသော ဦးစီ၊ ဦးဘိုးလှနှင့်



ဦးမြဖေတို့မှာလည်း ဦးကောဝိဒစကားကို ခေါင်းတစ်ညိမ့်ညိမ့် [illegible] နေကြ၏။

ထိုနောက်လှေသူကြီး ဦးမြဖေက-

"အင်းလေ...ဒါကလည်းကျုပ်တို့စေတနာရှင်တွေ ဝိုင်းဝန်း ပြီး နောက်ပိုင်းဖြည်းဖြည်းပြန်ဆောက်ကြတာပေါ့ မဟုတ်ဘူးလား... အခု လောလောဆယ်သာ စာသင်ကျောင်းကြီးဖြစ်မြောက်သွားဖို့က အဓိကပါ"

ပြောပြောဆိုဆို ဆရာတော် ဦးပညာဝံသနှင့်အတူ ကျောင်း ကြီး ဖြစ်မြောက်ရေးအဖွဲ့နှင့် သူကြီးဦးညို၊ ဦးကောဝိဒ၊ မောင်ဖေတင် တို့လူ စုတွေအကုန်လုံးမှာ အိမ်ကြီးအတွင်းလှည့်ပတ်ကြည့်ကြသည်။ ဒါ့အပြင် အိမ်ကြီး၏ အနောက်မြောက်ထောင့်မှ အဆောင်နေကျောင်း သားများ နေထိုင်ရန် နှစ်ထပ်တန်းလျားကြီးကိုလည်း လှည့်ပတ်ပြီး ကြည့်ကြသည်။

ထိုနှစ်ထပ်ဆောင်ကြီးအဆုံးမှ လှမ်းကြည့်လိုက်လျှင် အိမ်မကြီး၏ နောက်ဖေးဖက် မီးဖိုချောင်ကြီးကို လှမ်းမြင်နေရပြီး ထိုမီးဖိုချောင်ကြီးက နှစ်ကာလအတန်ကြာ မီးခိုးတွေ ကြပ်ခိုးမှိုင်းတွေ စွဲကပ်နေသဖြင့် မီးသွေးကဲ့သို့ပင် မဲမှောင်မှောင်ကြီးဖြစ်နေလေသည်။ ထိုမီးဖိုချောင်းတစ်ခုလုံးမှာ သစ်သားချောင်းများ ခပ်ကျဲကျဲ [illegible] ရှိထား သဖြင့် အိမ်မကြီး၏ အတွင်းပိုင်းကိုပင် လှမ်းမြင်[illegible]၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် လှေသူကြီးဦးမြဖေက-

"ကျုပ်ဖြင့် ဧရာဝတီမြစ်ရိုးတစ်လျှောက် ကုန်ရောင်းကုန်ဝယ် လှည့်လာခဲ့တာ အခုလို ကျယ်ဝန်းတဲ့ခြံဝင်းကြီးထဲ ဒီလောက်ကြီးမား တဲ့အိမ်ကြီးမျိုး မတွေ့ဖူးသေးဘူးဗျို့..."

"ဟုတ်ပဗျာ...ဒါနဲ့နေပါအုန်း ဦးညိုရဲ့ ဒီအိမ်ကြီးမှာတစ် ချိန်က နေသွားကြတယ်ဆိုတဲ့ လင်မယားမှာ သားထောက်သမီးခံတွေ ဘာတွေကော မကျန်ခဲ့ဘူးလားဗျ..."

ရုတ်တရက်မေးလိုက်သော အမိန့်တော်ရရှေ့နေကြီး ဦးဘိုးလှ ၏ စကားကြောင့် တစ်ချိန်လုံး နှုတ်ဆိတ်ပြီးနောက်မှ တစ်ကောက် ကောက် လိုက်ပါလာသည့် ရွာသူကြီးဦးညိုမှာ ခန္ဓာကိုယ်တစ်ခုလုံး တောင့်ကနဲ ဖြစ်သွားပြီး...

"ဟို...ဟို...အင်း မကျန်ခဲ့ဘူးဗျ"

ဦးညို၏ အတွေးတွေက ဒီအိမ်ကြီးအတွင်းမှာ တစ်ချိန်ကဖြစ် ပျက်ခဲ့သည့် ကိစ္စတွေကို ပွင့်ပွင့် လင်းလင်း ဖွင့်ဟလိုက်ဖို့ အမျိုးမျိုး ကြိုးစားကြည့်နေ၏။ သို့သော် ယခုအချိန်မှ ဒီအိမ်ကြီး၏ အဖြစ် အပျက်တွေကို ပြောပြလိုက်လျှင်လည်း တစ်နယ်တစ်ကျေးမှ ကျောင်း လာတက်ကြမည့် ကျောင်းသားတွေက အထိတ်တလန့်တွေဖြစ်ကုန် ကြပြီး ဆရာတော်ဦးပညာဝံသတို့၏ စာသင်ကျောင်းကြီးဖွင့်မို့ ရည်ရွယ်ချက်က သူ့စကားကြောင့် ပျက်စီးသွားမှာစိုးနေမိ၏။



ထိုအချိန်မှာပင် ဦးပညာဝံသနှင့်ကျောင်းအုပ်ချုပ်ရေး အဖွဲ့ကြီးက အိမ်နောက်ဖေး မီးဖိုချောင်မှ ပြန်လှည့်ထွက်လာပြီး အိမ်ကြီးကိုတစ်ပတ်ပြည့်အောင်လှည့်ပတ်ပြီး ကြည့်ကြလေသည်။

မီးဖိုချောင်းမှထွက်လိုက်သည်နှင့် အိမ်နောက်ဖက်ခြံစည်းရိုးကို ကပ်ပြီး ဆောက်ထားသည့် ရေချိုးဆောင်ကြီးကလည်း သွပ်ပြား ဟောင်းတွေ မိုးထားပြီး ပျဉ်ချပ်တွေနှင့် ကာရံထားသည်ကို တွေ့လိုက် ရ၏။ ထိုရေချိုးဆောင်နှင့် မလှမ်းမကမ်းမှာတော့ ဒဟတ်ကုန်းရွာသား တွေ မကြာသေးခင်ကမှ အသစ်ပြန်ဆောက်ထားသော ရေတွင်း ကျောင်းကြီးတစ်ခုကိုတွေ့လိုက်ရသည်။

သူတို့လူစုကြီး လှည့်ပတ်ကြည့်နေစဉ် ဒဟတ်ကုန်းရွာမှ ဝိုင်းဝန်းလုပ်အားပေးနေကြသော ရွာသားများမှာလည်း မညီမညာဖြစ် နေသည့် မြေကြီးတွေကို ပေါက်တူးဖြင့် ညှိသူကညှိ ခြံအတွင်းမှ အမှိုက်သရိုက်တွေကို မီးရှို့သူကရှို့နှင့် တရုန်းရုန်းဖြစ်နေကြသည်မှာ တစ်ချိန်က တိတ်ဆိတ်ခြောက်ကပ်အထီးကျန်နေခဲ့သည့် ဦးဆရာနှင့် ဒေါ်ဆရာမတို့၏ အိမ်ကြီးဟု ပြောရန်ပင်ခက်နေတော့သည်။

ထိုအချိန်မှာပင်...

အိမ်နောက်ဖေး မီးဖိုချောင်ဘက်ဆီမှ အထိတ်တလန့် အော်သံကြီးတစ်ချက်ကို ကြားလိုက်ကြရလေသည်။

"အောင်မလေး...."

www.burmeseclassic.com



ထိုအသံကိုကြားလိုက်ရသည်နှင့် အနီးနားဝန်းကျင်မှာ အလု
လုပ်နေကြသော ရွာသားသုံးလေးယောက်မှာ မီးဖိုချောင်ရှိရာသို့
အပြေးအလွှား ရောက်လာကြ၏။

“ဘာ...ဘာဖြစ်တာလဲ...ဟေ့”

“ဘယ်သူလဲ...ဘာဖြစ်တာလည်း...”

တစ်ယောက်တစ်ပေါက် ဝိုင်းမေးသံတွေနှင့်အတူ မီးဖိုချောင်
အတွင်းမှ အလူးလူးဖားလျားပြေးထွက်လာသော ဒဟတ်ကုန်းရွာသား
ကိုရင် ဖိုးတာကိုတွေ့လိုက်ရ၏။

“ဟင်...ကိုရင်ဖိုးတာ ဘာ...ဘာဖြစ်တာလဲ”

“ခင်...ခင်ဗျား ဘာကိုတွေ့လိုက်ရလို့လဲ၊ ဟိုအဖိုးကြီး
လင်မယားကို တွေ့လိုက်ရလို့လား”

ကိုရင်ဖိုးတာမှာ မီးဖိုချောင်ရှိရာသို့ လက်ညှိုးထိုးရင်း
တုန်တုန်ရင်ရင်အသံတွေဖြင့်...

“ဟို...ဟို...တောက်တဲ့ကြီး”

“ဘာ...တောက်တဲ့ကြီး...ဟုတ်လား”

“မင်းကလည်း တောက်တဲ့တွေ့တာနဲ့ ဘာလို့ဒီလော
တောင် ကြောက်အားလန့်အားနဲ့ အော်ရတာလဲ”

အားလုံးကဝိုင်းပြီး အပြစ်တင်စကားတွေ ဆိုနေချိန်မှာတော့
ကိုရင်ဖိုးတာက-



“မဟုတ်ဘူးဗျ အဲဒီတောက်တဲ့ကြီးက ဟို...ဟို စကောကြီး
တစ်ချပ်ထဲဝင်ပြီး ဘာတွေကို လျှာနဲ့လျက်နေမှန်းမသိဘူး။ ကျုပ်
ကလည်း မမြင်မစမ်းနဲ့ အဲဒီစကောကြီးကို သိမ်းဖို့ကောက်ယူလိုက်
တဲ့အချိန်မှာ တောက်တဲ့ကြီးက မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးကြီးနဲ့
ကျုပ်ကိုပြန်မော့ကြည့်နေတာပဲဗျ။ တစ်သက်နဲ့တစ်ကိုယ် ဒီလိုတောက်
တဲ့မျိုး တစ်ခါမှ မမြင်ဖူးဘူး”

“ဟင်...”

ထိုအခါမှ အနီးသို့ရောက်လာကြသော ရွာသားတွေမှာ
သူတို့တစ်ချိန်က ဒီအိမ်ကြီးဆီမှ ကြားနေရ သောတောက်တဲ့အော်သံ
ကြီးကို ပြေးပြီးသတိရမိလိုက်ကြ၏။ ဒါ့အပြင် ယခုလိုချောက်ချားစရာ
တွေနှင့် ပြည့်နှက်နေသည့် အိမ်အိုကြီးအား စာသင်ကျောင်းကြီးအဖြစ်
ပြုလုပ်လိုက်ကြပြီဟုဆိုသောအခါ အားလုံးက ရင်တထိတ်ထိတ်နှင့်
ဖြစ်နေကြ၏။

ထိုသို့သူတို့လူစုအိမ်ကြီး၏ အနောက်ဖက်ဆီမှာ ရတ်ရတ်
သည်းသည်းတွေဖြစ်နေကြသည်ကိုတော့ အရှေ့ဖက်သို့ရောက်သွားကြ
သော ဆရာတော်ဦးပညာဝံသနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့ကြီးတစ်ခု
လုံးမှာ ဘယ်လိုမှ မမြင်မတွေ့ မကြားမိလိုက်ချေ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

အဲဒီနေ့က…

ဒဟတ်ကုန်းရွာအစွန်မှ နှစ်ထပ်အိမ်မြင့်မြင့်ကြီးမှာ ကျောင်းတက်လာကြသူတွေ ကျောင်းပို့လာကြသူတွေနှင့် ကြက်ပျံမကျ စည်ကားလျက်ရှိနေ၏။

တစ်ချိန်က တစ်ရွာလုံးနှင့် အဆက်အဆံမလုပ်ပဲ တစ်သီးတစ်ခြားနေလာခဲ့သည့် ဦးဆရာနှင့် ဒေါ်ဆရာမတို့၏ အိမ်ကြီးက နေခြင်းညခြင်းဆိုသလို အမျိုးသားကျောင်းကြီးအဖြစ် မြင်တွေ့ရသောအခါ ဒဟတ်ကုန်းရွာသားတွေကသာမက မကွေးမြို့ပေါ်မှ ရပ်မိရပ်ဖတွေ ကျောင်းသားမိဘတွေအပြင် ဆရာတော် ဦးပညာဝံသတို့ ကျောင်းဖြစ်မြောက်ရေးအဖွဲ့ကြီးမှာလည်း ဝမ်းသာလို့မဆုံးတစ်ပြုံးပြုံးတွေနှင့် ဖြစ်နေကြ၏။



ခြံဝင်းကျယ်ကြီး၏ အဝင်အထွက်ပေါက်နားတွင်တော့ မဒမတိုင်များစိုက်ထူပြီး သက်ကယ်များမိုးထားသည့် စာသင်ဆောင်မှာ ဒဟတ်ကုန်းနှင့် အနီးဝန်းကျင်ရွာများမှ သူငယ်တန်းကလေးငယ် ဆယ့်ငါးယောက်ကို လက်ခံသင်ကြားပေးပြီး အိမ်မကြီး၏ အောက်ထပ်မှာတော့ အလယ်တန်းအဆင့် ကျောင်းသားနှစ်ယောက်ကို စပြီး လက်ခံသင်ကြားပေးလေသည်။

ကျောင်းကြီးဖွင့်ပြီဆိုသည်နှင့် အထုပ်အပိုးကိုယ်စီသယ်ပိုးလျက် ရောက်လာကြသော ရပ်ဝေးမှ အထက်တန်းကျောင်းသားများမှာလည်း နှစ်ထပ်တန်းလျားဆောင်ကြီး၏ အောက်ထပ်ရှိ ခန်းမကျယ်ကြီးအတွင်းမှာ ပထမဦးဆုံးနေ့အဖြစ် စာစပြီးသင်ယူကြရလေသည်။

အထက်တန်းကျောင်းသားများမှာ အားလုံးပေါင်းခြောက်ယောက်ဖြစ်ပြီး ထိုအထဲမှ မောင်ဒေါင်းလှပို၊ ကျင်မောင်နှင့် စောဒီးမူးတို့က ကျောင်းအိပ်ကျောင်းစား ကျောင်းသားများဖြစ်ကာ မကျည်းကန်ရွာမှ ယဉ်ယဉ်နှင့် မအေးဆင့်တို့ မိန်းကလေးနှစ်ယောက်က သူတို့ရွာနှင့် အလုပ်မဝေးလှသဖြင့် အိမ်ကသာ ကျောင်းတက်ကျောင်းဆင်းလုပ်ကြလေသည်။

ဒါ့အပြင်….

ရေနံချောင်းမှ ရောက်လာသော ဆရာတော်ဦးပညာဝံသ၏ ဒါယိကာ ဦးဘိုကြီးနှင့် ဒေါ်ညွန့်မေတို့၏ သမီးမသန်းမေမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ရွာသူကြီး ဦးညို၏အိမ်မှာ တည်းခိုနေထိုင်းရင်း ပထဝီနှင့် ရာဇဝင်လို ဘာသာရပ်တွေကို ဆရာအဖြစ်နှင့် စေတနာအရှေ့ထားပြီး သင်ကြားပေးလေသည်။

ထိုမြင်ကွင်းတွေကို မြင်တွေ့နေရသော ကျောင်းထိုင်ဆရာတော် ဦးပညာဝံသတို့အဖွဲ့ကြီးမှာ ဝမ်းပမ်းတသာတွေနှင့် ဖြစ်နေကြသော်လည်း၊ တစ်ဖက်မှာ စိတ်မအေးရသည့်ကိစ္စတစ်ခုက ရှိနေပြန်၏။

ထိုကိစ္စကားအခြားမဟုတ် လောကဓာတ်ပညာဟုခေါ်သော သိပ္ပံဘာသာရပ်ကို သင်ကြားပေးမည့် ဆရာရှိမနေသေးခြင်းပဲဖြစ်၏။ ဒါကိုပင် ကျောင်းထိုင်ဆရာတော်ကြီး ဦးပညာဝံသက-

"အားလုံးနီးပါတော့ ပြည့်စုံသလောက်တော့ရှိနေပါပြီ။ ဒကာကြီးတို့ရယ် ခက်တာက ကျုပ်တို့ကျောင်းကြီးမှာ လောကဓာတ်လို ကျောင်းစာမျိုး သင်ပေးမယ့် ဆရာက မရှိပြန်ဘူးဗျ…"

ဟုဆိုလိုက်လေရာ လူငယ်လည်းဖြစ်၊ ဆရာတော်နှင့်အတူ ကျောင်းကြီးဖွင့်ဖို့အရေးကို အားတက်သရောနှင့် ဝိုင်းဝန်းလုပ်ကိုင်နေသည့် မောင်ဖေတင်က-

"ဒီကိစ္စကိုတော့ တပည့်တော်တာဝန်ထားပါဘုရား… တပည့်တော်အခုလည်း တောင်တွင်းကြီးဖက်အထိ သွားရှာပါသေးတယ်။ မတွေ့သေးတာနဲ့…."

"အေး…ကျုပ်တို့ ဦးပဥ္စင်းလေး ဦးကောဝိဒက သင်္ချာ



လို ဘာသာရပ်ကို နိုင်နိုင်နင်းနင်း သင်ပေးနိုင်လို့တော်သေးရဲ့ နောက်မို့ဆို သင်္ချာသင်မယ့်ဆရာကို ဘယ်အထိ လိုက်ရှာရအုံးမယ်မသိဘူး"

လှေသူကြီးဦးမြဖေက ဆေးတံကြီးကို ခဲထားသည့်အသံကြီးနှင့် ဝင်ပြောလိုက်ပြန်သည်။ ထို့နောက်မိကျောင်းရဲမှ ဆေးရိုးကုန်သည် ဦးစိက-

"ခက်တာက ကျုပ်တို့လို ဆင်းရဲသားတိုင်းရင်းသားတွေထဲမှာ ခေတ်ပညာတတ်ကလည်း အတော်လေးရှာတာကိုးဗျ…ဒါတောင် ကျေးမြို့ပေါ်က အထက်တန်းအဆင့်အောင်ထားတဲ့ မောင်သိန်းဖေက အင်္ဂလိပ်စာကို သင်ပေးပြနိုင်လို့ တော်သေးရဲ့"

ထိုသို့ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ကြီးတစ်ခုလုံး လောကဓာတ်ဆရာ ရှာဖွေရေးကိစ္စကြောင့် အလုပ်ရှုပ်နေကြချိန်တွင်တော့ ဗုဒ္ဓသာသနာပြု အမျိုးသားကျောင်းကြီး၏ စာသင်ဆောင်များမှ စာအံသံတွေက ဟိုမှသည်မှ တစ်ညံညံနှင့် ထွက်ပေါ်လျက်ရှိနေလေသည်။

တကယ်တော့ ကျောင်းသားအများစုမှာ ဆင်းရဲသားလယ်သမားများ၏ သားသမီးများသာဖြစ်သောကြောင့် လယ်ထဲကိုင်းထဲသို့ နက်စောစော ထမင်းပို့ချိန် အားတွေကို စားကျက်သို့ပို့လွှတ်ပြီးချိန်တွေဖြစ်သည့် နေထန်းတစ်ဖျားလောက်ရောက်မှ ကျောင်းစာကိုကြပြီး မူလတန်းနှင့် အလယ်တန်းကိုတော့ ညနေခင်း သုံးနာရီသာသာ

www.burmeseclassic.com



လောက်မှာ ကျောင်းဆင်းချိန်အဖြစ် သတ်မှတ်ပေးထားလေသည်။

သို့သော်…

အထက်တန်းကျောင်းသားများကိုတော့ လိုအပ်လျှင်လိုအပ်သလို ညပိုင်းမှာပါ အချိန်ပိုသဘောမျိုးနှင့် သင်ကြားပေးဖို့ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ကြီးက သတ်မှတ်ပေးထား၏။

အခုလည်း တစ်မနက်ခင်းလုံး အလုပ်တွေရှုပ်နေသည့် ဦးပဍ္ဍင်း ဦးကောဝိဒနှင့် ဘာသာရပ် ဆိုင်ရာတွေကို သင်ကြားပေးမည့် ဆရာ၊ ဆရာမတွေက အထက်တန်းကျောင်းသားများရှိရာ နှစ်ထပ်တန်းလျားဆောင်ကြီးသို့ မိတ်ဆက်ရန် ရောက်လာခဲ့ကြသည်။

“ကဲ တပည့်တို့ ဒီကနေ့ဟာ တို့ဗုဒ္ဓသာသနာပြုစာသင်ကျောင်းကြီးစပြီး ဖွင့်တဲ့နေ့ဆိုတော့ မင်းတို့အားလုံးကို ဟောဒီက ဆရာ၊ ဆရာမတွေနဲ့ မိတ်ဆက်ပေးရမယ်။ ဟောဒါက ကိုသိန်းဖေတဲ့ မင်းတို့ကို အင်္ဂလိပ်စာသင်ပေးမယ့် ဆရာပဲ။ ပြီးတော့ ဒီက ဆရာမလေးရဲ့နာမည်က မသင်းမေတဲ့ ပထဝီနဲ့ရာဇဝင်တွေကို သင်ပေးမှာ အဲ…ဦးပဍ္ဍင်းကတော့ ကျောင်းရဲ့လိုအပ်ချက်တွေကို လုပ်ရင်းတစ်ဖက်တစ်လမ်းကနေ မင်းတို့ကို သချာ်ဘာသာကို သင်ပေးမှာကွယ့်”

ဆရာတော်ဦးကောဝိဒ၏ မိတ်ဆက်စကားအဆုံးမှာတော့ ကျောင်းသူကျောင်းသားများဖြစ်သည့် မောင်ဒေါင်း၊ လှပို၊ ကျင်ယောင်



နှင့် စာဒီမှူးအပြင် ယဉ်ယဉ်နှင့် မအေးဆင့်တို့မှာလည်း သူတို့ကိုယ်သူတို့ အသီးသီး ပြန်ပြီးမိတ်ဆက်လိုက်ကြသည်။

သူတို့အားလုံးမှာ အသက်ဆယ့်ရှစ်နှစ်နှင့် နှစ်ဆယ်ဝန်းကျင်ကျောင်းသားများဖြစ်ကြပြီး ထိုအထဲမှာမောင်ဒေါင်းက မိကျောင်းရဲဖက်မှ ကျောင်းသားဖြစ်ပြီး အသားညိုညိုပိန်ပိန်ပါးပါးနှင့် ဖြစ်၏။ လူပုံကသိလျှင် အေးစက်စက် နိုင်သည်ဟုထင်ရသော်လည်း အစအနောက်သန်သူတစ်ဦးဖြစ်၏။

ထိုမောင်ဒေါင်း၏ ဘေးတွင်ကပ်လျက်ထိုင်နေသူကတော့ ကျေးမြို့နှင့် မနီးမဝေးဆင်ခြေဖုံး ရွာတစ်ရွာမှ တရုတ်ကပြားလေး ာင်ကျင်မောင်ပဲဖြစ်သည်။ မိခင်မုဆိုးမကြီးက ရောင်းတတ်ဝယ်တတ်သူဖြစ်သဖြင့် ငွေကြေးအတန့်အသင့်ချောင်လည်သူ တစ်ဦးဖြစ်သော်လည်း ထိုခေတ်က ကြေးရည်တက်တွေသာ တက်နိုင်ကြသည့် ကျောင်းလိုနေရာမှာမထားဘဲ ဆရာတော် ဦးပညာဝံသ ဦးစီးည်ထောင်သည့် ဒဟတ်ကုန်းမှ ဗုဒ္ဓသာသနာပြုကျောင်းကြီးမှာသာ ကျောင်းတက်စေခဲ့သည်။

သူတို့နှစ်ယောက်၏ နောက်မှစာသင်ခုံမှာတော့ လှပိုနှင့် ာဒီးမှူးတို့ကထိုင်ကြပြီး မိန်းကလေး များဖြစ်သည့် ယဉ်ယဉ်နှင့် အေးဆင့်တို့ကတော့ မောင်ဒေါင်းနှင့်ကျင်မောင်တို့ စာသင်ခုံနှင့် ပ်လျက်ကခုံတွင် ထိုင်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပုံမှာ အိမ်နှင့်တစ်ကြိမ်တစ်ခါမှခွဲပြီး ယခုလိုကျောင်းအိပ် ကျောင်းစားမျိုး မနေဖူး၍လားမသိ သူ့ပုံက အမြဲလိုလိုညှိုးညှိုးငယ်ငယ် နှင့် ဖြစ်နေပြီး အရာရာကို ကြောက်ရွံ့စိတ်အားငယ်နေသည်နှင့် တူနေ၏။ စောဒီးမူးကတော့ ထိုသို့မဟုတ်။ ကရင်လူမျိုးတစ်ဦးပီပီ ဟောဟောဒိုင်းဒိုင်း စွတ်တရွတ်နိုင်သူဖြစ်ကာ ဒီကျောင်းကြီးကို စပြီးရောက်လာသည့်နေ့မှာပင် ဆရာတော်ဦးပညာဝံသ၏ မျက်စောင်း တစ်ခဲခဲနှင့် မာန်မဲဆူပူခြင်းကို ခံထားရသူဖြစ်လေသည်။

ခဏအကြာ…

ဦးပဥ္စင်း ဦးကောဝိဒနှင့် ဘာသာရပ်တွေကို သင်ကြားပေး မည့် ဆရာတွေကကျောင်းနှင့် ပတ်သက်သည့် စည်းကမ်းတွေကို တစ်ခုချင်း စီရှင်းပြနေစဉ် အလယ်တန်းကျောင်းသားလေးတွေအတွက် စာသင်ခန်းမအဖြစ် ပြုလုပ်ပေးထားသော အိမ်မကြီး၏အောက်ထပ်ဆီမှ မိန်းကလေးတစ်ယောက်၏ နာနာကျင်ကျင် အော်လိုက်သံကြီးတစ် ချက်ကိုကြားလိုက်ကြရလေသည်။

“အား….”

ထိုအသံကြီးကို ကြားလိုက်ရသည်နှင့် ဦးကောဝိဒအပါအဝင် နှစ်ထပ်တန်းလျားဆောင်ဘက်ဆီမှ ဆရာ၊ ဆရာမတွေရော မောင်ဒေါင်း တို့ကျောင်းသားများပါ စိုးရိမ်တကြီးနှင့် ပြေးသွားကြ၏။

သူတို့လူစု အိမ်မကြီး၏ အောက်ထပ်ဆီသို့ရောက်လာချိန်မှာ



တော့ အလယ်တန်းစာသင်ဆောင်အတွင်း ကျောင်းသားတစ်ယောက် တစ်လေကို မတွေ့ရတော့ပဲ စာသင်ခုံအလွတ်များကိုသာတွေ့လိုက်ကြ ရသည်။

“ဟင်…”

ထိုအချိန်မှာပဲ ဦးကောဝိဒတို့အားလုံးမှာ တစ်ယောက်မျက်နှာ ကို တစ်ယောက်လှမ်းကြည့်လိုက်ကြရင်း ဘယ်လိုမှ နားမလည်နိုင် အောင် ဖြစ်ကုန်ကြ၏။

“ဟင် စောစောက အော်သံက ဒီအိမ်ကြီးရဲ့အောက်ထပ်က အသံချာချာကြီးကို ကြားလိုက်ရတာပါ ဘယ်လိုများပါလိမ့်”

ဆရာမလေး မသင်းမေမှာလည်း အခုလေးတင် နားနှင့်ဆတ် ဆတ် ကြားလိုက်ရသော အော်သံကြီးကို ကျောင်းသားတစ်ယောက် တစ်လေမှ ရှိမနေသည့် စာသင်ခန်းဆီမှ ကြားလိုက်ရသည့်အတွက် ပါးစပ်မှတဖွဖွ ရေရွတ်ရင်း အံ့အားသင့်လို့မဆုံးနိုင်အောင် ဖြစ်နေ၏။

တစ်ဆက်တည်းမှာပဲ ဦးပဥ္စင်းဦးကောဝိဒက သူ့ခါးပန်း ကြိုးတွင် ချည်နှောင်ချိတ်ဆွဲထားသည့် အိပ်ဆောင်နာရီဝိုင်းကလေးကို ကပျာကယာနှင့် ထုတ်ပြီးကြည့်လိုက်ရာ အချိန်က ညနေသုံးနာရီပင် ထိုးနေပြီဖြစ်၏။ ပြီးတော့ ဦးကောဝိဒ၏ မျက်လုံးတွေကလည်း ကျောင်းကြီးအစပ်မှာ အသစ် ထပ်ဆောက်ထားသည့် သက်ကယ်မိုးစာ သင်ဆောင်ဖက်ဆီသို့ လှမ်းကြည့်လိုက်ရာ သူငယ်တန်းကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



လေးတွေပါ ကျောင်းဆင်းသွားကြပြီဆိုသည်ကို သိလိုက်ရတော့၏။

"အလို…ကျောင်းသားငယ်တွေအကုန်လုံး ကျောင်းဆင်းသွားကြပြီပဲ…အချိန်က နည်းမှမနည်းတော့တာ ဒါဆိုရင် စောစောက ကလေးမလေးရဲ့ အော်သံကရော…"

ထိုအခါမှ သူတို့အားလုံးစောစောက နားနှင့်ဆတ်ဆတ်ကြားလိုက်ရသည့် အော်သံကြီးကို အတွေးတွေထဲမှာ ပိုပြီး စဉ်းစားရခက်ကုန်ကြ၏။ ဒါ့အပြင် ထိုအသံက ထူးထူးခြားခြား မိန်းကလေးငယ်တစ်ယောက်၏ အသံဖြစ်နေလေရာ အားလုံး၏စိတ်ထဲမှာ ဝိုးတဝါးနှင့်သံသယတွေဖြစ်မိကုန်ကြလေသည်။

❑

အဲဒီနေ့ညက သူကြီးဦးညို၏ အိမ်မှာတည်းခိုနေသည့် ဆရာမလေး မသင်းမေမှာ ညနေကကြား လိုက်ရသည့် အော်သံကြောင့် စိတ်တွေကတစ် အုံနွေးနွေးနှင့် ဖြစ်နေလေရာ ညစာထမင်းစားဖို့ကိုပင် သတိမေ့ရော့နေမိ၏။

"ဆရာမလေး ဆရာမလေး ဟင် ဆရာမလေးရဲ့မျက်နှာကို ကြည့်ရတာ တစ်ငေးငေး တစ်ငိုင်ငိုင်နဲ့ပါလား။ ဘာလည်း ဒီနေ့မှရွာကို စရောက်တယ် ဒီနေ့ပဲ အိမ်ကိုသတိရနေပြီနဲ့တူတယ်။ လာ…လာ ထမင်းစားကြစို့"

သူကြီးကတော် ဒေါ်ဖွားအုံ၏စကားကြောင့်…

"အို…မဟုတ်ရပါဘူး…အရီးလေးဖွားအုံရယ် ညနေက ကျောင်းမှာဖြစ်တဲ့ကိစ္စလေးတစ်ခုအကြောင်း စဉ်းစားနေတာပါ"

"ဟင်…ဘာအကြောင်းများလည်းကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဖွားအုံက ထမင်းဝိုင်းကိုပြင်ဆင်နေရာမှ ဆရာမလေး မသင်းမေကို စိတ်ဝင်တစားနှင့် လှမ်းမေးလိုက်၏။ ထိုအချိန်မှာ သူကြီးဦးညိုကလည်း မသင်းမေထံမှ နားစွန့်နားဖျားကြားလိုက်ရသော စကားကြောင့် ရေနံ့ဆီမီးခွက်ကို ကိုင်ကာထမင်းဝိုင်းဆီသို့ရော လာပြီး

"ဘာ...ဘယ်လိုဆရာမလေး...ကျောင်း...ကျောင်းမှ ဘာဖြစ်လို့လဲ"

ဟု ထိတ်ထိတ်ပျာပျာနှင့် ဆိုလိုက်လေရာ...

မသင်းမေမှာလည်း ထမင်းဝိုင်းသို့တင်ပါးလွှဲထိုင်လိုက်ရင်း ညနေက ဘယ်သူမှမရှိတော့သည့် စာသင်ဆောင်ကြီးထဲမှ ကြားလိုက် ရသည့် မိန်းကလေးတစ်ယောက်၏ အော်သံကြီးအကြောင်းကို ပြော လိုက်လေသည်။

"ဟင်"

မသင်းမေ၏ စကားဆုံးသည်နှင့် ရွာသူကြီးဦးညိုတို့ မောင်နှံမှာ ပါးစပ်က ဟင်ကနဲပင်ပြိုင်တူ ရေရွတ်လိုက်ကြ၏။ တစ်ခု ထဲမှာပင် ဦးညိုနှင့်ဒေါ်ဖွားအုံတို့နှစ်ဦး၏ မျက်လုံးတွေက တစ်ယောက် ကို တစ်ယောက် အဓိပ္ပာယ်ပါပါနှင့် ပြန်စိုက်ကြည့်နေကြသည်မှာ ထမင်းတစ်ဝိုင်းထဲတွင် အတူထိုင်နေသည့် ဆရာမလေး မသင်းမေပင် ရှိသည်ဟုပင် မအောင့်မေ့မိကြတော့။



ခဏကြာမှ ဒေါ်ဖွားအုံက ဟင်းကနဲသက်ပြင်းတစ်ချက်ကို ချလိုက်ရင်း...

"ဟင်း...မပြောမဖြစ် ဒီကဆရာမလေးကိုတော့ ကိုယ့်သွေး ကိုယ်သားလို သဘောထားပြီး ပြောရအုံးမယ်။ အင်း...ဒါကလည်း အခုလို ဒီအိမ်ကြီးအကြောင်း ကြိုပြီးသိထားတော့ ဆရာမလေး အတွက် သွားရေး လာရေး သတိထားလို့ရတာပေါ့"

"ရှင်"

အဆုံးအစမရှိသော ဒေါ်ဖွားအုံ၏စကားကြောင့် ဆရာမလေး မသင်းမေမှာ ထမင်းလုပ်ကိုပင် ပါးစပ်အတွင်းသို့ မထည့်သေးပဲ ငေးကြောင်ပြီး ပြန်ကြည့်မိနေ၏။

ရွာသူကြီး ဦးညိုမှာလည်း ဒီအိမ်ကြီးနှင့် ပတ်သက်သမျှ ကိစ္စတွေကို အစောကြီးကတည်းက ဖွင့်ဟပြောပြလိုက်ဖို့ အကြိမ်ကြိမ် အဖန်ဖန် ကြိုးစားခဲ့သော်လည်း သူ့စကားကြောင့် အားလုံးတပင် တပမ်းနှင့် ပျိုးထောင်ခဲ့သည် အမျိုးသားကျောင်းကြီး ပျက်စီးသွားမှာကို စိုးသားသူ တောသူတောင်သားတစ်ယောက်ပီပီ စိုးရွံ့နေခဲ့၏။

ဒါ့အပြင်...

ဒီအိမ်ကြီးကို ရှင်းလင်းခဲ့စဉ်က မပြောသင့်မပြောအပ်တာကို ပြောဆိုရန် စကားစနေသည့် ဒဟတ်ကုန်းရွာသားကိုအေးအောင်မှာ လည်း သူကြီးကိုယ်တိုင် အကြောက်အကန်တားမြစ်လိုက်သည့် ကိစ္စကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာလုံးသိအောင် ကြိုတင်ပြောပြလိုက်လေရာ ဒဟတ်ကုန်းတစ်ရွာလုံးက ဒီအိမ်ကြီးနှင့်ပတ်သက် သည့်အကြောင်းအရာမှန်သမျှအား တစ်ညီတစ်ညွတ်တည်း နှုတ်ပိတ်ထားကြလေသည်။

သို့သော်…

ယခုအခါမှာတော့ သူကြီးကတော် ဒေါ်ဖွားအုံက ဒီအိမ်ကြီးအကြောင်းကို အစချီကာပြောပြလိုက်သောအခါ ဦးညိုမှာ သူတစ်ချိန်လုံး ချုပ်တည်းလာခဲ့သည့် ထိုအကြောင်းကိစ္စတို့အား ဟန့်တားလိုက်ဖို့ပင် မကြိုးစားတော့ပဲ ခေါင်းကိုငုံ့ကာ ထမင်းလုပ်ကြီးများကို ပါးစပ်အတွင်းသို့ ထိုးကြိတ်ထည့်နေ၏။

ထိုအခါမှ ဆရာမလေးမသင်းမေမှာလည်း ထိုအိမ်ကြီးအကြောင်းကို စိတ်ဝင်တစားနှင့်ဖြစ်သွားပြီး

"ဒီ…ဒီအိမ်ကြီးက ဘာ…ဘာဖြစ်ခဲ့လို့လည်းဟင် အရီးလေး"

ဟု ပျာပျာသလဲနှင့် မေးလိုက်လေရာ ဒေါ်ဖွားအုံမှာလည်း တစ်ချိန်က ဦးဆရာနှင့်ဒေါ်ဆရာမတို့ နေထိုင်ခဲ့သည့် အိမ်ကြီးအကြောင်းကို တစ်လုံးမကျန် ပြန်ပြောလေတော့သည်။

❑

ထိုသို့ ဒဟတ်ကုန်းရွာသူကြီးဦးညိုတို့အိမ်မှာ ဦးဆရာနှင့်ဒေါ်ဆရာမတို့၏ အဖြစ်အပျက်တွေကို ပြန်လည်ပြောဆိုနေကြချိန်မှာတော့ အမျိုးသားကျောင်းဝင်းကြီးအတွင်းမှ နှစ်ထပ်တန်းလျားဆောင်အပေါ်ထပ်တွင် မောင်ဒေါင်း၊ လှပို၊ စောဒီးမူးနှင့် ကျင်မောင်တို့ အဆောင်နေ ကျောင်းသားတစ်သိုက်မှာ အိပ်မပျော်နိုင်ကြသေးပဲ ညနေက အဖြစ်အပျက်ကို ပြန်ပြောနေကြ၏။

တကယ်တော့ သူတို့လေးယောက်မှာ တစ်နယ်တစ်ကျေးမှ ရောက်လာကြသူတွေဖြစ်သော်လည်း တစ်တန်းထဲစာအတူသင်ပြီး တစ်ဆောင်ထဲအတူနေကြသည့် ကျောင်းသားတွေဖြစ်ကြသဖြင့် တစ်ခဏအတွင်းမှာပင် တစ်ယောက်နှင့်တစ်ယောက် ခင်မင်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခုလည်း မောင်ဒေါင်းနှင့် ကျင်မောင်က သူတို့နှစ်ယောက် နေထိုင်ရာ အခန်းဘက်မှ စောဒီမူးနှင့်လှပိုတို့ရှိရာ အခန်းဆီသို့ ကူးလာပြီး စကားစမြည်လာပြောနေကြခြင်းပဲဖြစ်သည်။

"ငါတော့ ညနေကကြားလိုက်ရတဲ့ အော်သံကို နည်းနည်းမှ စဉ်းစားလို့မရအောင်ဖြစ်နေပြီကွ"

ကျင်မောင်၏စကားကြောင့် စောဒီမူးမှာ အိပ်ယာလိပ်ကြားမှ ဝှက်ယူလာသော ခါးမြှောင်ထည့်ထားသည့်အိတ်ကို အခန်းနံရံပေါ် ပြောင်းချိတ်လိုက်ပြီး...

"ဟုတ်တယ် ကျင်မောင် အခုဟာက အခန်းလွတ်ကြီးထဲမှာ ဒီအသံကြီးကို ကြားလိုက်ရတာဆိုတော့ တော်တော်ထူးဆန်းနေတယ်။ အင်း...ဒါပေမယ့် ဒီအသံက အိမ်ကြီးရဲ့ အပေါ်ထပ်ကလာတဲ့ အသံလို့ဆိုရင်ကော မင်းတို့ဘာပြောမလဲ။ အဲဒီအချိန်တုန်းက ငါက အပေါ်ထပ်ကို တက်ကြည့်ရင်ကောင်းမလားလို့တောင် စဉ်းစားသေးတယ်။ ဒါပေမယ့် ဘေးမှာ ဦးပဥ္စင်းဦးကောဝိဒကရှိနေတော့ အဆော်ခံရမှာကြောက်တာနဲ့ မတက်ဖြစ်တော့တာ"

စောဒီမူး၏စကားကြောင့် အားလုံးက ချက်ချင်းပင်တွေဝေသွားကြသည်။ တကယ်တော့ သူတို့ကြား လိုက်ရသည့်အသံဟာ ထိုအိမ်ကြီး၏ အပေါ်ထပ်ဆီမှလည်းဖြစ်နိုင်ကြောင်း အခုမှပြန်တွေးလိုက်မိကြ၏။



သို့သော်...

ထိုအိမ်ကြီး၏ အပေါ်ထပ်ကြီးတစ်ခုလုံးကို ကျောင်းထိုင် ဆရာတော် ဦးပညာဝံသက ဘယ်သူ မတက်ရဟူ၍ အမိန့်ထုတ်ပြန် ထားပြီး လှေကားထိပ်မှ အံဖုံးတံခါးချပ်ကြီးနှစ်ခုကို ပိတ်ကာထားသည် ကိုလည်း သူတို့ အားလုံးအသိပင်ဖြစ်သည်။

"ဟုတ်တယ် စောဒီမူး မင်းပြောတာလည်း ဖြစ်နိုင်တယ်။ ဒါပေမယ့်ကွာ အပေါ်ထပ်ကိုတက်တဲ့ လှေကားထိပ်မှ အံဖုံးတံခါး ကြီးက ပိတ်ထားတဲ့ဥစ္စာ ဘယ်မိန်းကလေးက အပေါ်ထပ်ကိုတက်ပြီး အအားအားနဲ့ အော်မှာလည်းကွ...ချီးထဲမှ"

မောင်ဒေါင်း၏ ရွှတ်နောက်နောက်စကားကြောင့် အားလုံးက ဟားဟားနှင့် ပွဲကျသွားသော်လည်း နံရံကိုမှီကာ ဒူးနှစ်ဖက်ကို ပိုက်ပြီး ကျုံ့ကျုံ့လေးထိုင်နေသည့် လှပိုကတော့ အခုအချိန်အထိ ဘာစကားမှ ဝင်မပြောဘဲ ထိတ်ထိတ်လန့်လန့်ဖြစ်နေသော မျက်လုံး အစုံက ငေးတိငေးကြောင်နှင့် ဖြစ်နေ၏။

သည်လိုနှင့် ထိုနေ့ညက မောင်ဒေါင်းတို့လေးယောက် မှာ တော်လေးညဉ့်နက်မှအိပ်ယာသို့ ဝင်လိုက်ကြသော်လည်း သူကြီးဦးညို၏ အိမ်မှာတည်းခိုနေသည့် ဆရာမလေးမသင်းမြ တော့ ဒေါ်ဖွားအုံပြောပြလိုက်သည့် ဦးဆရာနှင့်ဒေါ်ဆရာမတို့၏ ဆုံးသတ်နိဂုံးချုပ်ပုံ မြင်ကွင်းကြီးကို မျက်လုံးထဲမှာ အလိုလိုမြင်

www.burmeseclassic.com

www.burmeseclassic.com



နေရပြီး ဘယ်လိုမှအိပ်မပျော်နိုင်အောင် ဖြစ်နေ၏။

ဒါ့အပြင်···

အခုချိန်အထိ တစ်ရွာလုံးက မမြင်မတွေ့လိုက်ရပါပဲ ပျောက်ချင်း မလှပျောက်ကွယ်သွားသည့် ရောဂါသည်မိန်းကလေး အကြောင်းကလည်း သူ့ခေါင်းထဲမှာ ဘယ်လိုမှာ စဉ်းစားမရနိုင်အောင်ဖြစ်နေ၏။

ပိုဆိုးသည်ကား···

ယခုလိုအဖြစ်အပျက်ဆိုးကြီးတွေ ဖြစ်ပျက်ခဲ့ပါသည်ဟုဆိုသော ဒီအိမ်ကြီးနှင့်ပတ်သက်သည့် အကြောင်းတွေကို အခြားတစ်ဦးတစ်ယောက်ကို မပြောလိုက်မိဖို့နှင့် အရာရာကို သတိနှင့်နေထိုင်ဖို့ တဖွဖွမှာကြားနေသော ဦးညိုနှင့် ဒေါ်ဖွားအုံတို့၏ စိုးရိမ်စကားတွေထဲနားထဲမှာ တစ်လှည့်စီကြားနေရတာ မြန်မြန်မိုးစင်စင်လင်ဖို့သာ တစ်ယောက်ထဲ ကျိတ်ဆုတောင်းနေမိတော့သည်။

❑

## အခန်း (၆)

သည်လိုနှင့်···

ဆရာတော်ဦးပညာဝံသ ဦးစီးတည်ထောင်သည့် အမျိုးသားကျောင်းကြီးဖွင့်လှစ်ခဲ့သည်မှာ တစ်ပတ် ဆယ်ရက်သို့ပင်တိုင်ခဲ့ပြီဖြစ်၏။ တစ်ချိန်က ချောက်ခြားစရာအိမ်မြင့်ကြီးက အခုတော့ တအံ့သံတွေနှင့် စီစီညံညံ အသားကျလျက်ပင်ရှိနေပြီဖြစ်၏။

ဒဟတ်ကုန်းရွာအတွင်းမှ ရွာသားတွေကလည်း သူကြီးအိမ်တွင် တည်းခိုရင်းအမျိုးသားကျောင်းကြီးမှာ စာသင်ပေးနေသည့် ဆရာမလေး မသင်းမေကို ခင်ခင်မင်မင်နှင့် တရင်းတနှီးပင် ခေါ်ပြောနှုတ်ဆက်လာကြသည်။ ဒါ့အပြင် ကျောင်းသားငယ်တွေသာမက မောင်ဒေါင်းတို့လို အထက်တန်းကျောင်းသားကြီးတွေကလည်း ဆရာမလေးမသင်းမေကို သွေးရင်းသားရင်းတမျှ ရှိသေခင်မင်လာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မေတ္တာနှင့်ချည်နှောင်ထားသည့် သံယောဇဉ်တွေ တစ်နှစ်ထက်တစ်နှစ် တိုးလာသည်နှင့် မသင်းမေ၏ရင်ထဲမှာ ဘယ်သူမှမသိအောင် သိမ်းဆည်းသိုဝှက်ထားရသည့် ဒီအိမ်ကြီး၏ ချောက်ချားဖွယ်ရာအဖြစ်တွေကလည်း သူ့ရင်ကိုတင်းတင်းကျပ်ကျပ် ဖြစ်လာစေလေသည်။

တကယ်တော့ အခုလို ချောက်ချားစရာတွေ ရှိနေသည့်အိမ်ကြီးမှာ သူချစ်သောတပည့်တွေ တထိတ်တလန့်အဖြစ်မျိုးတွေနှင့် ရင်ဆိုင်လိုက်ကြရမှာကိုလည်း စိတ်ထဲကတွေးပူနေမိ၏။

အဲဒီနေ့က…

နှစ်ထပ်တန်းလျားဆောင်ကြီးမှာ ကျောင်းအိပ်ကျောင်းစားနေကြသည့် ကျောင်းသားလေးယောက်ထဲမှ လှပိုက ကျောင်းတစ်ခုလုံးကို သန့်ရှင်းရေးလုပ်ရမည့် အလှည့်ဖြစ်၏။ ဒါကလည်း အဆောင်နေကျောင်းသား တွေအလှည့်ကျ သန့်ရှင်းရေးလုပ်ရမည်ဆိုသော ကျောင်းထိုင်ဆရာတော်ကြီး ဦးပညာဝံသ၏ ကျောင်းစည်းကမ်းတွေထဲမှာ အမိန့်တစ်ခုအဖြစ် ထုတ်ပြန်ထားသဖြင့် အားလုံးကန့်ကွက်စောစော ကျောင်းမတက်ခင် ပုံမှန်လုပ်နေရသော ဝတ္တရားတစ်ခုပင်ဖြစ်၏။

တကယ်တော့ လှပိုမှာ သူတစ်ယောက်ထဲလုပ်ရမည့်အလုပ်ဆိုလျှင်က တစ်ခုမှလုပ်ချင်သူမဟုတ်။ အဖော်လေးပါမှ စိတ်ပါလက်ပါ လုပ်ချင်သူဖြစ်၏။ ဒါကလည်း နဂိုကတည်းက သိမ်ငယ်ကြောက်ရွံ့စိတ်ရှိသူ လှပို၏ မွေးရာပါစရိုက်တစ်ခုပင်ဖြစ်နေ၏။



အခုလည်း ဟိုတစ်ရက်က အော်သံကြီးကြားလိုက်ရသော အိမ်မကြီး၏အောက်ထပ်မှ စာသင်ဆောင် အတွင်းအမှိုက်သရိုက်တွေကို တစ်ယောက်ထဲ ရှင်းလင်းနေရလေသည်။ ထို့နေ့မှ လှပိုက ဘာရယ်မဟုတ် ပဲ စေတနာကောင်းပြီး စာသင်ခုံတစ်ခုပေါ်တက်ကာ မျက်နှာကျက်ပေါ်မှ ပိုးမျှင်တွေကို တံမြက်စည်းဖြင့် မမီမကမ်းဖယ်ရှားနေ၏။

ထိုစဉ်…

မျက်နှာကျက်အဖြစ် ကာရံထားသည့် အထပ်သားပေါင်းတွေပေါ်မှာ ညိုပုတ်ပုတ်စွန်းထင်းနေသည့် ခြေရာကြီးတွေကို တွေ့လိုက်ရလေသည်။

"ဟင်"

ရုတ်တရက် အံ့အားသင့်သွားသည့် လှပိုမှာ လက်ထဲကဆုပ်ကိုင်ထားသော တံမြက်စည်းကိုပင် ယောင်ယမ်းပြီး လွှတ်ချလိုက်မိသည်။

သူမြင်နေရသော မျက်နှာကျက်ပေါ်မှ နီစွေးစွေးခြေရာကြီးတွေကလည်း ဘယ်ညာတစ်လှမ်းခြင်း လှမ်းလျှောက်သွားထားသလို စနစ်ကျကျ ညီညီနှင့်ဖြစ်နေပြီး ထိုခြေရာကြီးတွေက လှပိုမတ်တတ်ရပ်နေ

www.burmeseclassic.com



သည့်နေရာနှင့် နှစ်လသုံးလလောက်အကွာမှ ပေါက်ပြဲနေသော မျက်နှာကျက်ဆီးသို့ဦးတည်ပြီးသွားသည်ကိုတွေ့ နေရ၏။

"ဟင်…ဒီ…ဒီခြေရာကြီးတွေက ဘယ်လိုဖြစ်ပြီး မျက်နှာကျက်ပေါ်မှာထင်နေရတာလည်း တကယ်ဆိုသာမာန်လူတစ်ယောက်က ဘယ်နည်းနဲ့မှာ ခြေရာထင်အောင်လျှောက်လို့ရမှ မဟုတ်တာ ကေနံ့…ဒီ‥ ဒီခြေရာကြီးတွေက မဟုတ်မှလွဲရော"

လှပို၏မော့ကြည့်နေသောမျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်လျက် ရှိနေပြီး စာသင်ခုံပေါ် မတ်တတ်ရပ်နေသည့် သူ့ခြေထောက်တွေက အလိုလိုနေရင်း တစ်ဆတ်ဆတ်တုန်ခါလာ၏။

တဆက်ထဲမှာပဲ သူမြင်နေရသည့် မျက်နှာကျက်ပေါ်မှ ခြေရာကြီးတွေက လူတစ်ယောက်စာ ဝင်နိုင်ထွက်နိုင်သော ဟောင်းလောင်းပေါက်ဖြစ်နေသည့်နေရာတွင် ရပ်တန့်သွားပြီး အပေါက်၏ နှုတ်ခမ်းဝတွင် ခြေရာတွေ တစ်ခုနှင့်တစ်ခုထပ်နေအောင် ရှုပ်ရှုပ်ထွေးထွေးနှင့် မြင်လိုက်ရသည်။

"ဟင်…ဒီအပေါက်ကြီးနားကိုရောက်မှ ခြေရာတွေက ဘာကြောင့်ရပ်သွားတာလည်း ပြီးတော့ အပေါက်ရဲ့ ဘေးပတ်ပတ်လည်က ခြေရာတွေဟာ နောက်ပြန်လှည့်လာတာမတွေ့ရပုံထောက်မှ အဲဒီအပေါက်ကြီးထဲကိုပဲ ဝင်သွားတာဖြစ်ရမယ်"

ထိုအတွေးတွေမဆုံးခင်မှာပဲ လှပိုက မျက်နှာကျက်အပေါက်



ကြီးထဲသို့ မျက်မှောင်ကျုံ့ပြီး မရဲတရဲနှင့် လှမ်းကြည့်လိုက်လေရာ….

ထိုအပေါက်ကြီး၏ အတွင်းဖက်တွင်တော့ အပေါ်ထပ်မှ ခပ်ကြဲကြဲခင်းထားသော ကြမ်းခင်းသစ်ပြားကြီးတွေကို လှမ်းမြင်လိုက်ရသည်။

ထိုအချိန်မှာပင် လှပို၏ ခြေဖျားလက်ဖျားတွေက အေးစက်စက်နှင့် ဖြစ်လာကာ စာသင်ခုံပေါ်မှ ကပျာကယာ ခုန်ချလိုက်ပြီး မောင်ဒေါင်းတို့ ရှိရာနှစ်ထပ်ဆောင်ဖက်ဆီသို့ ဒရောသောပါးနှင့် အော်ဟစ်ပြီး ပြေးလေသည်။

"မောင်…မောင်ဒေါင်းတို့ ကျင်မောင်တို့ရေ လာ…လာကြပါအုံးကွ…ဟို…ဟိုဖက်က အိမ်မကြီးရဲ့ မျက်နှာကျက်မှာ ခြေခြေရာကြီးတွေ"

"ဘာ ခြေရာကြီးတွေ ဟုတ်လား"

နှစ်ထပ်ဆောင်ပေါ်မှ ပြေးဆင်းလာကြသော မောင်ဒေါင်း၊ ကျင်မောင်နှင့် စောဒီးမူးတို့မှာလည်း တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်တွေ မြင်မကောင်းအောင်ကျနေသည့် လှပိုကိုကြည့်ကာ မှင်တက်နေသည်မိကုန်ကြ၏။

တစ်ဆက်ထဲမှာပဲ သူတို့လေးယောက်သားမှာ ထိုအိမ်ကြီး၏ အောက်ထပ်ဆီသို့ အပြေးအလွှားတွေနှင့် သွားကြည့်လိုက်ကြသေရာ လှပိုပြောသလိုပင် မျက်နှာကျက်ပေါ်မှ နီစွေးစွေးခြေရာကြီးတွေကို

www.burmeseclassic.com

www.burmeseclassic.com



တအံ့သြနှင့် တွေ့လိုက်ကြရလေသည်။

"ဟင်"

အလိုလိုမှ ဒီအိမ်ကြီးအပေါ် သံသယတွေဖြစ်မိနေကြသော မောင်ဒေါင်းတို့လေးယောက်စလုံးမှာ မျက်နှာကျက်ပေါ်မှ ခြေရာတွေကြောင့် ခါတိုင်းထက်ပိုပြီး တုန်လှုပ်မိကုန်ကြ၏။

ထိုအချိန်မှာပင် သူတို့၏နောက်ကျောဖက်ဆီမှာ ခြိုးခြိုးချွတ်ချွတ်နှင့် လျှောက်လာသည့် ခြေသံတွေကိုကြားလိုက်ရလေသည်။

ထိုအသံကိုကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် မောင်ဒေါင်းတို့ လေးယောက်သားမှာလည်း နောက်သို့ချာကနဲပင် လှည့်ကြည့်လိုက်ကြလေရာ...

အိမ်မကြီး၏ ဝင်ပေါက်များမှာ သူတို့ကို မတ်တတ်ရပ်ကြည့်နေသည့် ယဉ်ယဉ်နှင့် မအေးဆင့်တို့ကို လွယ်အိတ်ကိုယ်စီနှင့် တွေ့လိုက်ရလေသည်။

ယဉ်ယဉ်နှင့်မအေးဆင့်က-

"ဟဲ့ နင်တို့ ဒီကိုဘာလာလုပ်နေကြတာလဲ"

ပြောပြောဆိုဆို အိမ်မကြီးအတွင်းသို့ လှမ်းဝင်လာကြသည့် ယဉ်ယဉ်နှင့်မအေးဆင့်တို့မှာ မောင်ဒေါင်း တို့လေးယောက်စလုံးကိုလည်း အထူးအဆန်းဖြစ်နေသည့်မျက်လုံးတွေနှင့် ကြည့်နေမိကြ၏။

ထို့နောက် မအေးဆင့်က-



"ငါတို့တွေကျောင်းဝင်းကြီးအစပ်မှာ စက်ဘီးတွေဒေါက်ထောက်နေတုန်း ဟောဒီအဆောင်ဖက်ကို နင်တို့အုပ်စု အပြေးအလွှားတွေ သွားတာတွေ့တာနဲ့ ဘာများဖြစ်သလဲလို့ ငါတို့က ဝင်လာကြည့်တာ အခုတော့ ဘာမှလည်းမဟုတ်ဘူး"

ဟုဆိုပြီး မအေးဆင့်၏မျက်လုံးတွေက တစ်ခန်းလုံးကိုဝေ့ပြီး ဟိုဟိုဒီဒီလျှောက်ကြည့်လိုက်၏။

ထိုအခါမှ မောင်ဒေါင်းတို့ လှပိုတို့က စာသင်ခန်းမ၏ အပေါ်မျက်နှာကျက်ဆီသို့ လက်ညှိုး ထိုးပြလိုက်ရင်း....

"ဟို...ဟိုမှာလေ ခြေ ခြေရာကြီးတွေ"

ယဉ်ယဉ်နှင့် မအေးဆင့်တို့မှာ သူတို့လေးယောက် ညွှန်ပြနေသည့် မျက်နှာကျက်ကို ဘုမသိဘ မသိနှင့်ပင် လှမ်းကြည့်လိုက်ကြ၏။

ထိုနောက်လှပိုက-

"အဲဒီခြေရာကြီးတွေက ဒီမျက်နှာကျက်ပေါ်မှာ လာထင်နေတာကိုက သွေးရိုးသားရိုးမဟုတ်ဘူး။ နင်တို့စဉ်းစားကြည့်လေ ဘာမာန်လူတစ်ယောက်က ဘယ်လိုလုပ်ပြီး ဇောက်ထိုးလျှောက်သွားနိုင်မှာလည်း မဟုတ်ဘူးလား။ နောက်ပြီး ခြေရာကြီးတွေကလည်း သွေးတွေပဲ စွန်းထားသလို နီညိုရောင်ကြီးဖြစ်နေတာ တွေ့လား"

လှပို၏စကားအဆုံးတွင်တော့ မအေးဆင့်မှာ တဟားဟား

www.burmeseclassic.com

www.burmeseclassic.com



နှင့် အူတက်မတတ်ပင် ရယ်လိုက်ရင်း

“ဟား…ဟား…ဟား လှပိုရယ် နင်ရှုးနေသလားဟဲ့ အဲဒါဒီ မျက်နှာကျက်မရိုက်ခင် ဟောဒီ မြေကြီးပေါ်ချထားတုန်း လူတစ်ယောက်က အပေါ်ကတက်နင်းသွားတဲ့ခြေရာတွေဟဲ့ ခြေရာတွေ။ ပြီးတော့ အဲဒီ လူရဲ့ ခြေဖဝါးမှာလည်း အဲဒီတုန်းက ဆေးအနီတွေ ဘာတွေပေကျံနေလို့ နေမှာပေါ့ဟဲ့ ငတုံးရဲ့”

မအေးဆင့်၏စကားကြောင့် လှပိုရော မောင်ဒေါင်းတို့သုံးယောက်စလုံးပါ တွေတွေဝေဝေတွေနှင့် ဖြစ်ကုန်ကြ၏။ တစ်ဆက်ထဲမှာပဲ မအေးဆင့်က သူကြုံတွေ့ခဲ့သည့်အဖြစ်အပျက်တစ်ခုကို ဆက်ပြီး ပြောပြလိုက်၏။

“ငါလည်း တစ်ခါတုန်းက ငါ့အိမ်ရဲ့မျက်နှာကျက်မှာ အဲဒီလို ခြေရာကြီးတွေ တွေ့ပြီး သွေးပျက် မတတ် လန့်သွားဖူးတယ်။ နောက်တော့မှ အဲဒီခြေရာတွေဟာ ငါ့ဦးနှီးတစ်ယောက်မျက်နှာကျက် မလုပ်ခင်က မတော်တဆနဲ့ တက်နင်းမိထားတဲ့ ခြေရာတွေမှန်း သိလိုက်ရတာ”

ထိုအခါမှ လှပို၊ မောင်ဒေါင်း၊ စောဒီမူးနှင့်ကျင်မောင်တို့ လေးယောက်သားမှာ ယဉ်ယဉ်နှင့် မအေးဆင့်တို့ကိုကြည့်ရင်း ခွက်ထိုးခွက်လန် ရယ်လိုက်ကြလေသည်။ ယဉ်ယဉ်နှင့် မအေးဆင့်မှာလည်း အလိုလိုကမှ သွေးကြောင်ထိတ်လန့်တတ်သော လှပိုကိုကြည့်



ကာ ရယ်ရမလို ငိုရလိုမလိုပင် ဖြစ်နေကြလေသည်။

ခဏကြာမှ မအေးဆင့်နှင့်ယဉ်ယဉ်တို့က–

“ပြောမဲ့သာပြောရတယ် ဟောဒီကျောင်းကြီးကိုကြည့်ရတာ ငါတို့ စိတ်ထဲမှာတစ်မျိုးပဲ၊ ကိုယ့်ကိုကိုယ်ပဲ မလုံခြုံသလို ဘယ်ကိုပဲကြည့်မိ ကြည့်မိ စိတ်တွေမသိုးမသန့်ဖြစ်မိသလိုနဲ့ဟ။ ပြီးတော့ အခုတလောမှာ ဆရာမလေးကလည်း ဟိုဖက်ဆောင် ဒီဖက်ဆောင်ကူးတာကအစ ငါတို့နှစ်ယောက်ကို အဖော်ခေါ်ပြီးမှသွားတာ သတိထားမိနေတယ်။ အင်း ဘယ်လိုပဲဖြစ်ဖြစ်လေ ဆရာမလေးကိုကြည့်ရတာ ဒီအိမ်ကြီးအကြောင်း တစ်ခုခုသိနေသလိုပဲ”

ထိုအချိန်မှာပင်…

သူတို့ရှိရာ စာသင်ခန်းဆီသို့ ကျောင်းတက်ရန် ရောက်လာကြသည့် အလယ်တန်းကျောင်းသားလေးတွေကို တွေ့လိုက်ကြရသည်။

သူတို့အုပ်စုကြီးမှာလည်း မကြာခင်အချိန်မှာရောက်လာကြမည့် ဆရာတော်ဦးကောဝိဒနှင့် ဘာသာရပ်ဆိုင်ရာ ဆရာတွေ မမြင်တွေ့ခင် ဒီအိမ်ကြီး၏ အောက်ထပ်ဆီမှ ခပ်သုတ်သုတ်လှည့်ပြန်ထွက်လာခဲ့ကြလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

အဲဒီနေ့က မောင်ဒေါင်းတို့ကျောင်းသားတွေကို ဆရာမလေး မသင်းမေက အတော်လေးနေမြင့်သည့်အထိ ပထဝီနှင့် ရာဇဝင် ဘာသာတွေကိုသင်ကြားပေးနေရာ ကျောင်းခန်းအတွင်းသို့ ဦးကောဝိဒ ရောက်လာမှ အတန်းဖြုတ်ပေးလိုက်၏။

"အဆင်ပြေရဲ့လား ဒကာမလေး"

"ပြေပါတယ်ဘုရား ကျောင်းသားတွေက ထင်တာထက် ကိုပိုပြီး စာလိုက်နိုင်ကြပါတယ် ဘုရား"

ထိုစဉ်မှာပဲ ဦးကောဝိဒက-

"ကဲ…ကဲ ဒကာမလေးလည်း အလယ်တန်းကျောင်းသား တွေဆီ တစ်လှည့်သွားလိုက်ပါအုံး။ ဒီက ဒေါင်းတို့ လှပိုတို့ကိုသျှာ ဆက်သင်ပေးလိုက်အုံးမယ်"

"တင့်ပါဘုရား"



"အေးကွယ်…အခုလို စေတနာရှေ့ထားပြီး ကိုယ်ကျိုး မဖက်ဘဲ အားတက်သရောနဲ့ စာသင်ပေးရှာတဲ့ ဆရာမလေးကို ဘုန်းဘုန်းက သာဓုခေါ်ပါတယ်။ သာဓု သာဓု သာဓု"

ဆရာမလေးမသင်းမေမှာလည်း လက်ဆွဲခြင်းတောင်းလေး ကို စားပွဲခုံပေါ်မှ လှမ်းယူလိုက်ပြီး

"တပည့်တော် ဟိုဖက်စာသင်ဆောင်ကို ကူးလိုက်ပါအုံး မယ် ဘုရား။ ကဲ….ကဲ…ယဉ်ယဉ်နဲ့ မအေးဆင့်ရေ ဆရာမကို ဟိုဖက်က အိမ်မကြီးကို လိုက်ပို့ကြပါအုံးကွယ်"

ခါတိုင်းနှင့်မတူပဲ ထူးထူးခြားခြား တစ်ဖက်မှ အိမ်မကြီးဆီ သို့ လိုက်ပို့ခိုင်းနေသည့် ဆရာမလေး မသင်းမေကို ဦးပဥ္စင်းဦးကောဝိဒ က နားမလည်နိုင်သည့် အကြည့်တွေနှင့် မျက်မှောင်ကျုံ့ရင်း ကြည့်နေမိ၏။ ပြီးတော့ အခုတလော ညနေနေမဝင်မီအချိန်မှာပင် ကျောင်းသားတွေကို အတန်းစောပြီး လွှတ်လွှတ်နေသည့် ဆရာမလေး ကိုလည်း ဦးကောဝိဒက သတိထားမိနေခဲ့၏။

ထိုအခြေအနေမှာပင်…

မောင်ဒေါင်းတို့ လှပိုတို့ကျောင်းသားများကလည်း ဆရာ မလေး မသင်းမေတစ်ယောက် ယဉ်ယဉ်နှင့်မအေးဆင့်ကို အဖော်ခေါ် သွားရခြင်းအကြောင်းကို တစ်စေ့တစ်စောင်း ရိပ်စားမိနေသော်လည်း ဆက်သံပြောင်းသည့် ဦးကောဝိဒ၏အကြောင်းကို သိနေကြသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တုတ်တုတ်မျှမလှုပ်ဘဲ စာသင်ခုံပေါ်မှ ဖွင့်လှန်ထားသော စာအုပ်ကိုသာ မျက်နှာအပ်ရင်း ခေါင်းငိုက်စိုက်ချထားကြ၏။

ထို့နောက် ဆရာမလေးကို လိုက်ပို့ပြီးပြန်လာကြသည့် ယဉ်ယဉ်နှင့် မအေးဆင့်တို့ကို လိုက်ပို့ရသည့်ကိစ္စနှင့်ပတ်သက်ပြီး ဦးကောဝိဒက ဘာတစ်ခုမှ မေးမြန်းခြင်းမပြုတော့ပဲ အက္ခရာသချ်ာတွေကို အပြန်ပြန်အလှန်လှန် ထပ်တလဲလဲ တွက်ခိုင်းလိုက်သည်မှာ ညနေသုံးနာရီပင်ကျော်လာခဲ့၏။

ထိုအခါမှ…

ဦးကောဝိဒက ခါးကြားမှ အိပ်ဆောင်နာရီဝိုင်းကလေးကို ထုတ်ကြည့်လိုက်ပြီး မကျည်းကန်ရွာအထိ ပြန်ကြရမည့် ယဉ်ယဉ်နှင့် မအေးဆင့်တို့ နှစ်ယောက်ကို ကျောင်းဆင်းခွင့်ပေးလိုက်၏။

သို့သော် မောင်ခေါင်းတို့ကျောင်းသားလေးယောက်ကိုတော့ ညနေစောင်းသည်အထိသချ်ာတွေကို တစ်ပုဒ်ပြီးတစ်ပုဒ်တွက်ခိုင်းနေလေသည်။

မောင်ခေါင်းတို့ လေးယောက်မှာလည်း အဲဒီနေ့က ကျောင်းစောစောဆင်းလျှင် အိမ်မကြီးဘေးက သရက်ပင်ကြီးအောက်မှာ ခြင်းခတ်ကြဖို့ တိုင်ပင်ထားကြသော်လည်း အခုအချိန်အထိ အတန်းမဆင်းပေးသည့် ဦးကောဝိဒကို စိတ်ထဲကျိတ်ပြီး မကျေမနပ်တွေနှင့် ဖြစ်နေကြ၏။



ခဏအကြာ

ဦးကောဝိဒက အဆောင်မှာ ညဖက်တွက်ကြဖို့ အိမ်စာသချ်ာဆယ်ပုဒ်ကို ကျောက်သင်ပုန်းကြီး ပေါ်မှာရေးပြီး ကျောင်းခန်းထဲမှ ပြန်ကြွသွားလေသည်။ ဦးကောဝိဒပြန်ကြွသွားချိန်မှာတော့ ဝတ်ဝန်းကျင်တစ်ခုလုံးမှာ မှောင်ရီပျိုးစပင် ဖြစ်နေတော့သည်။

ဦးကောဝိဒပြန်ကြွသွားသည်နှင့် ကျင်မောင်က–

“ဟော့ကောင်တွေ သင်ပုန်းပေါ်က ပုဒ်စာတွေကို မြန်မြန်ရေးကြကွာ ငါဗိုက်တွေအရမ်းဆာနေပြီ ထမင်းစားကြရအောင်”

“အေးလေ အချိန်ကနည်းမှမနည်းတော့တာ အခုလောက်ဆိုရင်တောင် ရွာထဲက တို့အတွက် ထမင်းဟင်းလာချက်ပေးတဲ့ အဘွားကြီး ဒေါ်မှုံတစ်ယောက် အိမ်ပြန်သွားလောက်ရောပေါ့”

သူတို့အဆောင်နေကျောင်းသားလေးယောက်အတွက် နေ့စာ ညစာထမင်းဖိုးကိစ္စကို ရွာသူကြီးဦးညိုက ဒေါ်မှုံဆိုသည့် အဘွားကြီးအား ထမင်းဟင်းချက်ပေးဖို့ တာဝန်ပေးထားသဖြင့် ဒေါ်မှုံကအိမ်ကြီး၏ နောက်ဖေးမီးဖိုချောင်မှ နေ့စဉ်လာပြီး ချက်ပြုတ်ပေးရသည်။

ထိုအဘွားကြီးဒေါ်မှုံမှာလည်း ချက်ဖို့ပြုတ်ဖို့ကိစ္စကို နေ့လည်လောက်ကတည်းက ချက်ပြုတ်ပြီး နေမဝင်မီ ခပ်စောစောပြန်သွားတတ်သဖြင့် မောင်ခေါင်းတို့မှာ နေ့စဉ်လိုလို အေးစက်စက်ဖြစ်နေသည့်

www.burmeseclassic.com

www.burmeseclassic.com



ထမင်းဟင်းတွေကိုသာ စားနေကြရသည်။

သည်လိုနှင့်

မောင်ခေါင်းတို့လေးယောက် စာအုပ်တွေကို သိမ်းဆည်းပြီး ချိန်မှာတော့ မိုးပင်စုန်းစုန်းချုပ်၍ နေပေပြီ။

❑ ❑ ❑

## အခန်း(၉)

ခါတိုင်းလို ညနေစောင်းမှာ ထမင်းစားကြသည်မဟုတ်ဘဲ တစ်ခါ မိုးစုန်းစုန်းချုပ်မှ အိမ်ကြီးဖက်ကို ထမင်းစားရန် ကူးလာမိကြသည့် မောင်ခေါင်းတို့လူစုမှာ ပတ်ဝန်းကျင်တစ်ခုလုံး အသစ်အဆန်း တစ်ခုလို ဖြစ်နေ၏။

လက်ထဲမှာ ကိုင်ထားသည့် ရေနံဆီမီးခွက်၏ အလင်းရောင် လည်း နှစ်ထပ်တန်းလျားဆောင်နှင့် အိမ်မကြီး၏ အနောက်ဖက်မှ ဖိုချောင်သို့ ကူးရာလမ်းကလေးပေါ် မှုန်ရီမှုန်ဝါးကျနေ၏။ တစ်ချိန် မှာပဲ ပုရစ်အော်သံတွေ တစီစီကိုလည်း ဟိုမှဒီမှကြားနေရကာ မောင်ခေါင်းတို့ လေးယောက်၏ မျက်လုံးတွေက ကိုယ့်အတွေးနှင့်ကိုယ် ဟိုဟိုဒီဒီ မျက်စေ့ကစားရင်းလျှောက်လာနေမိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ခြံဝင်းကြီးအတွင်းမှ မည်းမည်းမှောင်မှောင် အုံ့ဆိုင်းနေသည့် မကျည်းပင်၊ သရက်ပင်ကြီးတွေကလည်း ခါတိုင်းလိုမဟုတ်။ အခုမှ ပိုပြီး လှုပ်လှုပ်ရှားရှားတွေ ဖြစ်လာသလိုလို။ လေတိုက်တိုင်း ချိုးချိုး ချွတ်ချွတ်မြည်နေသည့် သစ်ရွက်ခြောက်တွေကလည်း သူတို့ အိမ်မကြီးနှင့် နီးကပ်လာသည်နှင့်အမျှ တစ်စုံတစ်ယောက်က နောက်မှ ရုပ် တိုက်ပြေးလိုက်လာသယောင် စိတ်ကထင်နေမိကြလေသည်။

ထိုအချိန်မှာပင်....

"တောက်....တဲ့"

"တောက်....တဲ့"

အိမ်မကြီး၏ အပေါ်ထပ်ဆီကကြားလိုက်ရသော တောက်တဲ့ အော်သံကြီးကြောင့် သူတို့ ခြေလှမ်းတွေက နောက်ဖေးမီးဖိုချောင်ရှေ့ တံခါးမကြီးအနားတွင် ပြိုင်တူရပ်မိလိုက်မိကြ၏။

ထို့နောက် စောဒီးမူးက လက်ထဲမှ ရေနံဆီမီးခွက်ကို အပေါ်သို့ မြှောက်ကိုင်လိုက်ရင်း မီးဖိုချောင်တံခါးမကြီးကို တွန်းဖွင့် ကာ အိမ်မကြီးအတွင်းသို့ ရှေ့မှဦးဆောင်ပြီး လှမ်းဝင်လိုက်၏။

မီးဖိုချောင်အတွင်းသို့ ဝင်လိုက်သည်နှင့်...

"ကျီ"

"ဒုန်း"

"ဂ လွမ်း"



ဒေါ်မှုံအသင့်ပြင်ဆင်ပေးထားခဲ့သည့် ထမင်းစားပွဲဝိုင်းကြီးမှ ဇင်ထိုင်ခုံတွေက တစ်စုံတစ်ယောက် ရုတ်တရက် ထသွားသလို လှုပ်ရှား ယိမ်းထိုးသွားကြ၏။ ဒါ့အပြင် စားပွဲဝိုင်းပေါ်မှ ထမင်းအုပ် ဘိုဖုံးအုပ်ထားသည့် အဖုံးတစ်ခုကလည်း အလိုအလျောက် အောက်သို့ လျှောကျသွား၏။

"ဟင်"

တစ်ဆက်တည်းမှာပဲ မောင်ဒေါင်းနှင့် စောဒီးမူးတို့နှစ် ယောက်ကြားမှ ဖျက်ကနဲတိုးဝင်သွားသော လေအရှိန်တစ်ခုကြောင့် သည်း ရေနံဆီမီးခွက်မှ မီးတောက်က လက်ထဲမှာ ငြိမ်းလုလုဖြစ်သွား ၏၊

ထိုစဉ်မှာပင်

မောင်ဒေါင်းနှင့် စောဒီးမူးတို့နှစ်ယောက်က တစ်ယောက် မျက်နှာကိုတစ်ယောက် လှည့်ကြည့်မိလိုက်ကြသော်လည်း ဘာစကား တစ်ခွန်းမှ မပြောမိကြ။ သူတို့အတွေးထဲမှာ အိမ်တံခါးမကြီး တွန်းဖွင့် ပိတ်သည့် အရှိန်ကြောင့် လေဟတ်သွားသည်ဟုထင်နေရာ ထမင်း စားပွဲဝိုင်းမှ ထိုင်ခုံတွေကလည်း အိမ်နံရံကို လွဲရိုက်သလိုဖြစ်သွားသည့် ခုန်ထွက်သွားသော တံခါးရွက်ကြောင့်ပင် တုန်ခါသွားကြသည်ဟု ထင်လိုက်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်

မောင်ဒေါင်းနှင့်စောဒီးမူးတို့၏ နောက်မှာ ကပ်လျက်လိုက်ပါ လာသည့် လုပိုကတော့ သွေးဆုတ်ဖြူလျော်နေသော မျက်နှာနှင့် မီးဖိုချောင်တစ်ခုလုံးကို ကျီးကန်းတောင်းမှောက်ကြည့်နေလေသည်။ ထိုသို့တစ်ခဏအတွင်း တွေတွေဝေဝေဖြစ်ကုန်ကြချိန်မှာတော့…

"ကဲ လုပ်ကြလေကွာ မင်းတို့ကဘာရပ်လုပ်နေကြတာလဲ ဒီမှာ ထမင်းဆာလှပြီကွ"

မောင်ဒေါင်းတို့ လုပိုတို့၏နောက်မှနေ၍ မီးဖိုချောင်းအတွင်း သို့ လိုက်ဝင်လာသော ကျင်မောင်က ပြောပြောဆိုဆို ထမင်းစားပွဲဝိုင်း သို့ အူးလျားဖားလျားနှင့် ဝင်ထိုင်လိုက်ပြီး ထမင်းပန်းကန်ပြားတွေကို ဆွဲယူလိုက်၏။

ထိုစဉ်

သူတို့ထမင်းဝိုင်းရှိရာ အပေါ်တည့်တည့်ဆီမှာ အခင်းကြမ်း ပြင်တွေပေါ် နင်းလျှောက်သွားသည့် ခြေသံတရုပ်ရုပ်ကို ကြားလိုက်ကြ ရသည်။ တဆက်တည်းမှာပဲ ကြမ်းကြားမှ အမှုန်အမွှားတွေကလည်း ထမင်းစားပွဲပေါ်သို့ တစ်ဖျားဖျား ကျလာသည်ကို သူတို့အားလုံးတွေ့ လိုက်ကြရသည်။

သူတို့လေးယောက်စလုံး၏ မျက်လုံးတွေက ပြိုင်တူဆိုသလို အပေါ်သို့မော့ကြည့်လိုက်ရာ ရေနံဆီမီးခွက်မှ တစ်ဖျတ်ဖျတ် ယိမ်းထိုး



နေသော မီးခိုးမှိုင်းတွေက အပေါ်ထပ်မှ အခင်းကြမ်းပြင်ကို လူးလူးလွန့် လွန့် တိုးဝှေ့နေ၏။

သူတို့ကြည့်နေစဉ်မှာပဲ ခြေသံလိုလို တစ်ရုပ်ရုပ်နှင့်အသံကြီး ကို ထပ်ပြီး ကြားလိုက်ရပြန်သည်။ ဒီတစ်ကြိမ်မှာတော့ သူတို့ မြင်နေရသည့် ကြမ်းပေါက်ကြားထဲ အမှိုက်သရိုက်အမှုန်အမွှားတွေက တမင်ယက်ချ လိုက်သလို ထမင်းစားပွဲပေါ် ဝေါကနဲကျလာသည်။

"ဟင်…ဒီ…ဒီ အပေါ်ထပ်မှာ ဘယ် ဘယ်သူများ"

မောင်ဒေါင်း၏စကားကြောင့် စောဒီးမူးမှာလည်း စားပွဲပေါ်မှ ရေနံဆီမီးခွက်ကို ကပျာကယာ ကောက်ကိုင်လိုက်ပြီး

"ဟုတ်တယ်…ဒီအပေါ်ထပ်မှာ တစ်ယောက်ယောက်ရှိကို ရှိနေတာသေချာတယ်။ ငါတို့ တက်ကြည့်ကြရင်ကောင်းမယ်"

အားလုံးကို အပေါ်တက်ကြည့်ကြဖို့စည်းရုံးသလိုနှင့် ပြောလိုက်သော စောဒီးမူးမျက်နှာက စွတ်တရွတ်နိုင်နေရုံမက ဘာမဆို ရင်ဆိုင်လိုက်ရန်လည်း အသင့်အနေအထားနှင့် ရှိနေပုံရ၏။

ကျင်မောင်မှာလည်း သူ့မျက်စေ့ရှေ့မှ ပတ်လက်လှန်ထား သော ပန်းကန်ပြားထဲသို့ ကျလာသည့် ဆံပင်ချည်ထွေးတွေ အမှိုက်သရိုက် အမှုန်အမွှားတွေကို တွေတွေကြီးစိုက်ကြည့်နေရာမှ စောဒီးမူး၏စကားကြောင့် ထိုင်ရာမှ ဝုန်းကနဲမတ်တတ်ရပ်လိုက်ပြီး အပေါ်ထပ်ကို တက်ကြည့်ဖို့သဘောတူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ထဲမှာပဲ မောင်ဒေါင်းကလည်း စောဒီးမူးတို့ ကျင်မောင်တို့နှင့်အတူ အပေါ်ထပ်ဆီသို့ တက်ကြည့်ရန် ခြေလှမ်းပြင်လိုက်စဉ်မှာပင် တစ်ချိန်လုံး သွေးပျက်ချောက်ခြားနေသည့် လုပိုက တုန်တုန်ယင်ယင်အသံတွေဖြင့်

"ဟေ့ ဟေ့ကောင်တွေ နေ နေကြအုံး တော်ကြာ အဲဒီအပေါ်ထပ်မှာ"

"မင်းမလိုက်ရဲရင် ဒီမှာသာနေခဲ့ ငါတို့ကတော့ ဒီအပေါ်ထပ်ကို တက်ကြည့်ရမှ ကျေနပ်မယ်"

တကယ်တော့ လုပိုမှာ မောင်ဒေါင်းတို့ပြောသလို ဟောဒီထမင်းဝိုင်းကြီးအနားမှာ တစ်ယောက်ထဲ နေရစ်ခဲ့ဖို့ဆိုတာကလည်း နဂိုကတည်းက သွေးပျက်ထိတ်လန့်နေသူဖြစ်သဖြင့် ကြောက်ကြောက်နှင့်သာ အားလုံး၏နောက်မှလိုက်ပါသွားလေသည်။

သူတို့လေးယောက်သား အပေါ်ထပ်သို့တက်သည့်လှေကားအနီးသို့ရောက်သောအခါ စောစောက ဝင်လာခဲ့သည့် နောက်ဖေးမီးဖိုချောင်ရှိ တံခါးမကြီးဆီမှ ဂျိုင်းကနဲမြည်သံကြီးတစ်ချက်ကို ကြားလိုက်ရလေသည်။

"ဂျိ...ဂျိုင်း"

"ဟင် နောက်ဖေးမီးဖိုချောင်က တံခါးကြီး ပိတ်သွားတဲ့အသံလား"



အားလုံးက လှေကားထစ်များပေါ်သို့ တစ်လှမ်းခြင်းတက်နေကြချိန်မှာတော့ လုပိုက အိမ်အနောက်ဖက်ဆီမှ ကြားလိုက်ရသောအသံကြီးကြောင့် သူ့နောက်ကျောကို သူမလုံမလဲ တထိတ်ထိတ် အလန့်လန့်တွေနှင့် နောက်မှတစ်လှမ်းခြင်း လိုက်တတ်နေမိ၏။

ထိုနောက် ရှေ့ဆုံးမှတက်သွားသည့် စောဒီးမူးက အိမ်နောက်ဖေးမှတံခါးကြီးပိတ်သွားသည့် အသံကိုပင် ဂရုမစိုက်နိုင်တော့ပေ။ လှေကားထိပ်မှ အံဖုံးတံခါးကြီးကို လက်နှစ်ဖက်ဖြင့် တွန်းမပြီး ဖွင့်လိုက်၏။ စောဒီးမူး၏နောက်မှ ကပ်လျှက်လိုက်ပါလာသည့် မောင်ဒေါင်းကလည်း ရေနံဆီမီးခွက်ကို အပေါ်သို့မြှောက်ကိုင်ပေးထားရင်း အပေါ်ထပ်တစ်ခုလုံးကို မျက်မှောင်ကျုံ့ပြီး ဟိုဟိုဒီဒီလိုက်ကြည့်နေမိ၏။

သူတို့လေးယောက်စလုံး အိမ်မကြီး၏အပေါ်ထပ်ဆီသို့ ရောက်သွားသောအခါ မည်းမှောင်နေသော အခန်းကျယ်ကြီးတစ်ခုလုံးမှာ ပင့်ကူမျှင်များ ဖုန်မှုန့်များနှင့် လင်းနို့ချေးတွေက မြင်မကောင်းအောင်ပေပွ ရှုပ်ထွေးလျှက် ရှိနေသည်ကို တွေ့လိုက်ရ၏။ ဒါ့အပြင် သူတို့နှာခေါင်းထဲမှာလည်း ချဉ်စုတ်စုတ် စိမ်းရွှေရွှေအနံ့ကြီးကို ရှူရှိုက်မိနေကြသည်။

"ဂလောင်"

ရုတ်တရက် ကျင်မောင်၏ခြေထောက်တစ်ဖက်က ကြမ်းပြင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ ပုလင်းတစ်ခုကို ခလုတ်တိုက်မိရာ ထိုပုလင်းက ခပ်လှမ်းလှမ်းမှ နှစ်ယောက်အိပ်ကြေးကုတင်ကြီးရှိရာဆီသို့ အရှိန်နှင့်လိမ့်သွား၏။ တစ်ချိန်တည်းမှာပဲ သူတို့လေးယောက်၏ မျက်လုံးတွေကလည်း နံရံနှင့်ကပ်လျက်ရှိနေသော ကြေးဝါရောင်ကုတင်ကြီးကို အထူးအဆန်း သဖွယ် လှမ်းကြည့်လိုက်ကြလေသည်။

သူတို့ကြည့်နေဆဲမှာပဲ...

"ဖျစ်...ဖျစ်...ဖျစ်"

"ချွင်...ချွင်"

"ဂျိ...ဂျိ...ဂျိ"

မွေ့ယာအခင်းမရှိတော့သည့် ကြေးကုတင်အဟောင်းကြီး ပေါ်မှ လူတစ်ယောက် ရုတ်တရက်ထသွားသလို ကြမ်းခင်းစပရိန်တွေ က တဖျစ်ဖျစ် တချွင်ချွင်မြည်ကာ ရုန်းကြွလှုပ်ရှားသွား လေသည်။

"ဟင်..."

တစ်ဆက်တည်းမှာပဲ ထိုကြေးဝါရောင်ကုတင်ကြီးပေါ်မှ တစ်စုံတစ်ခု ပြုတ်ကျလာသလို 'ဘုတ်' ကနဲအသံကြီးကိုလည်း ကြား လိုက် ကြရသည်။

"ဘုတ်"

ထိုအသံကြားလိုက်ရသည်နှင့် ရေနံဆီမီးခွက်ကိုကိုင်ထား သည့် မောင်ဒေါင်းက ကြမ်းပြင်ကို ကပျာကယာငုံ့ပြီး ကြည့်လိုက်လေ



ရာ...

"ဟို...ဟိုမှာ တောက်တဲ့ကြီးဟေ့ တောက်တဲ့ကြီး"

"ဟာ...ဟုတ်ပါရဲ့၊ နည်းတဲ့အကောင်ကြီးမဟုတ်ဘူး ဟေ့... အရေဆုတ်ပြီး မီးဖုတ်လိုက်လို့ကတော့ အတော့်ကို အရသာရှိမယ့်ပုံပဲ"

ပြောပြောဆိုဆို မောင်ဒေါင်းနှင့် စောဒီးမူးတို့က တောက်တဲ့ ကြီးအနီးသို့ တဖြည်းဖြည်းချင်း တိုးကပ်သွား၏။ သူတို့တိုးကပ်လာ သည်နှင့် တောက်တဲ့ကြီး၏ နီရဲသောမျက်လုံးအစုံတို့ကလည်း ဒေါသတကြီးနှင့် ပြန်စိုက်ကြည့်နေသည့် လူတစ်ယောက်လို မီး ဝင်းဝင်းတောက်နေ၏။

မောင်ဒေါင်းနှင့် စောဒီးမူးတို့ ထိုတောက်တဲ့ကြီးအနီးသို့ တိုးကပ်သွားသည်နှင့် စူးစူးရှရှ ပြန်စိုက်ကြည့်နေသည့် တောက်တဲ့ ကြီးမှာ အနီးမှနံရံပေါ် လျှပ်တပြက်ပြေးတွယ်ကပ်လိုက်ရင်း ဖွင့်ထား သော ပြတင်းပေါက်ဘောင်ပေါ်သို့ ခုန်တက်လိုက်လေသည်။

ထို့နောက် နီရဲတောက်ပနေသည့် မျက်လုံးအစုံတို့ဖြင့် မောင်ဒေါင်းတို့လူစုကို တစ်ချက်စိုက် ကြည့်လိုက်ပြီး တစ်ဖက်မှ ကိုင်းကျနေသည့် သရက်ပင်ကြီးဆီသို့ ခုန်ကူးသွားလေတော့သည်။

"တောက်...မိခါနီးကျမှကွာ"

တစ်ချိန်ထဲမှာပဲ မောင်ဒေါင်းနှင့်စောဒီးမူးတို့က ပါးစပ်မှ

www.burmeseclassic.com

www.burmeseclassic.com



မကျေမနပ် ရေရွတ်လိုက်ကြရင်း တောက်တဲ့ကြီးခုန်ကူးသွားသည့် ပြတင်းပေါက်မှနေ၍ တစ်ဖက်မှ သရက်ကိုင်းကြီးကို လှမ်းကြည့်လိုက်ကြ၏။ ထိုတောက်တဲ့ကြီးမှာကား အုပ်ဆိုင်းကျနေသည့်သစ်ရွက်သစ်ခက်များကြား ချက်ချင်း ဆိုသလို တိုးဝင်ပျောက်ကွယ်သွား၏။

ထိုအချိန်အထိ တစ်ကိုယ်လုံးရွှေးစေးတွေပြန်ပြီး ခြေဖျားလက်ဖျား တွေအေးစက်စက်ဖြစ်နေသည့် လှပိုက တောက်တဲ့ကြီး ခုန်ကူးသွားသည့် သရက်ကိုင်းကြီးဖက်ကိုလည်း မကြည့်၊ မောင်ဒေါင်းတို့ စောဒီးမှူးတို့ကိုလည်း ဘာစကားတစ်ခွန်းမှ မပြောပဲ အပေါ်ထပ်တစ်ခု လုံးကိုသာ ကြောက်ကြောက်လန့်လန့် နှင့် မျက်စေ့ကစားပြီး လှျောက်ကြည့်နေမိလေသည်။

အပေါ်ထပ်တစ်ခုလုံးမှာလည်း ဆေးပုလင်းတွေ၊ ဘူးတွေ ခွက်တွေက ပင့်ကူမျှင်များ ဖုန်မှုန့်များကြားမှာ ဖယိုဖရဲနှင့် ကျဲပြန့်လျက် ရှိနေပြီး ကြေးကုတင်ကြီး၏ ခြေရင်းဖက်မှာတော့ အနီရောင်လိုက်ကာ စကြီးကခန်း ဆီးကြိုးပေါ်မှနေ၍ တွဲလောင်းကြီးကျနေကာ လေတိုက် တိုင်း ကြမ်းပြင်ပေါ်မှာ တရှပ်ရှပ်ပွတ်တိုက် လျက်ရှိနေသည်။

မောင်ဒေါင်းနှင့်စောဒီးမှူးတို့နှစ်ယောက်မှာလည်း-

"စောစောက ဟောဒီကုတင်ကြီးပေါ်က ခုန်ဆင်းသွားတာ ဟာ တောက်တဲ့ကြီးတော့ မဖြစ်နိုင်ဘူး မောင်ဒေါင်း"

"အေး ဟုတ်တယ်...တောက်တဲ့ကြီး ခုန်ဆင်းရုံနဲ့ ကုတင်မှာရှိနေတဲ့ စပရိန်တွေ တဖျစ်ဖျစ်မြည် သွားတယ်ဆိုတာ ဘယ်လိုမှယုတ္တိမရှိဘူး။ ပြီးတော့ ငါတို့ကြားလိုက်ရတဲ့ ခြေသံ ကလည်းဟောဒီနေရာတစ် ဝိုက်မှာပဲ ပျောက်သွားတာ အတော့်ကို ထူးဆန်းနေတယ်"

ထိုသို့မောင်ဒေါင်းနှင့်စောဒီးမှူးတို့ စဉ်းစားရခက်နေချိန် မှာတော့ တစ်ချိန်လုံး အသံမထွက်ရဲပဲ နှုတ်ဆိတ်နေကြသည့် လှပိုနှင့် ကျင်မောင်တို့က-

"ဒါ...ဒါဆို ငါတို့စောစောကကြားလိုက်ရတဲ့ ခြေသံက ဘာလဲ"

သူတို့နှစ်ယောက်၏ မေးခွန်းကိုတော့ စောဒီးမှူးနှင့်မောင်ဒေါင်း က ခေါင်းကိုသာ ဖြည်းညှင်းစွာခါရင်း အဖြေပေးလိုက်မိကြသည်။

ထို့နောက် သူတို့လေးယောက်မှာ မတင်မကျဖြစ်နေသည့် စိတ်တွေနှင့် ထိုအိမ်ကြီး၏ အပေါ်ထပ်ဆီမှ ပြန်ဆင်းလာကြလေသည်။

သည်လိုနှင့် သူတို့အားလုံးလှေကားခြေရင်းသို့ ရောက်သော အချိန်မှာတော့

"ဘုတ်....ဘုတ်....ဘုတ်"

စောစောက ပြူတင်းပေါက်ရှိရာနံ့ရံကို အပြင်ဖက်မှ တစ်စုံတစ်ခုကလာပြီး လွှဲယမ်းရိုက်ခတ်နေသလို အသံကြီးကိုကြား လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဘာသံလဲ"

"စောစောက တောက်တဲ့ကပဲ အပြင်ကနေနံရံကို အမြီးနဲ့ ရိုက်နေတာလား"

"မဟုတ်ဘူး မဟုတ်ဘူး၊ ဒါအမြီးနဲ့ရိုက်နေတဲ့အသံ မဟုတ်ဘူးကွ။ တစ်ခုခုက အရှိန်နဲ့လာပြီး ထုရိုက်နေတဲ့အသံ"

ပြောပြောဆိုဆို သူတို့လေးယောက်မှာ ထိုနေရာကိုသိချင်ဇောဖြင့် အိမ်မကြီး၏ရှေ့မှ တံခါးမကြီးရှိရာသို့ ပြေးသွားကြပြီး တံခါးကြီးကို ဆွဲဖွင့်လိုက်ကြ၏။ သို့သော် ထိုတံခါးမကြီးက အပြင်ဖက်မှ မင်းတုတ်ချထားသဖြင့် အတွင်းမှ ဘယ်လိုမှ ဖွင့်မရပဲဖြစ်နေ၏။

"တောက် ဝှကျတာပဲဟ တံခါးက အပြင်ကနေချက်ချထားတယ်"

"ဒီလိုဆိုရင်လည်း နောက်ဖေးပေါက်က မြန်မြန်ထွက်ကြကွာ"

ချက်ချင်းဆိုသလို အိမ်အနောက်ဖက်မှ တံခါးကြီးရှိရာသို့ ဝရန်း သုန်းကားတွေနှင့် ပြေးကြပြန်သည်။ ထိုအချိန်အထိ နံရံကို အပြင်ဘက်မှ တစ်ဘုတ်ဘုတ်လာရိုက်နေသော အသံကြီးကိုလည်း အဆက်မပြတ်ကြား နေရ၏။

"ဘုတ်...ဘုတ်...ဘုတ်"

"ဘုတ်...ဘုတ်...ဘုတ်"



သူတို့လေးယောက် မီးဖိုချောင်မှတံခါးမကြီး ရှေ့သို့ရောက်သောအခါ အလာတုန်းက တွန်းဖွင့်ဝင်လာခဲ့သည့် တံခါးရွက်ကြီးနှစ်ချပ်က အတွင်းမှသစ်သားမင်းတုတ်ချလျှက် သူ့အလိုလို စေ့ပိတ်နေသည်ကို တအံ့သြနှင့် တွေ့လိုက်ကြရသည်။

"ဟင်...ဒီ ဒီတံခါးရွက်ကြီးနှစ်ချပ်က ဘယ်လိုဖြစ်ပြီးပိတ်သွားရတာလဲ"

ထိုတံခါးကြီးမှာလည်း အမှန်တကယ်ပင် အတွင်းမှသစ်သားမင်းတုတ်ကြီးကို လူတစ်ယောက်က တမင်ထိုးကလန့်ပြီး ပိတ်လိုက်သလို အံဝင်ဂွင်ကျကြီးဖြစ်နေ၏။ အလိုလိုမှ သွေးပျက်မတတ်ကြောက်လန့်နေသော လှပိုမှာလည်းထိုမြင်ကွင်းကို မြင်လိုက်ရသည်နှင့် သူ့တစ်ကိုယ်လုံး တောင့်တင်းအေးခဲသွားသလို ချွေးသီးချွေးပေါက်တွေတစ်ကိုယ်လုံးမြင် မကောင်းအောင် ကျလာသည်။

ထိုအတွေးနှင့်အတူ မောင်ဆေါင်းနှင့် စောဒီးမူးတို့က ဘာကိုမှကြောက်လန့်ရကောင်းမှန်းပင်မသိ သစ်သားမင်းတုတ်ကြီးကို လက်နှစ်ဖက်ဖြင့် မပြီးပြန်ဖြုတ်နေလေသည်။ သူတို့ထိုသို့ မင်းတုတ်ကြီးပြန်ဖြုတ် နေချိန်မှာတော့ ကျင်မောင်ကဘေးမှ မီးခွက်ပြပေးနေရကာ သူ့မျက်လုံးတွေလည်း ဂဏာမငြိမ်ပဲ ဟိုဟိုဒီဒီလျှောက်ကြည့်နေလေသည်။

ခဏအကြာ...

www.burmeseclassic.com



သူတို့လေးယောက်စလုံးမှာ အိမ်နောက်ဖေးမီးဖိုချောင်တံခါးမကြီးမှနေ၍ အလုအယက်နှင့် တိုးဝှေ့ပြီးထွက်လာကာ ဆောဆောက တဘုတ်ဘုတ်လာပြီးရိုက်နေသည့် ပြတင်းပေါက်ကြီးရှိရာအောက်ဆီမှ အိမ်နံရံကို အပြေးအလွှားသွားကြည့်လိုက်ကြလေသည်။

ထိုပြူတင်းပေါက်ရှိရာ အောက်တည့်တည့်သို့ရောက်သောအခါတွင်ကား ဘာဆိုဘာမှမတွေ့ရ။ ယုတ်စွအဆုံး ထိုပြူတင်းပေါက်အောက်ခြေမှာကပ်ပြီး ပေါက်နေသည့် သရက်ပင်မှ သစ်ကိုင်းသစ်ခက်တို့ပင် အိမ်နံရံနှင့်ထိမနေကြ။ ဒါ့အပြင်ဆောဆောက ကြားလိုက်ရသည့် တဘုတ် ဘုတ်မြည်သံကလည်း သူတို့ရောက်လာကာမှ လုံးဝပျောက်ကွယ်သွားလေသည်။

"ဒါ ဘယ်လိုမှ မရိုးတာတော့ အမှန်ပဲ"

"သေချာတာက ငါတို့အနီးဝန်းကျင်မှာ တစ်ယောက်ယောက် ရှိကိုရှိနေတယ်"

အဲဒီအချိန်မှာပဲ သူတို့ရပ်နေသည့် သရက်ပင်ကြီးနှင့် မလှမ်းမကမ်း အမှောင်ရိပ်ထဲမှ ချိုးချိုးချွတ်ချွတ်မြည်သံတွေနှင့်အတူ ခပ်ဝိုင်းဝိုင်း သဏ္ဌာန်ကြီးနှစ်ခုက အိမ်ကြီး၏ရှေ့မျက်နှာစာဖက်သို့ ဦးတည်ပြီး မြေပြင်ပေါ်မှာ တစ်လိမ့်လိမ့်နှင့် ရွေ့လျားနေ၏။

"ဟိုမှာ...ဟိုမှာ"

"ဟာ ဘာကြီးတွေလည်း"



အားလုံးက ထိုရွေ့လျားနေသည့် ခပ်ဝိုင်းဝိုင်းသဏ္ဌာန်နှစ်ခုကိုကြည့်ရင်း မင်းသက်မိနေကြချိန်မှာတော့ စောဒီးမူးက ဘာမှမပြောမဆိုနှင့် လိမ့်နေသောထိုအရာကြီး နှစ်ခုနောက်သို့ ဒရောသောပါးပြေးပြီး လိုက်လေသည်။ မောင်ဒေါင်းတို့ ကျင်မောင်တို့မှာလည်းယခုလို မကြုံစဖူးမြင်လိုက်ရသည့် ထူးထူးဆန်းဆန်း အရာကြီးနှစ်ခုကြောင့် စောဒီးမူးနှင့်အတူ အပြေးအလွှားတွေနှင့် နောက်ကလိုက်ကြလေသည်။

လှပိုကတော့ နဂိုကတည်းက သွေးပျက်ထိတ်လန့်နေသူဖြစ်ရာ ဘာတစ်ခုမှ စဉ်းစားတွေဝေမနေတော့ပဲ အားလုံးနည်းတူနောက်မှ ပြေးလိုက်ရပြန်လေသည်။

သူတို့ အိမ်ကြီး၏ အရှေ့ဖက်သို့ရောက်သွားချိန်မှာတော့မြေပေါ်မှာ တလိမ့်လိမ့်ရွေ့လျားနေသည့် ခပ်ဝိုင်းဝိုင်းသဏ္ဌာန်ကြီး၏အရှိန်က ပိုမြန်လာပြီး အိမ်မကြီး၏ အခြားတစ်ဖက်သို့ ချိုးကွေ့သွားလေသည်။

"ဟင်"

ထိုအချိန်မှာပဲ လက်ထဲမှ ရေနံဆီမီးခွက်ကလည်း ငြိမ်းသွားသည်ဖြစ်ရာ ပတ်ဝန်းကျင်တစ်ခုလုံးက ပိုပြီးမှောင်ကျသွားသည်ဟုပင် ထင်လိုက်ရ၏။ ဒါ့အပြင်ရှေ့မှ လိမ့်နေသောအရာကြီးနှစ်ခုမှာလည်း သူတို့ နောက်ကပြေးလိုက်နေကာမှ ပိုပြီးပင်မြန်ဆန်လာကာ

www.burmeseclassic.com

www.burmeseclassic.com



အိမ်မကြီး၏ အနောက်ဘက်ဆီသို့ ဦးတည်ပြီးလိမ့်နေလေသည်။

ထိုစဉ်မှာပင် သူတို့ရှေ့မှ သွက်သွက်ခါအောင်လိမ့်နေသော ခပ်ဝိုင်းဝိုင်းသဏ္ဌာန်ကြီး နှစ်ခုက ခြံအနောက်ဖက်မှ ရေတွင်းကြီးရှိရာ နေရာသို့အရောက်တွင် ရေတွင်းနှုတ်ခမ်းပေါင်နှင့် တိုက်မိပြီး မြေပေါ်မှ ပြုလဲကျကုန်၏။

"ဟို…ဟိုမှာ လဲသွားပြီ…လဲသွားပြီ"

သူတို့အားလုံး ထိုရေတွင်းကြီးရှိရာနေရာသို့ရောက်သောအခါ ဘေးမှ လဲပြိုကျနေသော ခပ်ဝိုင်းဝိုင်းသဏ္ဌာန်ကြီးနှစ်ခုကိုငုံ့ပြီး ကြည့်လိုက်ကြလေရာ…

"ဟင်…စကောကြီးတွေပါလား"

"ဒီစကောကြီးတွေက ဘယ်လိုဖြစ်ပြီး"

တစ်ချိန်ထဲမှာပဲ သူတို့အားလုံး၏ မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်ပြီး တအံ့အသြတွေနှင့် ဖြစ်ကုန်ကြသည်။ ပြီးတော့ အားလုံး၏ အတွေးတွေကလည်း ထိုစကာကြီးနှစ်ချပ်ကိုကြည့်ရင်း တစ်ခဏအတွင်းမှာ ရှုပ်ရှုပ်ထွေးထွေးတွေနှင့် ဘာကိုမှ စဉ်းစား၍မရနိုင်အောင် ဖြစ်ကုန်ကြသည်။

ထိုသို့သော နားလည်ရခက်သည့် အဖြစ်အပျက်တွေက အမျိုးသားကျောင်းကြီးအဖြစ်ပြောင်းလဲ သတ်မှတ်ခဲ့သော အိမ်အိုကြီး အတွင်း ဆက်တိုက်ဆိုသလိုကြုံတွေ့လိုက်ရလေရာ မောင်ဒေါင်းတို့လို



ကျောင်းအိပ်ကျောင်းစားနေကြသည့် ကျောင်းသားများအဖို့ လွန်စွာမှ အထူးအဆန်းတွေ ဖြစ်မိနေကြလေသည်။

ဒါ့အပြင် ထိုအိမ်ကြီး၏ အပေါ်ထပ်ဆီမှာ သူတို့မြင်တွေ့ခဲ့ရသည့် အသုံးအဆောင်ပစ္စည်းတွေနှင့် ကြေးဝါရောင်ကုတင်အဟောင်းကြီးကိုလည်း သူတို့စိတ်ထဲမှာ သံသယတွေဖြစ်မိနေကြကာ ထိုအရာတွေနှင့် ပတ်သက်ပြီး တစ်ခုခုကိုမြင်ချင်သည့် စိတ်တွေက တစ်ဖွားဖွား ပေါ်နေတော့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

ထိုနေ့က နှစ်ထပ်တန်းလျားဆောင်ကြီးရှိရာသို့ သူတို့ပြန်ရောက်လာကြချိန်မှာတော့ ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်မည်းမှောင်လျက်ပင် ရှိနေပြီဖြစ်သည်။ ကျင်မောင်နှင့်လုပိုတို့မှာလည်း သူတို့နေထိုင်ရာ အခန်းအတွင်းသို့ ပြန်ရောက်ကာမှ သက်ပြင်းသက်ခတွေကို ချမိလိုက်ကြပြီး စောစောက အဖြစ်အပျက်တွေကို အသည်းတယားယားနှင့် ပြန်တွေးကြည့်နေမိကြ၏။

ထိုစဉ်မှာပင် တစ်ဖက်ခန်းတွင်းမှ မောင်ဒေါင်းနှင့်စောဒီးမူးတို့မှာလည်း အကောင်အထည်မမြင်လိုက်ရပါဘဲ လှုပ်လှုပ်ရှားရှားတွေဖြစ်နေရုံမက အသံဗလံတွေကို ထူးထူးဆန်းဆန်းကြားနေရသည့်



တစ်ဖက်မှ အိမ်မြင့်ကြီးကို ကြည့်ကာ စိတ်ထဲမှာမကျေမနပ်တွေနှင့် ဖြစ်နေမိကြ၏။

“တောက်…ငါတော့ ဒီအိမ်ကြီးနဲ့ ပတ်သက်ပြီး စိတ်ထဲသိပ်မကျေနပ်သေးဘူး ဒေါင်းရာ… မင်းစဉ်းစားကြည့်လေ စောစောက မြင်လိုက်ရတဲ့ စကောကြီးနှစ်ချပ်က ဘယ်နှယ့်ကြောင့် ဒီခြံဝင်းကြီးထဲမှာ ညကြီးမင်းကြီးသွက်သွက်ခါအောင် လိမ့်နေရတာလည်း ပြီးတော့ပိုပြီးထူးဆန်းတာက အဲဒီ စကောကြီးနှစ်ချပ်က အိမ်ကြီးရှေ့က နေပတ်ပြီး အိမ်အနောက်ကရေတွင်းဖက်ကို သူ့အလိုလို ကွေ့ပတ်သွားတာဟာ အတော့်ကို အံ့သြစရာ ဖြစ်နေတယ်”

စောဒီးမူးစကားကြောင့် နံရံကို မှီပြီးတစ်စုံတစ်ရာကို ပြန်တွေးကြည့်နေသည့် မောင်ဒေါင်းက-

“ခက်တာက ဟိုနှစ်ယောက် လုပိုနှင့်ကျင်မောင်ကလည်း အရေးထဲမှ ကြောက်နေကြတော့ ဘာမှအားကိုးလို့မရဘူး။ အဆောင်ကိုပဲ ပြန်ချင်နေကြတယ်”

ဟုဆိုကာ မောင်ဒေါင်းကထိုင်ရာမှထကာ ပုဆိုးကိုပြင်ဝတ်လိုက်၏။ ထိုသို့ ဟန်ပြင်လိုက်သည်နှင့်စောဒီးမူးကလည်း ရေနံဆီမီးခွက်ကို ကောက်ယူလိုက်ကာ

“ဒါဆိုလည်း လုပိုနှင့်ကျင်မောင်တို့ကို ထားခဲ့ပြီး မင်းရယ် ငါရယ် နှစ်ယောက်ထဲ အဲဒီအိမ်ကြီး ဆီကိုပြန်သွားကြည့်ရအောင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ့်လဲ''

ပြောပြောဆိုဆို မောင်ဒေါင်းနှင့်စောဒီးမှူးတို့မှာ တစ်ဖက်အခန်းမှ လှပို့နှင့်ကျင်မောင်တို့ မသိလိုက်ခင်မှပင် နှစ်ထပ်တန်းလျားဆောင်ကြီးဆီမှ တိတ်တဆိတ်ထွက်လာခဲ့တော့ သည်။

သူတို့ထွက်လာရာလမ်းတစ်ခုလုံးမှာလည်း ဟိုမှဒီမှပရစ်သံတွေက တစီစီကြားနေရကာ ညကအမှောင်ထုအောက်သို့ တိုးသည်ထက်ပိုတိုး ဝင်လာနေ၏။

''ဟေ့…ငဒေါင်း မင်းဆီမှာမီးခြစ်ပါတယ် မဟုတ်လားကွ''

နှစ်ထပ်တန်းလျားဆောင်၏ တံစက်မြိတ်အောက်မှ ဖြတ်ကျော်လိုက်သည်နှင့် ရေနံဆီမီး ခွက်ကိုင်ထားသော မောင်ဒေါင်းကိုစောဒီးမှူးက လေသံတိုးတိုးဖြင့် လှမ်းမေးလိုက်၏။

''အေး ပါတယ်လေ…ဘာဖြစ်လို့လဲ''

''ဒါဆို မင်းလက်ထဲက မီးခွက်ကိုမှုတ်လိုက် တော်ကြာငါတို့ မီးရောင်ကို တစ်ယောက်ယောက်မြင်သွားရင် အချိန်မတော်ဒီအိမ်ကြီးထဲကို ဝင်တာလူတွေသိကုန်မယ်''

စောဒီးမှူး၏စကားအဆုံးတွင်တော့ မောင်ဒေါင်းက သူ့လက်ထဲမှ မီးခွက်ကို ဖူးကနဲ မှုတ်ပြီး ငြိမ်းလိုက်သည်။ ထိုအခါမှ ပတ်ဝန်းကျင်ကြီးတစ်ခုလုံးမှာ ခါတိုင်းထက်ပိုမှောင်သွားကာ ကောင်းကင်



မှ မှိန်ပြပြကြယ်အချို့သာ လင်းလက်၍နေလေသည်။ သူတို့ လှမ်းမြင်နေရသည့် အိမ်မြင့်မြင့်ကြီးမှာလည်း ကြယ်ရောင်မဝှံ့မရဲစိမ့်ဖြာကျနေသည့် အောက်မှာ ဧရာမဖားပြုတ်ကြီးတစ်ကောင်လို မည်းမည်းကုန်းကုန်းကြီးဖြစ်နေသည် ကိုတွေ့နေရသည်။

တစ်ဆက်ထဲမှာပဲ ခြံဝင်းကြီးအတွင်းမှ သရက်ပင်ကြီးများမကျည်းပင်ကြီးများလည်း ညအမှောင်အောက်မှာ ငိုက်မြည်းနေကြသလို တုတ်တုတ်မျှမလှုပ်ပဲ ငြိမ်သက်တိတ်ဆိတ်၍နေလေသည်။

တစ်ဖြည်းဖြည်းနှင့် သူတို့နှစ်ယောက်မှာ အိမ်ကြီး၏အနောက်ဖက်မှ မီးဖိုချောင်တံခါးမကြီး ဆီသို့ရောက်လာခဲ့ကြ၏။ ထိုမီးဖိုချောင်တံခါးကြီးမှာလည်း စောစောကသူတို့ ဖွင့်ပြီးထွက်လာခဲ့သည့် အတိုင်းပင် ပွင့်လျက်သားဖြစ်နေသည်။

ထို့နောက် သူတို့နှစ်ယောက်မှာ မည်းမှောင်နေသောအိမ်ကြီးအတွင်းသို့ စမ်းတဝါးဝါးနှင့်ဝင်လာ ခဲ့ကြရင်း အပေါ်ထပ်သို့တက်ရာလှေကားကြီး၏ ခြေရင်းသို့ရောက်လာခဲ့ကြသည်။

ထိုအချိန်မှာပဲ သူတို့ခြေလှမ်းတွေကို ခဏရပ်တန့်လိုက်ကြပြီး အပေါ်ထပ်မှ အသံဗလံတွေကို နားစွင့်ကြည့်လိုက်ကြ၏။

သို့သော် အိမ်ကြီး၏အပေါ်ထပ်တစ်ခုလုံးမှာကား ပကတိငြိမ်သက်ဆိတ်သုန်းလျက်ပင်ရှိနေ၏။ သည်လိုနှင့် မောင်ဒေါင်းတို့နှစ်ယောက်မှာ လှေကားထစ်များအတိုင်း တဖြည်းဖြည်းတက်သွားရင်း

www.burmeseclassic.com

www.burmeseclassic.com



လှေကားထိပ်မှ အဖုံးတံခါးကြီးကိုလည်း တွန်းပင့်ပြီး ဖွင့်လိုက်ကြလေသည်။

“ဟော့ကောင် ငါ့ဒေါင်း မင်းလက်ထဲက မီးခြစ်ကို အဆင်သင့်လုပ်ထား”

“အေးပါကွ”

စောဒီးမူး၏ သတိပေးစကားကြောင့် မောင်ဒေါင်းမှာ လက်ထဲက သစ်သားမီးခြစ်ကို ကျစ်ကျစ်ပါအောင် ဆုတ်ကိုင်ထားလေသည်။ အိမ်ကြီး၏ အပေါ်ထပ်တစ်ခုလုံးမှာလည်း ယ္မူတစ်ကြိမ်တက်လာကာမှ ပိုပြီးပင် မှောင်မိုက်နေသလိုထင်ရပြီး လင်းနို့ငှက်တွေက သူတို့နှစ်ယောက်၏ မျက်နှာနားမှကပ်ပြီး တစ်ဖျတ်ဖျတ်ဝဲပျံနေကြ၏။

တစ်ခါတစ်ရံ ကြမ်းပြင်ပေါ်မှ ဖယိုဖရဲ ကျဲပြန့်နေသည့် ဖန်ပုလင်းများ ဘူးများခွက်များကိုလည်း သူတို့ခြေထောက်တွေက တိုးမိတိုက်မိနေကာ လင်းနို့ချေးတွေ ဖုန်မှုန့်တွေကိုလည်း နင်းမိနေကြ၏။

“တစ်ချိန်တုန်းက ဒီအိမ်ကြီးမှာ ဘယ်လိုလူတွေနေသွားကြတယ် မသိဘူး။ တစ်အိမ်လုံး ပုလင်းတွေခွက်တွေက ပြည့်နေတာပဲ”

မောင်ဒေါင်းက နံရံကပ် ဘီရိုကြီးအတွင်းမှ ဖန်ခွက်တွေ ပုလင်းတွေကိုလက်ဖြင့် စမ်းမိရာမှ လှမ်းပြောလိုက်၏။ စောဒီးမူးကလည်း အမှောင်ထုအတွင်းမှာ အေးစက်စက်လဲလျောင်းနေသည့်



ကြေးဝါရောင်ကုတင်ကြီးကို ကြည့်ကာ…

“အေး…ပြီးတော့ ဟောဟို ကြေးကုတင်အဟောင်းကြီးကလည်း တော်ရုံလူတွေအိပ်နိုင်တဲ့ အသုံး အဆောင်ပစ္စည်းတစ်ခုတော့ မဟုတ်ဘူးကွ ငါ့အထင်ပြောရရင် တစ်ချိန်က ကြေးရည်တက် လူကုံထံတွေ ဘာတွေ အိပ်ခဲ့တဲ့ ကုတင်ကြီးပဲလားတော့ မသိဘူး”

တကယ်တော့ သူတို့နှစ်ယောက် ဒီအိမ်ကြီးဆီသို့ နောက်တစ်ကြိမ်ရောက်လာခဲ့ကြခြင်းမှာ အခြားအကြောင်း ကိစ္စများထက် ဒီအိမ်ကြီးပေါ်မှာရှိနေသည့် ပစ္စည်းပစ္စယာတွေကို စပ်စပ်စုစုလုပ်ချင်သည့်စိတ်က ပိုပြီးများနေမိကြသည်။

သူတို့နှစ်ယောက် ကြေးကုတင်ကြီးအနီးသို့တရွေ့ရွေ့ လျှောက်လာကြသည့်အချိန်မှာတော့ ပိုးချည်မျှင်တွေလိုလို ရှပ်ရှပ်ထွေးထွေးအရာတွေက သူတို့နှစ်ယောက်၏ မျက်နှာတွေကို တစ်ဖွားဖွား တစ်လွင့်လွင့်နှင့် တိုးဝင်လာလေသည်။

“ဟင် ဘာအမျှင်တွေလည်း”

ရုတ်တရက်ဆိုသလို သူတို့မျက်နှာကိုလာပြီးထိနေသည့် ရှပ်ရှပ်ထွေးထွေးအမျှင်တွေကို လက်နှင့် ကပျာကယာ ပွတ်သပ်၍ချလိုက်ကြ၏။

တစ်ချိန်ထဲမှာပဲ မောင်ဒေါင်းက သစ်သားမီးခြစ်ကို ချောက်ဆနဲ ခြစ်လိုက်ပြီး မီးခွက်ကိုထွန်းညှိလိုက်၏။ ထို့နောက်လက်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆုပ်ထားသည့် ရှပ်ရှပ်ထွေးထွေးအမျှင်တွေကို မီးရောင်ဖြင့် ကြည့်လိုက်လေရာ ထိုအမျှင်တွေက ပိုးချည်မျှင်တွေမဟုတ်ဘဲ ဆွေးမြေ့နေသည့် ဆံပင်ချည်တွေ ဖြစ်နေသည်ကို တအံ့သြတွေ့လိုက်ကြရလေသည်။

"ထို့ ရွံစရာကောင်းလိုက်တာ ဒီဆံပင်ချည်တွေက"

ချက်ချင်းဆိုသလို သူတို့နှစ်ယောက်၏ မျက်လုံးတွေက လက်ထဲမှာဆုပ်ကိုင်မိလျက်သားဖြစ်နေသည့် ဆံပင်ချည်တွေကို ဆောင့်ဆွဲလိုက်လေရာ ကြေးကုတင်အဟောင်းကြီး၏ ခြေရင်းဖက် ကုတင်တိုင်တွင် ရစ်ပတ်နေသော ဆံပင်အစုအထွေးကြီးက တစ်ဖြုတ်ဖြုတ်နှင့် ပြတ်ကုန်ကြ၏။

"ဟင်"

"ဘယ်နှယ့်ကြောင့် ဒီကုတင်ခြေရင်းဖက်မှာလာပြီး ဆံပင်ချည်တွေက အစုလိုက်အထွေးလိုက်ကြီး ရစ်ပတ်နေရတာလည်း ဒါမှမဟုတ် ဒီဖက်ကပဲ ခေါင်းရင်းလား"

တကယ်ဆို ဖြစ်ချင်းဖြစ်လျှင် ထိုဆံပင်တွေကုတင်၏ ခေါင်းရင်းဖက်မှ ကြေးပွတ်လုံးတိုင်းတွေမှာ ရစ်ပတ်နေသင့်သော်လည်း အခုတော့ ခြေရင်းဖက်မှ ကုတင်တိုင်တွေမှာ စုစုထွေးထွေးလာပြီး ရစ်ပတ်နေကြခြင်းက မောင်ခေါင်းနှင့် စောဒီးမူးတို့အဖို့ စဉ်းစားစရာတွေ ဖြစ်နေမိကြ၏။



သို့သော် ထိုသို့သော် မရေမရာစဉ်းစားစရာတွေက သူတို့ခေါင်းထဲမှာ ကြာကြာတွေးတောနေချိန် မရလိုက် ကုတင်ခြေရင်းမှ ကြမ်းပြင်ပေါ်မှ ပွဲကျဲပွင့်ဟနေသည့် ခေါက်ဖာအဟောင်းကြီးတွေဆီသို့ သူတို့ အကြည့်တွေရောက်သွားကြ၏။

ထိုထန်းခေါက်ဖာကြီးတွေက ဖုန်အလိမ်းလိမ်းတက်နေပြီး အတွင်းမှ အဝတ်အစားတွေကလည်း အပြင်သို့ ဖယိုဖရဲတစ်စစီ ထွက်နေကြကာ ကြမ်းပြင်ပေါ်မှ ဖိတ်တစ်ဝက်စင်တစ်ဝက်တွေဖြစ်နေကြ၏။

မောင်ခေါင်းနှင့်စောဒီးမူးတို့မှာလည်း နဂိုထဲက စပ်စပ်စုစုတွေနှင့် ဒီအိမ်ကြီးပေါ်ရောက်လာခဲ့ကြသူတွေပီပီ ထိုထန်းခေါက်ဖာအဟောင်းကြီးအတွင်းမှ ပစ္စည်းပစ္စယာတွေကို လှန်လှောပြီး ကြည့်ကြလေသည်။

"ဟင် အဝတ်အစားတွေပါလား"

ပြောပြောဆိုဆို မောင်ခေါင်းက ထိုဖာကြီးအတွင်းမှ အဝတ်အစားတွေကို တစ်ခုစီထုပ်ပြီး ကြည့်လေရာ အားလုံးက မိန်းကလေးအဝတ်အ စားများသာဖြစ်နေပြီး ထိုအဝတ်အစားများ၏ အောက်မှာတော့ စဉ့်နှင့်လုပ်ထားသည့် ကစားစရာဟူ၍မရှိ အားလုံးက ခေါက်ပြဲစွန်းထင်းနေပြီး ဖုန်တွေအလိမ်းလိမ်းနှင့် ဖြစ်နေသည်။

ထိုစဉ့်မှာပင်

www.burmeseclassic.com



မောင်ဒေါင်းက သူ့လက်ထဲမှ အင်္ကျီတစ်ထည်ကို သူ့ကိုယ်မှာ ဖျတ်ကနဲကပ်လိုက်ပြီး စပ်ဖြီးဖြီး အမူအယာနှင့်…

“ဟေ့ကောင် စောဒီးမူး ငါဒီအင်္ကျီလေးကိုဝတ်ပြီး လှပိုတို့ကျင်မောင်တို့ကို ဒီကနေလှမ်းပြီး ခြောက်ပြရင် အဲဒီနှစ်ကောင် ကြောက်ချေးပါမှာ အသေအချာပဲကွ”

ရုတ်တရက်အစအနောက်သန်သည့် မောင်ဒေါင်း၏ပေါက်ပေါက် ရှာရှာစိတ်ကူးကြောင့် စောဒီးမူးက အူတက်မတတ်ပင်ရယ်လိုက်ကာ–

“ဟား…ဟား…ဟား…ဟား ကောင်းတယ်ကောင်းတယ် မင်းက ဟောဟိုပြူတင်းပေါက်မှာ အဲဒီအင်္ကျီကိုဝတ်ပြီး မိန်းကလေးတစ်ယောက်လို မတ်တပ်ရပ်ပြနေလိုက် ငါက ဒီကောင်တွေ နှစ်ထပ်တန်း လျားဆောင်ဘက်ကနေဒီကို လှမ်းကြည့်အောင်လုပ်လိုက်မယ် ဟီး ဟီး”

ပြောပြောဆိုဆို စောဒီးမူးက ထန်းခေါက်ဖာကြီးအတွင်းမှာ တွေ့လိုက်ရသောစဉ်အိုးပုတ်လေးတစ်ခုကို အိမ်နံရံနှင့် ထုပြီးခွဲလိုက်၏။ မောင်ဒေါင်းကလည်း သူ့ကိုယ်မှ အင်္ကျီကိုကပျာကယာနှင့် ချွတ်ပစ်လိုက်ပြီး စောစောက မိန်းကလေးအင်္ကျီမှ ဖုန်တွေကို တဖျန်းဖျန်းနှင့် ခါရင်းဝတ်ဖို့ ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်



မောင်ဒေါင်းတစ်ဖျန်းဖျန်းနှင့်လွဲခါလိုက်သော အင်္ကျီမှကြယ်သီးလေးတစ်လုံးက လှေကားလက်ရန်းဖက်သို့ ဒေါက်ကနဲ ပြုတ်ထွက်လွင့်စင်သွားလေသည်။

ဒါကိုလည်း မောင်ဒေါင်းနှင့် စောဒီးမူးတို့က ပြန်ပြီးရှာဖွေနေဖို့ အချိန်မရှိ။ သူတို့အတွေးထဲမှာ လှပိုနှင့် ကျင်မောင်တို့ကို ခြောက်လှန့်ရန်သာစိတ်တွေက စောနေမိကြသည်။

ခဏအကြာ မောင်ဒေါင်း၏ ကိုယ်ပေါ်မှာ ထိုမိန်းကလေး အင်္ကျီလေးက ကျပ်ကျပ်သပ်သပ်နှင့် ဝတ်ဆင်ပြီးသွား၏။ စောဒီးမူးကလည်း သူ့လက်ထဲမှ အိုးပုတ်အကွဲအစအနတွေကို တစ်ဖက်မှ နှစ်ထပ်ဆောင်ဖက်သို့ ပစ်ပေါက်ရန် ပြူတင်းပေါက်ကြီးရှိရာဆီသို့ လျှောက်လာလေသည်။

ထိုအချိန်အထိ လှပိုတို့ကျင်မောင်တို့ရှိရာ အခန်းမှာလည်း မီးရောင်ကိုမြင်နေရလေရာ သူတို့နှစ်ယောက်ကြိုတင် စီစဉ်ထားသည့်အတိုင်း စောဒီးမူးကသူ့လက်ထဲမှ အိုးပုတ်အကွဲအစတွေနှင့် စပြီး ပစ်ပေါက်တော့၏။

“ဒေါက်”

ထိုသို့ ပစ်ပေါက်ပြီးသည်နှင့် တစ်ပြိုင်နက် စောဒီးမူးမှာ ကိုယ်ကို နံရံနှင့်ကပ်နေအောင် ပုန်းကွယ်နေလိုက်သဖြင့် တစ်ဖက်မှ လှမ်းကြည့်လိုက်လျှင် ပြတင်းပေါက်မှာ မားမားကြီးရပ်နေသည့်

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်သဏ္ဌာန်ကိုသာ တွေ့ရမှာဖြစ်လေသည်။

တစ်ဖက်ဆောင်မှ လှပိုနှင့်ကျင်မောင်တို့မှာလည်း အချိန်မတော်ကြီး နံရံကိုလာပြီး ထိမှန်နေသည့် ခဲအစအနတွေကြောင့် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ မင်သက်နေမိကြ၏။

"ဒေါက် ဒေါက်"

နောက်တစ်ကြိမ် နံရံကိုလာပြီး ထိမှန်သည့်အချိန်မှာပင် လှပိုနှင့် ကျင်မောင်တို့မှာ အခန်းအပြင်သို့ ဟိုဟိုဒီဒီကြည့်ရင်း ထွက်လာကြသည်။ သူတို့၏ မျက်နှာတွေပေါ်မှာလည်း တစ်စုံတစ်ရာကို ထိတ်လန့်တုန်လှုပ်နေကြသည့် အမူအယာတွေက အတိုင်းသား ပေါ်လွင်နေကြသည်ကို တစ်ဖက်မှ မတ်တပ်ရပ်ပြနေသော မောင်ဒေါင်းက လှမ်းမြင်နေရ၏။

ထိုအချိန်မှာပင်

"အား ဟို ဟိုမှာ"

ရုတ်တရက် သွေးပျက်မတတ်အော်လိုက်သော အသံကြီးနှင့်အတူ လှပိုမှာ နှစ်ထပ်ဆောင်၏ ဝရံတာပေါ်မှ အရုပ်ကြိုးပြတ်လဲကျသွား၏။

တစ်ချိန်ထဲမှာပဲ လှပို၏ဘေးမှ ကျင်မောင်မှာလည်း ရုတ်တရက် အသံနက်ကြီးနှင့် အော်ဟစ်ပြီး လဲကျသွားသော လှပိုကိုကောက်ယူပွေ့ဖက်လိုက်ပြီး...



"လှပို...လှပို မင်း မင်းဘာကိုမြင်လိုက်"

ထိုအချိန်မှာတော့ လှပိုမှာ ဘာစကားတစ်ခွန်းမှ မပြောနိုင်ရှာတော့ဘဲ တစ်ဖက်မှ နှစ်ထပ်အိမ်မြင့်မြင့် ကြီးဆီသို့သာ တုန်တုန်ယင်ယင်ဖြင့် လက်ညှိုးပြရင်း တစ်ကိုယ်လုံးပျော့ခွေ လွတ်ကျသွား၏။

ကျင်မောင်မှာလည်း လှပိုကို ပွေ့ပိုက်ထားရာမှ အိမ်ကြီးဆီသို့ ပြူးပြူးပျာပျာနှင့်လှမ်းကြည့်လိုက်၏။

ထိုအချိန်မှာပဲ တစ်ဖက်မှမတ်တပ်ရပ်ပြနေသည့် မောင်ဒေါင်းမှာလည်း သူ့ကိုမြင်ပြီး လှပို တစ်ယောက်အရုပ်ကြိုးပြတ်လဲကျသွားသည်နှင့် တစ်ပြိုင်နက် ပြတင်းပေါက်ကြီး၏အောက်သို့ လှစ်ကနဲငုံ့ကွယ် လိုက်လေသည်။

တကယ်တော့ လှပိုလက်ညှိုးထိုးပြလိုက်သည့်နေရာကား မောင်ဒေါင်းရပ်နေသည့် ပြတင်း ပေါက်မဟုတ်ပဲ ပြူတင်းပေါက်၏ အပေါ်မှ အိမ်ခေါင်းမိုးဆီသို့သာ ဖြစ်လေသည်။ ထိုအိမ်ကြီး၏ ခေါင်မိုးပေါ်မှာတော့...

ထဘီရင်လျားထားသော မိန်းမကြီးတစ်ယောက်လိုလို အလိုလိုကို ကျင်မောင်တစ်ယောက် ဗိုးတဝါးနှင့်လှမ်းမြင်လိုက်ရလေသည်။

"အား"

သတိုးတေဇ

www.burmeseclassic.com